www.facebook.com/themyawadydaily


# ရတနာပုံ

ဒို့တာဝန်အရေးသုံးပါး

❖ ပြည်ထောင်စုမပြိုကွဲရေး။

❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။

❖ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

yadanabonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

ခရစ်ဝပြည့်နှစ် ၊ နယုန်လဆန်း (၁၁) ရက် ၊ သောကြာနေ့ ၊ (25-5-2018) ၊ အတွဲ(၂၇)၊ အမှတ် (၀၂၅)


# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ထာဝရငြိမ်းချမ်းရေးစေတီတော် ရတနာအုတ်မြစ်တော်စီ မဟာမင်္ဂလာအခမ်းအနား တက်ရောက်ကြည်ညို



နိုင်ငံတော်ပြဂိုဒါစရိယ နေပြည်တော် ပျဉ်းမနားမြို့ မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကဝိသာရထံမှ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဧည့်ပရိသတ်များက ကိုးပါးသီလခံယူဆောက်တည်ကြစဉ်။

**နေပြည်တော် မေ ၂၄**

နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရာဇသင်္ဂဟလမ်း ကုံ့ကော်ပန်း အဝိုင်းအနီး၌ တည်ထားကိုးကွယ်မည့် ထာဝရငြိမ်းချမ်းရေးစေတီတော် ရတနာအုတ်မြစ်တော်စီ မဟာမင်္ဂလာအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် တက်ရောက်ကြည်ညို၍ ရတနာနဝရတ်ငွေကြုတ်တော် ထည့်သွင်းပူဇော်သည်။

အခမ်းအနားသို့ နိုင်ငံတော်ပြဂိုဒါစရိယ နေပြည်တော် ပျဉ်းမနားမြို့ မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကဝိသာရ(ဈေးကုန်း)ဆရာတော် အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်အတူ ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ပြည်ထောင်စုဝန်ကြီးများ၊

**စာမျက်နှာ ၁၆ ကော်လံ ၁ သို့**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် အဌမပုံမှန်အစည်းအဝေး စတုတ္ထနေ့ ကျင်းပ စာမျက်နှာ - ၁၈

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ကျေးရွာ ၁၄ ရွာ သောက်သုံးရေရရှိရေး ငွေကျပ်သန်း ၁၀၀ ခန့် အကုန်အကျခံ ဆောင်ရွက်ပေး စာမျက်နှာ - ၃

| မြို့ | အနိမ့်ဆုံးအပူချိန် | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၅°C | / | ၃၈°C |
| ရန်ကုန် | ၂၄°C | / | ၃၇°C |
| မန္တလေး | ၂၆°C | / | ၃၉°C |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

# မန္တလေးတိုင်းဒေသကြီးအတွင်း ဘတ်ဂျက်သုံးစွဲမှုအရ ယခုဘဏ္ဍာနှစ် ပထမဦးစားပေးလုပ်ငန်းများသာ လုပ်ဆောင်နိုင်မည်

**မန္တလေး မေ ၂၄**

မန္တလေးတိုင်းဒေသကြီးအတွင်း ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွက် ဆောင်ရွက်မည့် ဌာနအလိုက် လုပ်ငန်းစဉ်များအနေဖြင့် ပထမဦးစားပေးလုပ်ငန်းများကိုသာ လုပ်ဆောင်နိုင်မည်ဟု တိုင်းဒေသကြီး စီးပွားရေးနှင့်စီမံကိန်းဝန်ကြီး ဦးမြတ်သူက ပြောပြ၍ သိရသည်။

တိုင်းဒေသကြီးအတွင်း ဌာနဆိုင်ရာလုပ်ငန်းစဉ်များအလိုက် ပထမ၊ ဒုတိယ၊ တတိယဦးစားပေး လုပ်ငန်းများကို ခွဲခြားရာတွင် ပြည်ထောင်စုမှ ရရှိသော ထောက်ပံ့ငွေကြေးအခြေအနေအရ ပထမဦးစားပေးလုပ်ငန်းများကိုသာ ဆောင်ရွက်နိုင်မည့် အခြေအနေဖြစ်သည်ဟု တိုင်းဒေသကြီးဝန်ကြီးက ပြောကြားသည်။

**စာမျက်နှာ ၁၆ ကော်လံ ၅ ■**



မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အကောင်အထည်ဖော်လျက်ရှိသော အိမ်ရာများကို တွေ့ရစဉ်။

www.facebook.com/themyawadydaily

ရတနာပုံ
၂၀၁၈ခုနှစ် မေ ၂၅ရက်
အယ်ဒီတာ့အာဘော်

# ကျောင်းနေအရွယ် ကျောင်းအပ်နှံရေး

ယနေ့သည် ၂၀၁၈-၂၀၁၉ ပညာသင်နှစ်အတွက် ကျောင်းအပ်နှံရေးနေ့ဖြစ်သည်။ ကျောင်းနေအရွယ် ကလေးတိုင်း ကျောင်းသို့ရောက်ရှိစေရေးအတွက် မိဘများသာမက ဆရာ၊ ဆရာမနှင့် ပြည်သူအားလုံးက ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်သည်။ မိမိ၏ရင်သွေးများကို ကျောင်းနေပျော်၍ စာတော်စေရန် ဝိုင်းဝန်းကြိုးပမ်းပေးရမည်ဖြစ်သည်။

နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုသည် ထိုနိုင်ငံ၏ စာတတ်မြောက်မှုအပေါ်တွင် မူတည်ပေသည်။ နိုင်ငံနှင့် လူမျိုးဖွံ့ဖြိုးတိုးတက်ရေး၏ အခြေခံအုတ်မြစ်သည် ပညာရေးဖြစ်သည်။ အခြေခံအုတ်မြစ်ခိုင်မာပါမှ အဆောက်အအုံရေရှည်တည်တံ့သကဲ့သို့ ပညာရေးအခြေခံအုတ်မြစ် ခိုင်မာပါမှ နိုင်ငံဖွံ့ဖြိုးတိုးတက်ပြီး ရေရှည်တည်တံ့မည်ဖြစ်သည်။

ယနေ့လူငယ်များသည် နောင်အနာဂတ်တွင် နိုင်ငံတော်ကိုဦးဆောင်ဦးရွက်ပြုမည့်သူများဖြစ်သည်။ ထိုလူငယ်များကို နိုင်ငံတကာနှင့်ရင်ပေါင်တန်းနိုင်စေရေးအတွက် အသိပညာ၊ အတတ်ပညာများ နားလည်တတ်ကျွမ်းအောင်သင်ယူစေရမည်ဖြစ်သည်။ ဉာဏ်ပညာမြင့်မားရေးကို လေ့ကျင့်ပျိုးထောင်ပေးရမည်။ အသိပညာရှင်၊ အတတ်ပညာရှင်ဖြစ်လာစေရေးအတွက် စတင်ပြုစုပျိုးထောင်ပေးရမည်မှာ ကျောင်းနေအရွယ်ကလေးငယ်များဖြစ်သည်။ ကလေးငယ်များကို ငယ်စဉ်ကတည်းက ပညာသင်ကြားလိုစိတ်၊ သင်ယူလိုစိတ်ဖြစ်အောင် မွေးမြူပေးရမည်။ သူတို့၏ဘဝကို ပညာဖြင့်တည်ဆောက်နိုင်ရန် ပညာသံမဏိစိတ်ဓာတ်များ နှလုံးသားတွင် ကိန်းတည်နေအောင် စိတ်ဓာတ်ခွန်အားမြှင့်တင်ပေးရမည်ဖြစ်သည်။

၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် ငါးနှစ်အရွယ်ကလေးငယ်များကို သူငယ်တန်း(KG) သို့ အပ်နှံရန်၊ ခြောက်နှစ်အရွယ်ကလေးငယ်များကို ပထမတန်း(Grade-1)သို့အပ်နှံရန် ပညာရေးဝန်ကြီးဌာနက အသိပေးကြေညာချက်ထုတ်ပြန်ထားပြီးဖြစ်သည်။ ထို့ပြင် မိဘအုပ်ထိန်းသူပြည်သူများသို့လည်း မေတ္တာရပ်ခံချက်ထုတ်ပြန်ထားသည်။ မိဘများအနေဖြင့် မိမိသားသမီးကို ပူးပေါင်းဆောင်ရွက်တတ်၍ တာဝန်ယူတာဝန်ခံဆောင်ရွက်တတ်သော တီထွင်ကြံဆနိုင်စွမ်းရှိသည့် လူသားကောင်းများဖြစ်လာစေရန်အတွက် ကျောင်းအုပ်ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ပါရန် ကျောင်းသား၊ ကျောင်းသူများ ကျောင်းတက်မှန်ရေးနှင့် အိမ်စာမှန်မှန်လုပ်ဆောင်ရေးအတွက် မိဘများကကြီးကြပ်၍ ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းပေးရန်၊ ကျောင်းသန့်ရှင်းရေးလုပ်ငန်းများနှင့် ကျောင်းဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်တတ်စေရေး မိမိသားသမီးများကို တိုက်တွန်းအားပေးပါရန်၊ မိဘဆရာအသင်းနှင့် ကျောင်းဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ပါရန်၊ မိဘများအနေဖြင့်ကျောင်းဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အကြံပြုကြပါရန် စသည်ဖြင့် မေတ္တာရပ်ခံချက်ထုတ်ပြန်ကာ ပညာရေးကဏ္ဍတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ရာ ပညာရေးဝန်ကြီးဌာနအနေဖြင့် ကျောင်းထွက်နှုန်းလျော့နည်းပြီး ကျောင်းနေမြဲနှုန်း အတန်းကူးပြောင်းနှုန်းနှင့် သင်ယူပြီးမြောက်နှုန်းပိုမိုမြင့်မားအောင် အလေးထားကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ အဆင့်တိုးကျောင်းများအတွက် စာသင်ဆောင်၊ ပရိဘောဂ၊ သင်ထောက်ကူပစ္စည်းများနှင့် ဆရာ၊ ဆရာမလိုအပ်ချက်များကို နိုင်ငံတော်ကဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ကြောင့် ကျောင်းနေအရွယ် ကျောင်းအပ်နှံရေးအပြင်၊ ကျောင်းသား၊ ကျောင်းသူများ ကျောင်းထွက်နှုန်းလျော့ပါးအောင် မိဘ၊ ဆရာနှင့် ပြည်သူအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ကြစေလိုကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

## မသန်စွမ်းအမျိုးသမီးခေါင်းဆောင်မှုမြှင့်တင်ရေး ( ၂/ ၂၀၁၈ ) သင်တန်းဖွင့်

**မန္တလေး မေ ၂၄**

မြန်မာနိုင်ငံ မသန်စွမ်းသူများအသင်းချုပ် မသန်စွမ်းအမျိုးသမီး မိန်းကလေးငယ်များနှင့် ကလေးသူငယ်များ မူလအခွင့်အရေးကော်မတီ ကကြီးမှူး၍ မသန်စွမ်းအမျိုးသမီးခေါင်းဆောင်မှုမြှင့်တင်ရေး (၂/၂၀၁၈)သင်တန်းဖွင့်ပွဲကို မေ ၂၃ရက် နံနက် ၉နာရီ မိနစ်၃၀က မန္တလေးတိုင်းဒေသကြီး မသန်စွမ်းသက်ငယ် သင်တန်းကျောင်း တေးဂီတအခန်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေ့ဦးစွာ လူမှုဝန်ထမ်းဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး မသန်စွမ်းသက်ငယ် သင်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ဂျေဆင်သားက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ်အဖွဲ့ဝင် မန္တလေးတိုင်းဒေသကြီးမသန်စွမ်း အမျိုးသမီးကော်မတီဥက္ကဋ္ဌ ဒေါ်ခင်မျိုးစုက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဒါနရှေ့ဆောင် မြန်မာအစီအစဉ် ညွှန်ကြားရေးမှူး ဒေါ်နွေနွေထွန်းက ခေါင်းဆောင်မှုခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဒါနရှေ့ဆောင်မြန်မာအကြီးတန်း အစီအစဉ်အရာရှိ ဒေါ်ကတ်သရင်းခင်က ကျား၊ မရေးရာတန်းတူညီမျှမှုနှင့် CEDAW ခေါင်းစဉ်ဖြင့်လည်းကောင်း ပို့ချခဲ့ကြသည်။

အဆိုပါသင်တန်းသည်မသန်စွမ်းသူများ၏အခွင့်အရေးဥပဒေ၊ ကုလသမဂ္ဂ မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာသဘောတူစာချုပ်အပါအဝင် မသန်စွမ်းအမျိုးသမီးခေါင်းဆောင်မှုမြှင့်တင်ပေးသော သင်တန်းဖြစ်ကြောင်းသိရသည်။ သင်တန်းကာလမှာ မေ ၂၃ရက်မှ ၂၇ရက်ထိဖြစ်ကြောင်း သိရသည်။ (၁၈၅)

## မန္တလေးသရက်သီးပွဲတော်တွင် သရက်သီးတစ်လုံးလျှင် ငွေကျပ် ၁၀တန်ဖြင့် ရောင်းချခဲ့သည့်ငွေများကို ကုသိုလ်တော်ဘုရားသို့ လှူဒါန်း



**မန္တလေး မေ ၂၄**

မန္တလေး အောင်မြေသာစံမြို့နယ် ကုသိုလ်တော်ဘုရားအနီးကျင်းပခဲ့သော သရက်သီးပွဲတော်တွင် ယခုနှစ် မေ ၂၂ရက် ညနေ ၄နာရီမှစတင်၍ စိန်တလုံး သရက်သီးတစ်လုံးလျှင် ငွေကျပ် ၁၀တန်ဖြင့် ရောင်းချပေးခဲ့ရာ ရောင်းရငွေများကို ယနေ့နံနက်ပိုင်းက ကုသိုလ်တော်ဘုရားသို့ လှူဒါန်းခဲ့ကြောင်း မြန်မာ့သရက်ဈေးကွက်နှင့် နည်းပညာဖွံ့ဖြိုးရေးအသင်းမှ သိရသည်။

မြန်မာ့သရက် ကမ္ဘာ့ဈေးကွက် သရက်သီးပွဲတော်တွင် စိန်တလုံး သရက်သီးတစ်လုံးလျှင် ငွေကျပ် ၁၀တန်ဖြင့် ရောင်းချမှုတွင် သရက်သီး ၉၁၃၅လုံး ရောင်းချခဲ့ရကြောင်း၊ စိန်တလုံးသရက်သီးတစ်လုံးလျှင် ငွေကျပ် ၁၀၀ဖြင့် တွက်ချက်မည်ဆိုပါက ငွေကျပ် ကိုးသိန်းကျော်ဖိုး ရောင်းချပေးခဲ့ခြင်းဖြစ်ကြောင်း၊ ငွေကျပ် ကိုးသိန်းကျော်ဖိုး သရက်သီးများကို ၁၀ကျပ်တန် ၉၁၃၅ရွက် စုစုပေါင်း ငွေကျပ် ၉၁၃၅၀ဖြင့် ရောင်းချပေးခဲ့ခြင်းဖြစ်ကြောင်း သရက်သီးရောင်းချပေးသူအချို့က ပြောပြသည်။

"သရက်သီးဈေးပွဲတော်ကို မေ ၂၀ရက်၊ ၂၁ရက်၊ ၂၂ရက်မှာလုပ်ခဲ့ပါတယ်။ နောက်ဆုံးရက်မှပျော်စေချင်တဲ့ဆန္ဒရယ်၊ အခုခေတ်ကလေးတွေ ဗိုလ်ချုပ်အောင်ဆန်းပုံပါတဲ့ ငွေကျပ် ၁၀တန်မြင်ဖူးအောင်လို့ရယ်၊ စိန်တလုံး သရက်သီးတစ်လုံးကို ငွေကျပ် ၁၀နဲ့ ဝယ်စားလို့ရအောင် ရောင်းချပေးခဲ့တာပါ။ ပျော်လဲပျော်ရအောင်၊ အသစ်အဆန်းလေးဖြစ်အောင် ဘုရားအလှူငွေလဲထည့်ဝင်ပြီးလဲဖြစ်အောင် ရောင်းချပေးတာပါ" ဟု မြန်မာ့သရက်ဈေးကွက်နှင့် နည်းပညာဖွံ့ဖြိုးရေးအသင်းဥက္ကဋ္ဌ ဦးကိုကိုက ပြောပြသည်။

ငွေကျပ် ၁၀တန်များမှာ ဗိုလ်ချုပ်ပုံပါ အပြာရောင် လေးရွက်၊ ဗိုလ်ချုပ်ပုံပါ အနီရောင်တစ်ရွက်၊ ဗိုလ်ချုပ်ပုံပါ (ပုံကြီး) အနီရောင် ၂၀၇၉ရွက်၊ ခြင်္သေ့ပုံပါ အပြာရောင် ၇၀၅၁ရွက် စုစုပေါင်း ငွေကျပ် ၁၀တန် ၉၁၃၅ ရွက်ကို လှူဒါန်းခဲ့ခြင်းဖြစ်သည်။

အဆိုပါငွေကျပ် ၁၀တန်များအပြင် မြန်မာ့သရက်ဈေးကွက်နှင့်နည်းပညာဖွံ့ဖြိုးရေးအသင်းက ငွေကျပ် ၁၅၀၀၀၀ကို လှူဒါန်းခဲ့ခြင်းဖြစ်သည်။

မြန်မာ့သရက်ဈေးကွက်နှင့် နည်းပညာဖွံ့ဖြိုးရေးအသင်းသည် နှစ်စဉ် အရည်အသွေးမြင့် သရက်သီးများ ပိုမိုများပြားလာရန်အတွက် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ သရက်စိုက်ပျိုးသူများကို သရက်စိုက်ပျိုးနည်းများ၊ နည်းပညာများ အသိပညာပေးလျက်ရှိပြီး ဈေးကွက်ရရှိစေရန် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **သော်တာ**

## ဆိုင်ကယ်ဈေးကွက်အတွင်း အရစ်ကျရောင်းချမှုအားကောင်းလာပြီး ကားဈေးကွက်တွင် အရောင်းအဝယ် ပုံမှန်ဖြစ်လာ

**မန္တလေး မေ ၂၄**

မန္တလေးဆိုင်ကယ်ဈေးကွက်အတွင်း အရစ်ကျရောင်းချမှုများအားကောင်းလာမှုကြောင့် အရစ်ကျစနစ်ပို၍ အရောင်းအဝယ်ဖြစ်နေပြီး လက်ငင်းရောင်းချရမှု အရောင်းအဝယ် အေးနေဆဲဖြစ်ကြောင်း မန္တလေးဆိုင်ကယ်ဈေးကွက်အတွင်းမှ သိရသည်။

ယခုတစ်ပတ်အတွင်း တရုတ်နိုင်ငံလုပ် ဆိုင်ကယ်ဈေးနှုန်းများမှ 110 အင်ဂျင်ပါဝါအမျိုးအစားများမှာ ငွေကျပ် လေးသိန်းခုနစ်သောင်းမှ ခြောက်သိန်းငါးသောင်းခန့်၊ 125(ရှပ်ဆိုး/CZI) အမျိုးအစားများမှာ ငွေကျပ် ငါးသိန်းမှခုနစ်သိန်းခန့်ရှိကြောင်း သိရသည်။

မန္တလေးဆိုင်ကယ်ဈေးကွက်တွင် ယခင်နှစ်များက ကျောင်းဖွင့်ချိန်တွင် အရောင်းအဝယ်ကောင်းလေ့ရှိသော်လည်း ယခုအခါ အရောင်းအဝယ်အေးနေဆဲဖြစ်သဖြင့် စောင့်ကြည့်ရမည်ဖြစ်ကြောင်း သိရသည်။

ထိုင်းနိုင်ငံလုပ် အော်တိုဂီယာ Click ဘီးများမှာ ငွေကျပ် ၂၃သိန်းရှစ်သောင်းခန့်၊ အနီမ့်ဘီးClick များသည် ငွေကျပ် ၁၃သိန်းငါးသောင်းမှ၁၆သိန်းခန့်၊ ထိုင်းနိုင်ငံလုပ် Scoopy အမျိုးအစားဘီးများသည် ငွေကျပ်၁၃သိန်းမှ ၂၃သိန်းခန့်ရှိကြောင်း သိရသည်။

ကားဈေးကွက်အတွင်း အခွန်အပြောင်းအလဲကို စောင့်ကြည့်မှုများနှင့် မူဝါဒမတည်ငြိမ်မှုများကြောင့် အရောင်းအဝယ်အေးခဲ့ရာမှ ယခုအခါအခွန်ဥပဒေ ထွက်ရှိလာပြီဖြစ်သောကြောင့် အမှန်တကယ်ကားလိုအပ်သူများ ဝယ်ယူလာကြသဖြင့် အရောင်းအဝယ် ပြန်ဖြစ်လာကြောင်း သိရသည်။

စလစ်ဈေးကွက်အတွင်း၌ သက်တမ်း နှစ် ၂၀ အမည်ပေါက်စလစ်သည် ငွေကျပ် ၁၁၈သိန်း၊ တိုက်ကြေစလစ်ငွေကျပ် ၁၁၅သိန်း၊ စက်မှုဇုန်ထုတ် လူစီးစလစ် ငွေကျပ် သိန်း၁၁၀၊ တက္ကစီစလစ်သည် ငွေကျပ် ၁၀၅သိန်းခန့် ဈေးပေါက်လျက်ရှိကြောင်း သိရသည်။

ကားဈေးကွက်အတွင်း အရောင်းအဝယ်အေးနေခဲ့သည့် မီနီထရပ် (ခွေးဘီလူး)ကားများ ယခုအခါ အရောင်းအဝယ် ပြန်ဖြစ်လာပြီး Suzukiအမျိုးအစားများမှာ ငွေကျပ် ၇၅ သိန်းမှ သိန်း၈၀ခန့်၊ Hijet ငွေကျပ် ၈၅သိန်းမှ သိန်း ၁၀၀ခန့် ရှိနေပြီးငွေကျပ်သိန်း၈၀မှသိန်း၉၀ ခန့်ခွေးဘီလူးကားများ အရောင်းအဝယ်ဖြစ်နေကြောင်း မန္တလေး ကားဈေးကွက်အတွင်းမှ သိရသည်။ (၁၇၃)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းမှူးချုပ်-၀၉-၇၉၇၅၀၂၃၈၈၊စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့် ၂၉-၃၀လမ်းကြား-၀၂-၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၃၆၄၂၂၊ E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈၀ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

www.facebook.com/themyawadydaily

ခရီးသွားဆောင်းပါး

# မင်းတပ်မြို့က မြို့ဦးသာသနာ့ရိပ်သာကျောင်း

သက်နိုင်(မြင်ဦးလွင်)

မင်းတပ်မြို့ကို လှမ်းမြင်နေရပါပြီ။ ညနေ နေဝင်သွားပြီမို့ မင်းတပ်မြို့မှာ လျှပ်စစ်မီးတွေထွန်းထားကြတာကိုလဲ တွေ့နေရတယ်။ မြို့ကိုရောက်ဖို့အတွက်တော့ ကြီးမားနက်ရှိုင်းတဲ့ လျှိုမြောင်ကြီးတစ်ခုကို တောင်ပတ်လမ်းအတိုင်း ကွေ့ကောက်တက်ရဦးမယ်။ တောင်ပတ်လမ်းကနေ ဆင်း၊ တက်နေကြတဲ့ ကားတချို့ကိုလဲ ကားမီးရောင်တွေနဲ့ မြင်နေရတယ်။ တောင်ပတ်လမ်းဆုံးရင်တော့ မင်းတပ်မြို့ထဲကို ရောက်ပြီထင်တယ်။

လေ့ချမ်းရွာကနေ ထွက်လာပြီးကတည်းက ကားတွေက လမ်းကောင်းရင်ကောင်းသလို မောင်းနေကြတာမို့ ကျောက်ထုမြို့အဝင်မှာ တစ်ခါ၊ ထီးလင်းလမ်းဆုံမှာတစ်ခါ၊ မင်းတပ်မြို့နယ်အစ နယ်စပ်ဆိုင်းဘုတ်ကြီးမှာ တစ်ခါ၊ အခု ဓာတ်ဆီဖြည့်ကြရင်း 'ကြီးလေးကြီး' ဓာတ်ဆီဆိုင်မှာတစ်ခါ တစ်စီးနဲ့တစ်စီးစောင့်နေကြရပေမယ့် ဆက်ထွက်လာကြတော့ ကားတန်းကိုတစ်စီးနဲ့ တစ်စီး မျက်ခြည်ပြတ်မခံကြတော့ဘဲ တန်းစီပြီးမောင်းကြရတော့တယ်။ ညကလဲ မှောင်နေပြီဖြစ်ပြီး ညအိပ်တည်းခိုရမယ့် ဘုန်းတော်ကြီးကျောင်းကိုလဲ မသိကြသေးတာကြောင့်ပါ။

ရှည်လျားတဲ့ တောင်ပတ်လမ်းအတိုင်းတက်လာကြပြီး မကြာခင်မှာ 'မင်းတပ်မြို့မှ လှိုက်လှဲစွာကြိုဆိုပါ၏' ဆိုတဲ့ ဆိုင်းဘုတ်ကို လမ်းရဲ့ညာဘက်မှာတွေ့လိုက်ရတယ်။ လမ်းတွေက ပြုပြင်နေဆဲမို့ ကားကိုဖြည်းဖြည်းမောင်းတက်နေကြရပေမယ့် ဆိုင်းဘုတ်က ဘယ်နေရာမှာရှိနေတယ်ဆိုတာကို ကြိုတင်မသိထားတာရယ်၊ ကားမောင်းနေတာရယ်၊ ညမှောင်နေတာရယ်ကြောင့် ဓာတ်ပုံမရိုက်ဖြစ်ခဲ့တော့ဘူး။ နေ့ခင်းနေ့လယ် လင်းလင်းကျင်းကျင်းနဲ့ ကားတစ်စီးနဲ့တစ်စီးဝေးနေဦးမယ်ဆိုရင် ကားကိုခဏလောက်ရပ်ခိုင်းပြီး မြို့အဝင်ဆိုင်းဘုတ်ကို ဓာတ်ပုံရိုက်ဖြစ်ခဲ့ဦးမှာပါ။

မြို့အဝင်ဆိုင်းဘုတ်ကိုကျော်လာပြီး အကွေ့တစ်ကွေ့တက်ပြီးတာနဲ့ မင်းတပ်မြို့ထဲကို ရောက်လာကြပါပြီ။ လမ်းဘေးမှာ အိမ်လေးတွေ၊ ဈေးဆိုင်ငယ်လေးတွေ တချို့ကိုတွေ့နေရတယ်။ ဒါပေမဲ့ တံခါးတွေပိတ်ထားကြတာက များပါတယ်။ မင်းတပ်မြို့ထဲကို ဝင်လာပြီဆိုပေမယ့် မြင်ဦးလွင်၊ တောင်ကြီး၊ ကလောစတဲ့မြို့တွေလို လမ်းတွေက ညီညာဖြောင့်တန်းမနေဘဲ အကွေ့အကောက်၊ အတက်အဆင်းတွေများနေတုန်းပါ။ မြို့တွင်း ကတ္တရာလမ်းတွေကလဲ တခြားတောင်ပေါ်မြို့တွေမှာလို ကောင်းကောင်းမွန်မွန်မရှိသေးပါဘူး။

ကားတွေက အတက်တစ်ခုကိုတက်၊ အကွေ့တစ်ခုကိုကွေ့၊ အဆင်းလမ်းကြားတစ်ခုထဲ ဆင်းဝင်လာပြီးမှ တည်းခိုရမယ့် ဘုန်းတော်ကြီးကျောင်းကို ရောက်လာတယ်။ ကျောင်းအမည်က "မြို့ဦးသာသနာ့ရိပ်သာကျောင်း"ပါ။ ဘုန်းတော်ကြီးကျောင်းထဲမှာ အဆောက်အအုံတွေများပေမယ့် ကျောင်းဝင်းက ကျဉ်းနေလို့ ကားတွေကိုတစ်စီးပြီးတစ်စီး ဝင်လိုက်ထွက်လိုက်လုပ်၊ သေသေချာချာစနစ်တကျ တန်းစီနေရာယူကြရတယ်။ ကားတွေအားလုံးကိုဖြစ်သလို ရပ်လိုက်ကြမယ်ဆိုရင် ကျောင်းဝင်းနဲ့ မဆံ့တဲ့အပြင် လူတွေသွားရလာရခက်ခဲသွားနိုင်ပြီး နောက်တစ်နေ့မနက်မှာလဲ ကားတွေပြန်ထွက်ရင် အခက်အခဲရှိလာနိုင်လို့ပါ။

မြို့ဦးသာသနာ့ရိပ်သာကျောင်းကိုရောက်တော့ ည ၇နာရီလောက်ရှိနေပါပြီ။ ကျောင်းဝင်းထဲနဲ့ ကျောင်းဆောင်တွေထဲမှာ လျှပ်စစ်မီးတွေ လင်းနေပေမယ့် အစိုးရလျှပ်စစ်မီးလား၊ အင်ဂျင်မီးစက်နှိုးထားတာလားဆိုတာကိုတော့ မသိရသေးပါဘူး။ ဒီကျောင်းမှာ တစ်ညတာတည်းခိုအိပ်စက်ကြရမှာမို့ ခရီးစဉ်ပါအဖွဲ့ဝင်အမျိုးသား၊ အမျိုးသမီးတွေကို ကျောင်းဆောင်တွေ ခွဲခြားပြီး နေရာချပေးရသေးတယ်။ အဆောင်ကိုယ်စီမှာ အားလုံးနေရာယူပြီးကြတော့ ည ၈နာရီထိုးနေပါပြီ။ ဘုန်းတော်ကြီးကျောင်းမှာ သိမ်ကျောင်းဆောင်တစ်ခု၊ သစ်သားနှစ်ထပ်ဆောင်တစ်ခု၊ အုတ်နှစ်ထပ် ကျောင်းဆောင်တစ်ခုရှိနေလို့ တည်းခိုအိပ်စက်ကြဖို့ အဆင်ပြေသွားတယ်။

ညစာထမင်းကို ဘယ်လိုစားရမယ်ဆိုတာ စုံစမ်းကြည့်တော့ ကျောင်းကချက်ပြုတ်ကျွေးမွေးမယ်လို့ သိရတယ်။ ကျောင်းမှာရှိနေတဲ့ ဝေယျာဝစ္စအဖွဲ့တွေကလဲ မီးမွေးသူမွေး၊ ဟင်းသီးဟင်းရွက်လှီးသူကလှီးနဲ့ လုပ်ကိုင်နေကြတာကိုကြည့်ရင်း သူငယ်ချင်းကိုသိန်းဝင်းက "သူတို့တွေချက်ပြုတ်နေရင် ကြာဦးမယ်ထင်တယ်။ ငါတို့နှစ်ယောက် ဟိုနားဒီနားလမ်းလျှောက်ရင်း အဆာပြေ တစ်ခုခုစားကြရအောင်"ဆိုတာနဲ့ ဘုန်းကြီးကျောင်းဝင်းထဲကနေ သူငယ်ချင်းနှစ်ယောက် လမ်းလျှောက်ထွက်လာခဲ့ကြတယ်။

မင်းတပ်မြို့မှာ လမ်းလျှောက်ရတာမလွယ်ကူပါဘူး။ ကျောင်းထဲကနေ ထွက်လာလာချင်း ကုန်းအတက်



မင်းတပ်မြို့က မြို့ဦးသာသနာ့ရိပ်သာကျောင်းကို တွေ့ရစဉ်။

မော့မော့တစ်ခုကို လျှာထွက်မတတ်တက်ခဲ့ရတယ်။ ကျောင်းရှေ့လမ်းမှာ ကျောက်ခဲကြမ်းတွေလဲရှိ၊ လမ်းမီးခေတ်တိုင်အားကလဲ အလင်းရောင်ဖျော့ဖျော့မို့ လမ်းကိုသတိထားလျှောက်နေရတယ်။ နှစ်ယောက်သား လမ်းသာလျှောက်လာခဲ့ကြတာ ဘယ်နေရာမှာ ဘာဆိုင်တွေရှိနေလို့ ဘာဝယ်စားကြရမှန်းမသိရသေးပါဘူး။ လမ်းတစ်လျှောက်ဆိုင်တွေ၊ အိမ်တွေကလဲ ပိတ်နေကြတာများပါတယ်။ အိမ်တွေ၊ ဆိုင်တွေပိတ်ထားကြသလို လမ်းမှာမေးမြန်းစုံစမ်းရမယ့် လူတွေကို မတွေ့ရဘူးဖြစ်နေတယ်။ လမ်းကွေ့တစ်ခုရောက်လာမှ ခပ်လှမ်းလှမ်းကနေ မျက်နှာချင်းဆိုင် လမ်းလျှောက်လာကြတဲ့ လူငယ်နှစ်ယောက်ကိုတွေ့လို့ သူတို့ကို မေးကြည့်တော့ သူတို့လဲ အခုမှရောက်လာကြတဲ့ လမ်းလုပ်သားတွေဖြစ်ကြောင်းနဲ့ လမ်းဦးစီးရုံးက ဘယ်နေရာမှာလဲ ပြန်မေးနေလို့ "ငါတို့လဲ အခုမှရောက်လာတဲ့ ဧည့်သည်တွေမသိဘူးကွာ"လို့ ပြောပြီး ဆက်ထွက်ခဲ့ကြတယ်။ ဘာမှမသိတဲ့သူတွေအချင်းချင်း တိုက်တိုက်ဆိုင်ဆိုင်လာကြုံခဲ့ကြရတာပါ။

ဘာပဲဖြစ်ဖြစ် နှစ်ယောက်သား ရှေ့ဆက်လမ်းလျှောက်လာကြတော့မှ လမ်းကြားငယ်တစ်ခုထဲကနေ ညပိုင်းကျူရှင်ဆင်းလာကြတယ်လို့ထင်ရတဲ့ ကျောင်းသား၊ ကျောင်းသူတစ်သိုက်ကို တွေ့လိုက်ရလို့ သူတို့ကိုပဲမေးရတော့တယ်။ ကလေးတွေရဲ့ ပြောပြချက်အရ ဒီလမ်းအတိုင်းဆက်လျှောက်သွားပြီး ရှေ့နားက ဘောလုံးကွင်းကိုကျော်ရင် စားသောက်ဆိုင် တစ်ဆိုင်ရှိတယ်လို့ သိရတယ်။ "ဝေးသေးလား"လို့ မေးကြည့်တော့ "မဝေးတော့ဘူး"လို့ ဆိုတာနဲ့ သူတို့ပြောတဲ့အတိုင်းပဲ ရှေ့ဆက်လျှောက်လာခဲ့ကြတယ်။ လမ်းကအနည်းငယ်ကောင်းလာခဲ့ပေမယ့် လမ်းမီးရောင်တွေကတော့ မှိန်ဆဲ၊ အိမ်တွေက ပိတ်နေဆဲပါ။

ကလေးတွေပြောလိုက်တဲ့အတိုင်းပဲ ဘောလုံးကွင်းအကျော်မှာ မီးလင်းနေတဲ့ ဆိုင်တစ်ဆိုင်နဲ့အတူဆိုင်ရှေ့မှာလဲ ဆိုင်ကယ်တွေရပ်ထားတာကို တွေ့မြင်နေရလို့ နှစ်ယောက်သားအားတက်သွားပြီး လမ်းဆက်လျှောက်လာခဲ့ကြတယ်။ ဆိုင်ကိုမြင်ရတော့ ဗိုက်ကလဲ အလိုက်တသိနဲ့ဆာလာတာမို့ ကြိုးစားပမ်းစားနဲ့ ခပ်မြန်မြန် ခပ်သွက်သွက်လျှောက်ခဲ့ကြပြီးမှ ဆိုင်ရှေ့ရောက်တော့ မောရတော့တာပါ။ ဆိုင်ကလူသုံးယောက်တည်း ထိုင်နေတဲ့ အရက်ဆိုင်ဖြစ်နေတယ်။ စားစရာဘာရလဲမေးကြည့်တော့ အရက်နဲ့မြည်းဖို့ အချဉ်ပေါင်းထုပ်တွေနဲ့ မြေပဲဆားလှော်ကလွဲလို့ ဘာမှမရဘူးဖြစ်နေတယ်။ ဒီထိလမ်းလျှောက်လာခဲ့ပြီးမှ စားစရာဘာမှမရှိလို့ စိတ်ပျက်သွားခဲ့ရသလို အခုမှ ဗိုက်ကလဲ ပိုဆာလာတော့တယ်။

ဒါပေမဲ့ ကံကောင်းတယ်လို့ပြောရမှာပါ။ ဆိုင်ထဲက လူတစ်ယောက်ကပဲ ရှေ့နားလေးမှာ စားသောက်ဆိုင်တစ်ဆိုင်ရှိသေးတယ်ဆိုလို့ သူလမ်းညွှန်လိုက်တဲ့အတိုင်း ဆက်လျှောက်လာခဲ့ကြတာ မန္တလေးအခေါ်တစ်ပြလောက်မှာ မီးတွေလင်းနေတဲ့ နောက်ထပ်ဆိုင်တစ်ဆိုင်ကိုရောက်လာတယ်။ ဆိုင်ရှေ့မှာ အကင်တွေကင်တဲ့ မီးသွေးမီးဖိုတစ်ခုနဲ့ အကင်မျိုးစုံကို တွေ့ရတယ်။ ဆိုင်ထဲမှာတော့ စားသောက်နေကြတဲ့ ချင်းတိုင်းရင်းသားအမျိုးသား၊ အမျိုးသမီးလူငယ်တစ်စုရှိနေတယ်။ သူငယ်ချင်းနှစ်ယောက် သူတို့စားပွဲကို ကျော်လာခဲ့ပြီး လွတ်နေတဲ့ စားပွဲတစ်ခုမှာ နေရာယူထိုင်လိုက်ကြပေမယ့် လာရောက်မေးမြန်းမယ့်စားပွဲထိုးတွေကတော့ ရောက်မလာကြသေးပါဘူး။ စားပွဲမှာထိုင်စောင့်နေရင်း ဆိုင်ထဲကိုသေချာကြည့်လိုက်တော့မှ ဆိုင်မှာခင်းထားတဲ့ သစ်သားကြမ်းခင်းက ပြောင်လက်နေပြီး လူတွေအားလုံးကလဲ ဖိနပ်တွေချွတ်ထားကြတာကို သတိထားမိတော့တယ်။

ဒါကြောင့်မို့လဲ ဆိုင်ပြင်ပြန်ထွက်ပြီး သတ်မှတ်ထားတဲ့ ဖိနပ်စင်မှာ ရှက်ရှက်နဲ့ ဖိနပ်တွေချွတ်ခဲ့ပြီးမှ ဆိုင်ထဲကို ပြန်ဝင်လာခဲ့ရတော့တယ်။ ဆိုင်ထဲကို ဝင်မယ်ဆိုရင် ဖိနပ်ချွတ်ရတာက အပေါက်ဝတည့်တည့်မှာ မဟုတ်ဘဲ ဆိုင်ရဲ့ဘေးနားမှာရှိနေတဲ့ ဖိနပ်စင်မှာ ချွတ်ကြရတာမို့ ဆိုင်ထဲကိုဝင်ခဲ့တုန်းက သတိမထားမိဘဲ ဖိနပ်စီးပြီးဝင်ခဲ့မိကြတာပါ။ ဖိနပ်တွေချွတ်ခဲ့ပြီးမှ အနားမှာတွေ့တဲ့ဆိုင်ရှင်လား၊ စားပွဲထိုးလားမသိတဲ့ မိန်းကလေးတစ်ယောက်ကို စားပွဲနားခေါ်လာခဲ့ပြီး စားစရာဘာတွေရလဲမေးမြန်းရတော့တယ်။

ကောင်မလေးက"ဆိုင်ရှေ့မှာ ခင်းကျင်းပြသထားတဲ့ စားစရာတွေကို အရင်သွားကြည့်ပြီး စားချင်တာတွေကို မှာခဲ့ပြီးမှ စားပွဲမှာထိုင်စောင့်နေပါ။ မှာယူထားတာတွေကို လာချပေးပါ့မယ်"ဆိုတာနဲ့ နောက်တစ်ခါ ဆိုင်ရှေ့ပြန်သွားပြီး စားချင်တာတွေကို မှာယူရတော့တယ်။ စားစရာတွေက ကြက်၊ ဝက်၊ ငါး အသီးအရွက်အကင်မျိုးစုံနဲ့ လက်ဖက်သုပ်၊ ချဉ်းသုပ်၊ မြင်းခွာရွက်သုပ် အစရှိတဲ့ အသုပ်တွေ ထမင်းကြော်၊ ခေါက်ဆွဲကြော်၊ ကြာဆံကြော်တွေပါ။ ချင်းပြည်နယ်မှာဆိုပေမယ့် ဒေသထွက်ရိုးရာအစားအစာထူးထူးခြားခြားတွေ မဟုတ်ဘဲ မြင်နေတွေ့နေစားနေကျ အစားအသောက်တွေဖြစ်နေတယ်။ မင်းတပ်မြို့ရောက်ရင် စာပူတီးစားလို့ရတယ်ပြောထားတာကြောင့် "စာပူတီးရလား"လို့ မေးကြည့်တော့လဲ မရဘူးဆိုတာနဲ့ လက်ဖက်သုပ်တစ်ပွဲ၊ ထမင်းဆီဆမ်းနှစ်ပွဲမှာပြီး စားသောက်ခဲ့ရတယ်။

ဘုန်းတော်ကြီးကျောင်းကိုလာလမ်းအတိုင်း ပြန်ခဲ့ကြပြီး ကျောင်းရောက်တော့ ည ၉နာရီထိုးနေပါပြီ။ ကျောင်းမှာလဲ ခရီးစဉ်ပါအဖွဲ့တွေအားလုံးကို ညစာထမင်းနဲ့ ဧည့်ခံကျွေးမွေးနေတာကို တွေ့ရတယ်။ ကျွေးမွေးဧည့်ခံတဲ့နေရာက သစ်သားကျောင်းဆောင်အောက်ထပ် တစ်ထပ်တည်းမှာ ဖြစ်နေတာကြောင့် လူအယောက် ၇၀ကျော်အတွက် နေရာထိုင်ခင်းကျဉ်းနေတာရယ်၊ စောစောကမှ လက်ဖက်သုပ်နဲ့ ထမင်းဆီဆမ်းကို အဆာပြေစားထားခဲ့တာရယ်ကြောင့် ဗိုက်ဆာနေကြတဲ့သူတွေအတွက် ဦးစားပေးပြီး ညအိပ်ဖို့နေရာယူထားတဲ့ ကျောင်းဆောင်ပေါ်ကို ခဏတက်ခဲ့လိုက်တယ်။

ကျောင်းဆောင်ပေါ်ရောက်တော့ ရုပ်မြင်သံကြားထိုင်ကြည့်နေကြတဲ့ ကိုရင်လေးတွေနဲ့ ကျောင်းသားငယ်လေးတွေကို အများအပြားတွေ့လိုက်ရတယ်။ သူတို့တွေက ရုပ်မြင်သံကြားကို'တပေါးပေး တဟားဟား' နဲ့ စိတ်ဝင်တစားအော်ဟစ်ကြည့်ရှုနေကြလို့ သေချာကြည့်လိုက်တော့ မြန်မာနိုင်ငံကနာမည်ကျော်လက်ဝှေ့သမား အောင်လအန်ဆန်ရဲ့ လက်ဝှေ့ပွဲဖြစ်နေတယ်။ အချိန်က အောင်လအန်ဆန်ရဲ့ပွဲမလာသေးဘဲ တခြားတွဲဆိုင်းတွေရဲ့ ပွဲတွေပဲထိုးသတ်နေတာမို့ မကြည့်ချင်သေးတာနဲ့ ခင်းထားတဲ့အိပ်ရာပေါ်မှာ ခရီးသွားမှတ်တမ်းတွေကို ထိုင်ရေးနေလိုက်တော့တယ်။

စာရေးနေလို့ သိပ်မကြာခင်မှာပဲ "လာပြီကွ၊ လာပြီကွ"လို့ အသံကြားတာနဲ့ အနီးမှာထိုင်ကြည့်နေတဲ့ ကိုရင်လေးကို "ကိုရင် အောင်လအန်ဆန်ပွဲ လာတော့မှာလား"လို့မေးတော့ လာပြီဆိုတာနဲ့လက်ဝှေ့ပွဲကို ကြည့်ရအောင် ရုပ်မြင်သံကြားရှေ့ကို သွားမယ်လုပ်ပြီးမှ ထိုင်မကြည့်သေးဘဲ သန့်စင်ခန်းကိုအရင်သွားလိုက်ဦးမယ်စိတ်ကူးပြီး ကျောင်းအောက်ကို ခဏဆင်းလာခဲ့တယ်။ သန့်စင်ခန်းကလဲ ကျောင်းအောက်လှေကားကနေ မီးဖိုတွေ၊ အုတ်ရေကန်တွေဖြတ်ပြီးမှ တစ်ပတ်ပတ်ပြီးသွားခဲ့ရတာပါ။ လမ်းကအနည်းငယ်မှောင်နေပြီး သွားနေကျနေရာမဟုတ်လို့လဲ သတိထားပြီး ဖြည်းဖြည်းသွားနေရတယ်။ သန့်စင်ခန်းကနေ ပြန်ထွက်လာပြီး ကျောင်းပေါ်ကိုတောင်မတက်ရသေးဘူး လှေကားကနေ တဝုန်းဝုန်းဆင်းလာတဲ့ ကိုရင်တွေကိုတွေ့လိုက်ရတာကြောင့် "ကိုရင်တို့မကြည့်တော့ဘူးလား"လို့ မေးကြည့်တော့ လက်ဝှေ့ပွဲကပြီးသွားပြီလို့ သိလိုက်ရတာပါ။ လက်ဝှေ့ပွဲမှာ အောင်လအန်ဆန်နိုင်သွားခဲ့ပေမယ့် မကြည့်လိုက်ရပါဘူး။ လက်ဝှေ့ပွဲပြီးသွားလို့ ကျောင်းပေါ်ပြန်မတက်သေးဘဲ ထမင်းစားဆောင်ကို သွားတော့လဲ ထမင်းစားဆောင်ကအားလုံးစားပြီးသွားလို့ ပိတ်သွားခဲ့ပါပြီ။ လက်ဝှေ့ပွဲလဲမကြည့်ရ၊ ညစာထမင်းကိုလဲ ကောင်းကောင်းမစားလိုက်ရနဲ့ မြင်ရာဇာတွတ်ပီလို ဒီနေ့ကံမကောင်းပါလားဆိုတဲ့အဖြစ်မျိုးနဲ့ အိပ်ရာဝင်ရတော့မယ်။ မနက်ဖြန်မနက်တော့ မင်းတပ်မြို့ထဲကို သွားပြီးလေ့လာလည်ပတ်ရဦးမှာပါ။



## ထီးချိုင့်မြို့နယ်တွင် မြို့နယ်အဆင့်ဒုတိယတန်း သင်ရိုးသစ်သင်တန်းဆင်းပွဲကျင်းပ

**ထီးချိုင့် မေ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ်ပညာရေးဌာန၏ ၂၀၁၈-၂၀၁၉ပညာသင်နှစ် ဒုတိယတန်းသင်ရိုးသစ် ဆွေးနွေးပွဲ သင်တန်းဆင်းပွဲကို မေ ၂၃ ရက် မွန်းလွဲ ၁နာရီက အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သင်တန်းသားဆရာ၊ ဆရာမများက ဒုတိယတန်းသင်ရိုးသစ် အနုပညာ၊ ဂီတဘာသာရပ်မှ မင်္ဂလာပါတေးကဗျာဖြင့် သီဆိုဖွင့်လှစ်ပြီး မြို့နယ်ပညာရေးမှူး ဦးခင်မောင်လွင်က သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ နည်းပြဆရာ၊ ဆရာမများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ဆက်လက်၍ တာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်များ ပေးအပ်ရာ သင်တန်းသားသင်တန်းသူများကိုယ်စား သင်တန်းသားတစ်ဦးကလက်ခံရယူသည်။

ထို့နောက် ပညာရေးဌာနအုပ်စု(၁)အတွင်းရှိ ဆရာ၊ ဆရာမများက ဒုတိယတန်းသင်ရိုးသစ် အနုပညာဂီတဘာသာရပ်မှ ညီညီလေးရဲ့လကဗျာကို ပလွေဖြင့် တီးမှုတ်ဖျော်ဖြေခဲ့ကြောင်း သိရသည်။

**ကျော်ခဲ(ထီးချိုင့်)**

## ဆေးဆိုင်များသတ်မှတ်ချက်နှင့်အညီ ရောင်းချခြင်း ရှိ၊ မရှိ လိုက်လံစစ်ဆေး

**သာစည် မေ ၂၄**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်တွင် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနခွဲ၊ မန္တလေးမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာ ဒေးငြိမ်းမြတ်နှင့် တာဝန်ရှိသူများသည် မေ ၂၃ ရက် နံနက် ၉ နာရီ မိနစ် ၃၀မှစတင်၍ မြို့နယ်အတွင်းရှိဆေးဆိုင်များကို သတ်မှတ်ချက်နှင့်အညီရောင်းချခြင်း ရှိ၊ မရှိလိုက်လံစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနခွဲ မန္တလေးမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာဒေးငြိမ်းမြတ်နှင့်ဝန်ထမ်းများ၊ ခရိုင်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန မိတ္ထီလာခရိုင်ရုံးခွဲမှ ဦးစီးအရာရှိ ဒေါက်တာကျော်သန်းရွှေနှင့် ဝန်ထမ်းများ၊ မိတ္ထီလာခရိုင်နှင့် သာစည်မြို့နယ်စားသုံးသူရေးရာ ဦးစီးဌာနမှတာဝန်ရှိသူများ၊ မြို့နယ်အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီမှတာဝန်ရှိသူများ ပူးပေါင်းပါဝင်ခဲ့ကြောင်း သိရသည်။

ထိုသို့လိုက်လံစစ်ဆေးရာတွင် ဆေးဝါးရောင်းချခွင့်လိုင်စင်၊ သက်တမ်းလွန်ဆေးဝါးများ၊ မြန်မာနိုင်ငံမှတ်ပုံတင်အမှတ်မပါသောဆေးဝါးများ၊ စံမညီဆေးဝါးများ၊ စပ်ဆေးများ၊ ဆေးဝါးရောင်းချဆေးဆိုင်သတ်မှတ်ချက်များနှင့် ညီ၊ မညီတို့ကို အဓိကလိုက်လံစစ်ဆေးခြင်းဖြစ်ကြောင်း သိရသည်။

**ထွန်းထွန်း(သာစည်)**



## ပွင့်လင်းရောင်ခြည် စာကြည့်တိုက် ၁၀နှစ်ပြည့် အထိမ်းအမှတ် ကလေးစာပေစာအုပ်ဆုချီးမြှင့်

**မြင်းမူ မေ ၂၄**

ပွင့်လင်းရောင်ခြည်ပိဋကတ်စာကြည့်တိုက်(၁၀)နှစ်ကြာဖွင့်လှစ်ထားရှိခြင်းအထိမ်းအမှတ် ကလေးစာပေစာအုပ်ဆုချီးမြှင့်ပွဲကို မေ ၂၃ ရက်က မြင်းမူမြို့နယ် ညောင်ရင်းကျေးရွာ၌ ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ ပွင့်လင်းရောင်ခြည်ပိဋကတ်စာကြည့်တိုက် ဦးစီးနာယကဆရာတော် အရှင်ပါမောက္ခ(ဇမ္ဗူနွယ်)က ဩဝါဒစကား ချီးမြှင့်ပေးသည်။

ဆက်လက်၍ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးတင်အောင်လွင်က အမှာစကားပြောကြားပြီး ပွင့်လင်းရောင်ခြည်စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးဝင်းနိုင်က ကလေးစာပေစာအုပ်ဆုချီးမြှင့်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဆရာမင်းစော(တောင်သမန်)ရေးသားသော "ကလေးတို့အတွက် ဩကာသ" စာအုပ်မှ ကလေးစာပေဘာသာရေး ပထမဆု၊ ဆရာမောင်ကြည်သော်(ကောလင်း) ရေးသားသော "ရွှေမျက်ပွင့်ကလေးကဗျာ"မှ ကလေးစာပေ ကဗျာပထမဆုနှင့် ဆရာအကြီးကိုကို(ကသာ)ရေးသားသော "သားနဲ့သမီးဖတ်ဖို့စာ" ကလေးစာပေမိသားစု ဆက်ဆံရေးဆိုင်ရာစာအုပ်က ပထမဆုရရှိခဲ့ကြသည့်အတွက် ဆုရရှိသူများအား ပွင့်လင်းရောင်ခြည်ပိဋကတ်စာကြည့်တိုက်က အထိမ်းအမှတ်ထပ်ဆင့်ဂုဏ်ပြုဆုငွေကျပ် ၂၀၀၀၀စီနှင့် ဒိုင်းဆုများကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးတင်အောင်လွင်နှင့် တာဝန်ရှိသူများက ပေးအပ်ခဲ့ကြောင်း သိရသည်။

**အောင်စိုးဝေ(မြင်းမူ)**



## ဘုတလင်မြို့နယ်တွင် အခြေခံ အလှပြင်သင်တန်းဆင်းပွဲကျင်းပ

**ဘုတလင် မေ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် ကျေးလက်နေ အမျိုးသမီးငယ်များအတွက် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံအလှပြင်သင်တန်းဆင်းပွဲကို မေ ၂၃ရက် နံနက် ၁၀နာရီက အဆိုပါဦးစီးဌာန၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

သင်တန်းဆင်းပွဲတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီ တွဲဖက်အတွင်းရေးမှူး ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မင်းသန်းက အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းထွန်းဝင်းက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မင်းသန်းက သင်တန်းသူများအတွက် အခြေခံအလှပြင်သင်ထောက်ကူပစ္စည်းများကို လည်းကောင်း၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းထွန်းဝင်းက သင်တန်းဆင်းလက်မှတ်များနှင့် သင်တန်းဆရာများအတွက် ဂုဏ်ပြုလက်ဆောင်များကိုလည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့သည်။

အဆိုပါသင်တန်းသို့ ဘုတလင်မြို့နယ်အတွင်းရှိ ကျေးရွာ ၁၀ရွာမှ သင်တန်းသူ ၁၀ဦး တက်ရောက်ကြပြီး ပြင်ပသင်တန်းဆရာနှစ်ဦးက အောက်ခံမိတ်ကပ်လိမ်းနည်း၊ နှာတံရေးဆွဲနည်း၊ မျက်ခုံးမွေးဆွဲနည်း၊ မျက်တောင်တုတပ်ဆင်နည်း၊ ဆင်ပင်အလှပြင်နည်း၊ ဆံပင်ထုံးနည်း စသည့်အခြေခံအလှပြင်နည်းများကို မေ ၁၄ရက်မှ ၂၃ရက်ထိ ၁၀ရက်ကြာ ဖွင့်လှစ်သင်ကြားပေးခဲ့ကြောင်း သိရသည်။

**မိုးခါး**

## ဝသန်ကာလ မိုးဦးအခါ

- မိုးဦးဝသန် ရာသီကျတော့
  ခါမီအစ စိမ်းစိုပြန့်
  လာပြီအလှ ယိမ်းခိုဟန်ရယ်
  ခြိမ်းမလိုအသံ ငြိမ့်ငြိမ့်ထူး။

- နှမ်းနှင့်မြေပဲ စိုက်ပျိုးရာဝယ်
  အကြိုက်တိုးကာ ထွန်ယက်ရင်းပျော်မြူး။

- ညံစီပါသည့် ဖားမြည်သံမှာ
  ကြားပြီတစ်ဖန် ရင်မှာစူး
  အားစည်နားယံ မြင်လာဦးပေါ့
  ညင်သာစွာဖြူး အေးလေပြည်။

- စိမ်းစိမ်းစိုစို ပင်ပွင့်ပန်းနဲ့
  အသွင်တင့်လန်း ဝသန်လရာသီ။

- မိုးပေါက်မိုးစက် ဖွဲဖွဲစီတယ်
  ပုလဲ ရွှဲညီ ဖွေးဖွေးဥ၍
  နွေးထွေးသမှု အဖော်အသင်းတို့လာပါ
  ပျော်ခြင်းတို့သာယာ။

- ဝသန်ကာလ မိုးဦးအခါမှာ
  မရိုးဘူးကမ္ဘာ စိမ်းလန်းနေလို့လေး။ ။

**ဘုန်းထက်ကျော်**

## ဒုတိယတန်းသင်ရိုးသစ်သင်တန်းဆင်းပွဲကျင်းပ

**မလှိုင် မေ ၂၄**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ်ပညာရေးဌာနကကြီးမှူးဖွင့်လှစ်ခဲ့သော ဒုတိယတန်း (GRADE - 2)သင်ရိုးသစ်သင်တန်းဆွေးနွေးပွဲ သင်တန်းဆင်းပွဲကို မေ ၂၃ရက် မွန်းလွဲ ၁နာရီက မလှိုင်အခြေခံပညာအထက်တန်းကျောင်းရှိ ယမုံနာဆောင်၌ ကျင်းပခဲ့ကြောင်း သိရသည် ။

သင်တန်းဆင်းပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငွေဗိုးက သင်တန်းဆင်းအမှာစကားပြောကြားပြီး မိတ္ထီလာခရိုင် ပညာရေးမှူးရုံးကိုယ်စား လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်အေးက ဒုတိယတန်းသင်ရိုးသစ်သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ဆရာလမ်းညွှန်ပါအတိုင်း သင်ရိုးသစ်၏ သွင်ပြင်လက္ခဏာနှင့် ရည်ရွယ်ချက်များ မပျောက်ပျက်စေရန် သင်တန်းပို့ချချက် နည်းစနစ်များအတိုင်း ရည်ရွယ်ချက်ပေါက်မြောက်အောင် တိတိကျကျ သင်ကြားပေးရန် မှာကြားခဲ့သည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဆရာ၊ ဆရာမများအား သင်တန်းဆင်းလက်မှတ်များ ချီးမြှင့်ပေးအပ်ခဲ့သည်။

ဆက်လက်၍ အားကစားနှင့် ကာယပညာဦးစီးဌာန(နေပြည်တော်)မှ မလှိုင်အခြေခံပညာအထက်တန်းကျောင်းသို့ လှူဒါန်းသော အားကစားပစ္စည်းမျိုးစုံကို မြို့နယ်အုပ်ချုပ်ရေးမှူးက ပေးအပ်ရာဆရာဦးဝင်းကိုက လက်ခံရယူခဲ့ကြောင်း သိရသည်။

(၁၇)



# နိုင်ငံတကာ သတင်းများ

## စင်ကာပူနိုင်ငံ၌ မြောက်ကိုရီးယားခေါင်းဆောင်နှင့် တွေ့ဆုံဆွေးနွေးမည့် အစီအစဉ် အမေရိကန်သမ္မတဖျက်သိမ်း

**ဝါရှင်တန် မေ ၂၄**

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်နှင့် စင်ကာပူနိုင်ငံ၌ တွေ့ဆုံဆွေးနွေးမည့်အစီအစဉ်ကို အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ယနေ့တွင်ဖျက်သိမ်းခဲ့ကြောင်း သည်ဖောက်စ်သတင်းဌာန၏အဆိုအရ သိရသည်။

မြောက်ကိုရီးယားခေါင်းဆောင်သည် ရန်လိုမှုများ ပြသနေခြင်းကြောင့် လက်ရှိအချိန်သည် ထိပ်သီးဆွေးနွေးပွဲကျင်းပသင့်သည့်အချိန် မဟုတ်သောကြောင့် ဆွေးနွေးပွဲဖျက်သိမ်းမှုနှင့်ပတ်သက်၍ သမ္မတဒေါ်နယ်ထရန့်က မြောက်ကိုရီးယားခေါင်းဆောင်ထံ ရေးသားပေးပို့ခဲ့သည့်စာ၌ ဖော်ပြထားသည်။

မြောက်ကိုရီးယားနိုင်ငံဘက်မှ ခြိမ်းခြောက်မှုများထွက်ပေါ်လာပြီးနောက် စင်ကာပူနိုင်ငံ၌ကျင်းပမည့် ထိပ်သီးဆွေးနွေးပွဲကို သမ္မတဒေါ်နယ်ထရန့်က ဖျက်သိမ်းခဲ့ခြင်းဖြစ်သည်။

အဆိုပါ ထိပ်သီးဆွေးနွေးပွဲ ဖျက်သိမ်းခဲ့ခြင်းကြောင့် မြောက်ကိုရီးယားနိုင်ငံနှင့် ကမ္ဘာအတွက် ငြိမ်းချမ်းရေးနှင့် သာယာဝပြောရေးတို့ကို ဖန်တီးနိုင်မည့်အခွင့်အလမ်းတစ်ရပ် ဆုံးရှုံးခဲ့ရပြီဖြစ်ကြောင်း အမေရိကန်သမ္မတက ပြောကြားခဲ့သည်။

သို့သော် ထိပ်သီးဆွေးနွေးပွဲဖျက်သိမ်းမှုအကြောင်းကြားစာတွင် အမေရိကန်နိုင်ငံသား အကျဉ်းသားသုံးဦး ပြန်လွှတ်ပေးခဲ့သည့်အတွက် သမ္မတ ဒေါ်နယ်ထရန့်က မြောက်ကိုရီးယားခေါင်းဆောင်ကို ကျေးဇူးတင်စကားပြောကြားထားပြီးဆွေးနွေးပွဲနှင့်ပတ်သက်၍ စိတ်အပြောင်းအလဲရှိခဲ့ပါက ၎င်းထံဆက်သွယ်ရန် အသိပေးခဲ့သည်။

အမေရိကန်နိုင်ငံအနေဖြင့် မိမိတို့ကို တွေ့ဆုံမည် သို့မဟုတ် နျူကလီးယားလက်နက်ချင်း ယှဉ်ပြိုင်မည်ဟူသောအချက်သည် အမေရိကန်အစိုးရ၏ဆုံးဖြတ်ချက်နှင့်အပြုအမူပေါ်တွင် မူတည်ကြောင်း မြောက်ကိုရီးယား နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ပြောကြားခဲ့ပြီး အမေရိကန်ဒုတိယသမ္မတ မိုက်ပင့်စ်ကိုလည်း ဝေဖန်ပြောကြားခဲ့သည်။

ထို့ပြင် သမ္မတဒေါ်နယ်ထရန့်အနေဖြင့် စင်ကာပူနိုင်ငံ ထိပ်သီးဆွေးနွေးပွဲကို ဖျက်သိမ်းရန်ဆုံးဖြတ်ခဲ့ခြင်းသည် ဒုတိယသမ္မတ မိုက်ပင့်စ်ကို ဝေဖန်မှုကြောင့်မဟုတ်ဘဲ နျူကလီးယားခြိမ်းခြောက်မှုပြုလုပ်ခဲ့ခြင်းကြောင့်ဖြစ်သည်ဟု အမေရိကန်အစိုးရတာဝန်ရှိသူများက ပြောကြားခဲ့ကြောင်း သိရသည်။

KKO

## မြောက်ကိုရီးယားအစိုးရက ပန်ဂျီရီမြေအောက် နျူကလီးယားစမ်းသပ်ရေးစခန်းကို ဖျက်သိမ်း

**ပြုံယမ်း မေ ၂၄**

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်နှင့်မတွေ့ဆုံမီ ရက်သတ္တပတ်သုံးပတ်မျှအလိုတွင် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်သည် ၎င်း၏ကတိအတိုင်း ပန်ဂျီရီမြေအောက်နျူကလီးယားစမ်းသပ်ရေးစခန်းကို ပြည်ပသတင်းစာဆရာများရှေ့မှောက်တွင် ဖောက်ခွဲဖျက်သိမ်းခဲ့ကြောင်း အေပီသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ယနေ့ပြုလုပ်ခဲ့သော အဆိုပါ နျူကလီးယား စမ်းသပ်ရေးစခန်းဖျက်သိမ်းမှုတွင် မြောက်ကိုရီးယားနိုင်ငံသည် မြေအောက်ဥမင်သုံးခုနှင့် စခန်းအနီးရှိ အဆောက်အအုံများကို ဖောက်ခွဲဖြိုချခဲ့သည်။

မောင့်မင်တက်အမည်ရှိ တောင်ကုန်းအောက်၌ တည်ဆောက်ထားသော ယင်းနျူကလီးယားစမ်းသပ်ရေးစခန်း ဥမင်လိုဏ်ဂူများကို ဖောက်ခွဲဖြိုချပြီးနောက် မြေပြိုမှုများဖြစ်ပေါ်ခဲ့ကာ အဆိုပါတောင်ကုန်းသည်လည်း တုန်လှုပ်ခဲ့ကြောင်း သိရသည်။

ထိုသို့ နျူကလီးယားစမ်းသပ်ရေးစခန်းကို ပွင့်လင်းမြင်သာမှုရှိရှိဖြင့် ဖျက်သိမ်းပြသခဲ့ခြင်းသည် ကိုရီးယားကျွန်းဆွယ်နှင့် ကမ္ဘာတစ်ဝန်း တည်ငြိမ်အေးချမ်းရေးအတွက် မြောက်ကိုရီးယားအစိုးရ၏ ကြိုးပမ်းနေပုံကို သက်သေပြနေကြောင်း မြောက်ကိုရီးယားနိုင်ငံပိုင်မီဒီယာများက ကြေညာချက်ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

KKO

## ကွန်ဂို၌ အီဘိုလာရောဂါသည် နှစ်ဦးနှင့်အတူ ဘုရားကျောင်းသွားခဲ့သည့် လူဦးရေ ၅၀ကျော် အီဘိုလာပိုးရပ်စ်ကူးစက်မည့် အန္တရာယ်ရှိနေ



**ကင်ရှာဆာ မေ ၂၄**

ကွန်ဂိုနိုင်ငံ အမ်ဘန်ဒါကာမြို့ဆေးရုံပေါ်မှ ထွက်ပြေးခဲ့သော အီဘိုလာရောဂါသည် နှစ်ဦးသည် ၎င်းတို့မသေဆုံးမီ လူဦးရေ၅၀ကျော်နှင့်အတူ ဘုရားကျောင်းသွားရောက်ခဲ့ရာ ဘုရားကျောင်းသွားရောက်ခဲ့သူများသည် အီဘိုလာပိုးရပ်စ်ကူးစက်မည့်အန္တရာယ်ရှိနေကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါရောဂါသည်နှစ်ဦးသည် ဘုရားကျောင်းဝတ်ပြုဆုတောင်းပွဲအပြီး နာရီအနည်းငယ်အကြာတွင် သေဆုံးခဲ့ကြောင်း နယ်စည်းမခြားဆရာဝန်များအဖွဲ့က ပြောကြားခဲ့သည်။

မသေဆုံးမီ လူအများအပြားနှင့် ဘုရားကျောင်းသွားရောက်ခဲ့သော အီဘိုလာရောဂါသည်နှစ်ဦးသည် ၎င်းတို့မိသားစုဝင်များ၏အကူအညီဖြင့် မေ ၂၁ရက်က ဆေးရုံပေါ်မှ ထွက်ပြေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လက်ရှိအခြေအနေအရ ယင်းရောဂါသည် နှစ်ဦးကို ဝတ်ပြုဆုတောင်းပွဲအတွင်း ထိတွေ့မိခဲ့သည့် လူဦးရေ ၅၀မှ ၆၀ခန့်သည် အီဘိုလာပိုးရပ်စ် ကူးစက်မည့် အခြေအနေတွင် ရှိနေကြောင်း ဆရာဝန်များက ပြောကြားခဲ့သည်။

ရောဂါပိုးရှိသည့် ကိုယ်တွင်းအရည်များနှင့်ထိတွေ့မိပါက ကူးစက်တတ်သော အီဘိုလာပိုးရပ်စ်ရောဂါကို ထိန်းချုပ်နိုင်ရေးအတွက် ကွန်ဂိုအစိုးရသည် ကြိုးစားရုန်းကန်နေရဆဲဖြစ်သည်။

ထို့ပြင် အီဘိုလာကိုယ်တွင်း သွေးယိုအဖျားရောဂါသည် ပျမ်းမျှအားဖြင့် လူ နှစ်ဦးကူးစက်ခံရလျှင် တစ်ဦး သေဆုံးတတ်သော်လည်း ရောဂါပိုးရှိကြောင်း စောစီးစွာဖော်ထုတ်နိုင်ပါက အသက်ရှင်ရန် အခွင့်အလမ်းများကြောင်း သိရသည်။

KKO

## ဘာကီနာဖာဆိုနိုင်ငံက တရုတ်(တိုင်ပေ)နှင့် သံတမန်အဆက်အသွယ် ဖြတ်တောက်

**တိုင်ပေ မေ ၂၄**

အနောက်အာဖရိကနိုင်ငံ တစ်နိုင်ငံဖြစ်သော ဘာကီနာဖာဆိုနိုင်ငံသည် တရုတ်(တိုင်ပေ)နှင့် သံတမန်အဆက်အသွယ် ဖြတ်တောက်ခဲ့ပြီဖြစ်ရာ တရုတ်(တိုင်ပေ)အတွက် တစ်လတာခန့် ကာလအတွင်း သံတမန်မိတ်ဖက်နှစ်နိုင်ငံ ဆုံးရှုံးခဲ့ကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

တရုတ်(တိုင်ပေ)နှင့် သံတမန်အဆက်အသွယ် ဖြတ်တောက်ခဲ့ပြီဖြစ်ကြောင်း ဘာကီနာဖာဆိုနိုင်ငံခြားရေးဝန်ကြီးက ယနေ့တွင် သတင်းထောက်များကို ပြောကြားခဲ့ပြီး ဝါဂါဒူဂူမြို့တော်ရှိ တရုတ်(တိုင်ပေ)သံရုံးကို ပိတ်သိမ်း၍ တိုင်ပေမြို့ရှိ ၎င်းတို့ သံအမတ်ကိုလည်း ပြန်လည်ခေါ်ယူမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။

ကမ္ဘာကြီး၏ဆင့်ကဲပြောင်းလဲမှုများနှင့် အနောက်အာဖရိကဒေသတွင် ရင်ဆိုင်နေရသည့် လူမှုစီးပွားရေးစိန်ခေါ်မှုများကြောင့် မိမိတို့၏ရပ်တည်ချက်ကို ပြန်လည်သုံးသပ်ရန် လိုအပ်လာပြီဖြစ်ကြောင်း ဘာကီနာဖာဆိုနိုင်ငံခြားရေးဝန်ကြီး အယ်လ်ဖာဘာရေက ပြောကြားခဲ့သည်။

ယခုလအစောပိုင်းကလည်း ဒိုမီနီကန်သမ္မတနိုင်ငံသည် တရုတ်(တိုင်ပေ)နှင့် သံတမန်အဆက်အသွယ်ဖြတ်တောက်၍ တရုတ်နိုင်ငံနှင့် သံတမန်ဆက်ဆံရေးစတင်ခဲ့သည်။

တရုတ်(တိုင်ပေ)ကို ခွဲထွက်ရေးပြည်နယ်တစ်ခုအဖြစ်သာ သဘောထားသည့် တရုတ်နိုင်ငံ၏ဖိအားပေးမှုကြောင့် အာဖရိကနိုင်ငံများသည် တရုတ်(တိုင်ပေ)နှင့် သံတမန်အဆက်အသွယ်ဖြတ်တောက်ခဲ့ရာ လက်ရှိအချိန်တွင် တရုတ်(တိုင်ပေ)နှင့် သံတမန်အဆက်အသွယ်ရှိသည့် အာဖရိကနိုင်ငံအဖြစ် ဆွာဇီလန်ဘုရင့်နိုင်ငံတစ်နိုင်ငံတည်းသာ ကျန်ရှိတော့သည်။

ထို့ပြင် တရုတ်(တိုင်ပေ)ကို အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ် အသိအမှတ်ပြုသည့် ကမ္ဘာ့နိုင်ငံအရေအတွက်သည် ၁၈နိုင်ငံသာရှိပြီး အများစုသည် နိုင်ငံငယ်လေးများနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများသာဖြစ်ကြောင်း သိရသည်။

KKO



## ပြင်းထန်တင်းကျပ်သော အကြမ်းဖက်ဝါဒတိုက်ဖျက်ရေး ဥပဒေသစ်များ အင်ဒိုနီးရှားလွှတ်တော် အတည်ပြုဖွယ်ရှိ

**ဂျကာတာ မေ ၂၄**

၂၀၀၂ခုနှစ် ဘာလီကျွန်းဗုံးခွဲတိုက်ခိုက်မှုနောက်ပိုင်း လူအသေအပျောက်အများဆုံးဗုံးခွဲတိုက်ခိုက်မှုများ ယခုလအတွင်းဖြစ်ပွားခဲ့ပြီးနောက် အင်ဒိုနီးရှားလွှတ်တော်သည် ပြင်းထန်တင်းကျပ်သော အကြမ်းဖက်ဝါဒ တိုက်ဖျက်ရေးဥပဒေသစ်များကို မေ ၂၅ရက်တွင် အတည်ပြုဖွယ်ရှိကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံ၏ ဒုတိယအကြီးဆုံးမြို့ဖြစ်သည့် ဆူရာဘာယာမြို့၌ ယခုလအတွင်း အသေခံဗုံးခွဲတိုက်ခိုက်မှုများဖြစ်ပွားခဲ့ကာ လူဦးရေ ၃၀ကျော် သေဆုံးခဲ့ရပြီးနောက် ပြည်တွင်း အစွန်းလွန်စစ်သွေးကြွဝါဒကို ရင်ဆိုင်ရေးအတွက် ၂၀၀၃ခုနှစ် အကြမ်းဖက်ဝါဒတိုက်ဖျက်ရေးဥပဒေကို ပြင်ဆင်မွမ်းမံရေးသည် အင်ဒိုနီးရှားအစိုးရအတွက် ဦးစားပေးတာဝန်ဖြစ်ကြောင်း သိရသည်။

ဆူရာဘာယာမြို့ အသေခံဗုံးခွဲတိုက်ခိုက်မှုများအတွက် မိမိတို့တွင် တာဝန်ရှိကြောင်း အိုင်အက်စ်အုပ်စုက ကြေညာထားသည်။

လူ ၂၀၂ဦး သေဆုံးခဲ့ရသော ဘာလီကျွန်း ဗုံးခွဲတိုက်ခိုက်မှုများဖြစ်ပွားခဲ့ပြီးနောက် အင်ဒိုနီးရှားနိုင်ငံသည် အစွန်းလွန်စစ်သွေးကြွဝါဒကို ရင်ဆိုင်ရာတွင် အောင်မြင်မှုများရရှိခဲ့သည်။

သို့သော် မကြာသေးမီနှစ်များအတွင်းက အိုင်အက်စ်အုပ်စုနှင့် ပူးပေါင်းရန် အင်ဒိုနီးရှားနိုင်ငံသားများ ရာနှင့်ချီ၍ အရှေ့အလယ်ပိုင်းဒေသသို့ ထွက်ခွာသွားမှုနှင့်အတူ ပြည်တွင်း၌လည်း အစွန်းလွန်စစ်သွေးကြွအကြမ်းဖက်ဝါဒပြန်လည်ဦးမော့လာခဲ့သည်။

ထို့ပြင် ၂၀၀၃ခုနှစ် အကြမ်းဖက်ဝါဒတိုက်ဖျက်ရေး ဥပဒေကို ပြန်လည်ပြင်ဆင်ထားသည့် ဥပဒေသစ်အရ ရဲတပ်ဖွဲ့အနေဖြင့် စစ်သွေးကြွအဖြစ် သံသယရှိသူများကို ကြိုတင်ထိန်းသိမ်းခွင့်၊ စစ်သွေးကြွအုပ်စုများနှင့်ပူးပေါင်းသူ၊ လူသစ်စုဆောင်းပေးသူများအား တရားစွဲဆိုခွင့်များရရှိမည်ဖြစ်ကြောင်း သိရသည်။

KKO

# SCIENCE AND TECHNOLOGY

## လွန်ခဲ့သော နှစ်ပေါင်း ၂ဒသမ၄ဘီလီယံခန့်မှစတင်၍ ကမ္ဘာ့သမုဒ္ဒရာရေပြင်အတွင်း ကုန်းမြေများ လျင်မြန်စွာပေါ်ထွက်လာ



**ဝါရှင်တန် မေ ၂၄**

လွန်ခဲ့သော နှစ်ပေါင်း ၂ဒသမ ၄ဘီလီယံခန့်မှစတင်၍ ကမ္ဘာ့သမုဒ္ဒရာရေပြင်များအတွင်း ကုန်းမြေများ ရုတ်ခြည်းဆိုသလိုလျင်မြန်စွာပေါ်ထွက်လာခဲ့ပြီး ကမ္ဘာဂြိုဟ်၏ အသွင်ပြောင်းလဲမှုဖြစ်စဉ် စတင်ခဲ့ရကြောင်း သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ Earth.com အမည်ရှိ သိပ္ပံသတင်းဝက်ဘ်ဆိုက်က မေ ၂၃ရက်က ရေးသားတင်ပြထားသည်။

အမေရိကန်နိုင်ငံ ဒေါ်ရီဂွန်တက္ကသိုလ်မှ သိပ္ပံပညာရှင်များသည် ကမ္ဘာတစ်ဝန်းတွေ့မြင်နိုင်သည့် ရှေးလကျောက်လွှာများမှ အောက်ဆီဂျင်အိုင်ဆိုတုပ်များကို လေ့လာပြီးနောက် လွန်ခဲ့သည့် နှစ်ပေါင်း ၂ဒသမ၄ဘီလီယံကာလမှကမ္ဘာဂြိုဟ်၏အခြေအနေကို ဖော်ထုတ်တင်ပြခဲ့ကြခြင်းဖြစ်သည်။

သမုဒ္ဒရာရေအောက်မှ ကုန်းမြေများထွက်ပေါ်မလာမီကာလအတွင်း ကမ္ဘာ့အုတိုင်ဝင်ရိုးနှင့် အပေါ်ယံမြေလွှာတို့ကြား၌ တည်ရှိသည့်အတွင်း ကျောက်လွှာမှာ ပျော့ပျောင်းနေဆဲဖြစ်ရာ တောင်တန်းများ၏ ဝန်ကိုခံနိုင်စွမ်းမရှိခဲ့ကြောင်း သိပ္ပံပညာရှင်များ၏အဆိုအရ သိရသည်။

သို့ရာတွင် လွန်ခဲ့သည့် ၂ဒသမ ၄ဘီလီယံကာလမှစ၍ အတွင်းလွှာကျောက်လွှာများ အေးမြမာကျောလာပြီး ကုန်းမြေထုစတင်ပေါ်ထွက်ခဲ့ရာ နှစ်ပေါင်း ၂ဒသမ ၇ဘီလီယံအရောက်တွင် ကမ္ဘာပေါ်၌ ကီနောလန်း (Kenorland) အမည်ရှိ ပထမဆုံးမဟာတိုက်ဒေသကြီး ပေါ်ထွက်ခဲ့ရကြောင်း အမေရိကန်သိပ္ပံပညာရှင်များက ပြောကြားသည်။

သမုဒ္ဒရေအောက်မှ ကုန်းမြေများ ပေါ်ထွက်လာချိန်တွင် ကမ္ဘာ့ရာသီဥတုပုံစံမှာလည်း ရုတ်တရက်ပြောင်းလဲသွားခဲ့ပြီး ဇီဝဖွံ့စည်းပုံရှုပ်ထွေးသော သက်ရှိကမ္ဘာအဖြစ် ပြောင်းလဲရေးအတွက် နောက်ခံအခြေအနေများ ပေါ်ထွက်လာသည်ဟုအမေရိကန်သိပ္ပံပညာရှင်များက ယူဆထားကြောင်း သိရသည်။

KKO

## ပလူတိုဂြိုဟ်ပုက ကြယ်တံခွန်များစုစည်းမိရာမှ ဖြစ်ပေါ်လာသော မဟာကြယ်တံခွန်ကြီးဖြစ်နိုင်



**ဝါရှင်တန် မေ ၂၄**

ဂြိုဟ်အဖြစ်မှ အဆင့်ကျ၍ ဂြိုဟ်သိမ်၊ ဂြိုဟ်ပုအဖြစ် သတ်မှတ်ခံထားရသော ပလူတိုဂြိုဟ်ပုသည် အရေအတွက်အားဖြင့် ဘီလီယံနှင့်ချီရှိသည့် ကြယ်တံခွန်များ စုစည်းမိရာမှတစ်ဆင့် ဖြစ်ပေါ်လာသော မဟာကြယ်တံခွန်ကြီးဖြစ်နိုင်ကြောင်း သိပ္ပံပညာရှင်များ၏ သီအိုရီသစ်တစ်ရပ်ကို အကိုးအကားပြု၍ CNET နည်းပညာသတင်းဝက်ဘ်ဆိုက်က မေ ၂၃ရက်က ရေးသားတင်ပြထားသည်။

ဂြိုဟ်အဖြစ်မှ အဆင့်ချခံရပြီးနောက်ပိုင်း ပလူတိုကိုဂြိုဟ်သိမ်သို့မဟုတ် ဂြိုဟ်ပုအဖြစ် သတ်မှတ်မည်ဟူသော ပြဿနာသည် နိုင်ငံတကာ နက္ခတ္တရူပသိပ္ပံပညာရှင်များကြား အချေအတင် ဆွေးနွေးနေရဆဲ ပြဿနာတစ်ရပ်ဖြစ်ခဲ့ရသည်။

သို့ရာတွင် အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ် ဆောက်ဝက်စ် သုတေသနအင်စတီကျူမှ သိပ္ပံပညာရှင်များ၏ မဟာကြယ်တံခွန် (Giant Comet) အမည်ရှိ ပလူတိုဓာတုဖွဲ့စည်းပုံသီအိုရီသစ်အရ ပလူတိုသည်အရွယ်အစားလွန်ကြယ်တံခွန်ကြီးတစ်စင်းလည်း ဖြစ်နိုင်ကြောင်း သိရသည်။

နာဆာ၏ နယူးဟော်ရီဇွန် အာကာသယာဉ်နှင့် ဥရောပအာကာသအေဂျင်စီ၏ရိုဆက်တာ အာကာသယာဉ်တို့မှ ရရှိသော အချက်အလက်များအရ ပလူတိုဂြိုဟ်ပုပေါ်မှ စပွတ်နစ်ပလန်နီးရှား အမည်ရှိ ရေခဲပြင်ဓာတုဖွဲ့စည်းပုံသည် ၆၇ပီအမည်ရှိ ကြယ်တံခွန်၏ ဓာတုဖွဲ့စည်းပုံနှင့်တူညီနေသည်ဟု အမေရိကန်သိပ္ပံပညာရှင်များက ပြောကြားခဲ့ကြောင်း သိရသည်။

KKO

## ကြယ်ပုတစ်စင်းအား နျူထရွန်ကြယ်တစ်စင်းကဝါးမျိုနေပုံကို သိပ္ပံပညာရှင်များ စောင့်ကြည့်လေ့လာ

**အော့တာဝါ မေ ၂၄**

ကမ္ဘာမြေနှင့်အလင်းနှစ် ၆၅၀၀ အကွာတွင် အိမ်နီးချင်းကြယ်ပုတစ်စင်းအား နျူထရွန်ကြယ်တစ်စင်းက ဝါးမျိုစားသုံးနေပုံကို နက္ခတ္တရူပသိပ္ပံပညာရှင်များက အလွန်ရှင်းလင်းပြတ်သားစွာ စောင့်ကြည့်လေ့လာနိုင်ခဲ့ကြောင်း The Daily Mail သတင်းစာက မေ ၂၃ရက်က ရေးသားတင်ပြထားသည်။

အလင်းနှစ် ၆၅၀၀အကွာမှ အဆိုပါဖြစ်စဉ်ကိုလေ့လာစောင့်ကြည့်ရမှုသည် ကမ္ဘာမြေပေါ်မှ တယ်လီစကုပ်ဖြင့် ပလူတိုဂြိုဟ်ပုမျက်နှာပြင်ပေါ်မှ မွှားတစ်ကောင်ကိုရှာရသည်နှင့်အလားတူကြောင်း၊ သို့ရာတွင် အဆိုပါ ကြယ်နှစ်စင်း၏ ထူးခြားသည့် စရိုက်လက္ခဏာများကြောင့် ဖြစ်စဉ်တစ်ခုလုံးကို ကြည်လင်ပြတ်သားစွာတွေ့မြင်နိုင်ခဲ့ကြောင်း ကနေဒါနိုင်ငံ တိုရွန်တိုတက္ကသိုလ်မှ သိပ္ပံပညာရှင်များက ပြောကြားသည်။

လျှပ်စစ်သံလိုက်စက်ကွင်းဖြာထွက်မှုအားကောင်း၍ မွှတ်မွှတ်လည်နေသည့် PSR B 1957+20 အမည်ရှိ နျူထရွန်ကြယ်၏ဝါးမျိုမှုခံနေရသော ကြယ်မှာ ဖြိုထုအားဖြင့် ပေါ့ပါးပြီး ကြယ်တံခွန်သဖွယ် ဓာတ်ငွေ့အမြီးတန်းဖြာထွက်နေသည့် ကြယ်တစ်စင်းဖြစ်ကြောင်း ကနေဒါ သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

၎င်းကြယ်မှ ထွက်ပေါ်နေသည့် ဓာတ်ငွေ့များကို သဘာဝမှန်ပြောင်းသဖွယ် အသုံးပြု၍ PSR B 1957+20 နျူထရွန်ကြယ်၏ အပြုအမူကို ပုံရိပ်အားဖြင့် ထင်ရှားစွာ လေ့လာဖော်ထုတ်နိုင်ခဲ့ခြင်းဖြစ်သည်ဟု ကနေဒါ သိပ္ပံပညာရှင်များက ပြောကြားခဲ့ကြောင်း သိရသည်။

KKO

# HEALTH

## ကမ္ဘာ့လူဦးရေ၏ လေးပုံတစ်ပုံခန့် နှစ်၃၀အတွင်း အဝလွန်သူများဖြစ်လာမည်

**ကိုပင်ဟေဂင် မေ ၂၄**

ဒိန်းမတ်ဆေးပညာရှင်များ၏ လေ့လာချက်အရ ကမ္ဘာ့လူဦးရေစုစုပေါင်း၏ လေးပုံတစ်ပုံခန့်သည် လာမည့်နှစ်၃၀အတွင်း ကိုယ်တွင်းအဆီဓာတ်လွန်ကဲသူ၊ အဝလွန်သူများဖြစ်လာလိမ့်မည်ဖြစ်ကြောင်း The Daily Mail သတင်းစာက မေ ၂၃ရက်က ရေးသားတင်ပြထားသည်။

ကိုယ်တွင်းအဆီဓာတ်လွန်ကဲမှုပြဿနာသည် လက်ရှိနှုန်းအတိုင်း ဆက်သွားနေမည်ဆိုပါက ၂၀၄၅ ခုနှစ်အရောက်တွင် ကမ္ဘာ့လူဦးရေ၏ ၂၂ရာခိုင်နှုန်းမှာ ကိုယ်အလေးချိန်လွန်ကဲမှုပြဿနာနှင့်ရင်ဆိုင်ကြရမည်ဖြစ်ကြောင်း NovoNordisk အမည်ရှိ ဒိန်းမတ် ဆေးထုတ်လုပ်ရေးကုမ္ပဏီမှ သုတေသနပညာရှင်များက ပြောကြားသည်။

ထို့ပြင် ၂၀၄၅ခုနှစ်အရောက်တွင် တစ်ကမ္ဘာလုံးအတိုင်းအတာအရ ကိုယ်တွင်းအဆီဓာတ်လွန်ကဲမှုပြဿနာကြောင့် လူရှစ်ဦးလျှင် တစ်ဦးနှုန်း ပုံစံ-၂ဆီးချိုရောဂါကို ခံစားကြရဖွယ်ရှိကြောင်း ဒိန်းမတ်သုတေသနပညာရှင်များ၏လေ့လာချက်အရ ဖော်ပြထားသည်။

ပုံစံ-၂ဆီးချိုရောဂါရှိသူများသည် နှလုံးရုတ်တရက်ဖောက်ပြန်မှု၊ လေဖြတ်ဝေဒနာနှင့် ကျောက်ကပ်ရောဂါများ ခံစားရနိုင်ခြေမြင့်မားသူများဖြစ်ရာ ၎င်းတို့၏ပျမ်းမျှ ဘဝသက်တမ်းမှာ ၅၅နှစ်သာရှိကြောင်း သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

မိမိတို့၏လေ့လာချက်စစ်တမ်းပါ ကိန်းဂဏန်းများသည် ကိုယ်တွင်းအဆီဓာတ်လွန်ကဲသူ လူဦးရေအရ ပုံစံ-၂ဆီးချိုရောဂါခံစားကြရမည့် လူဦးရေက အနာဂတ်တွင် ကမ္ဘာကြီးရင်ဆိုင်ရတော့မည့်ဆေးပညာလောကစိန်ခေါ်မှု၊ စီးပွားရေးကဏ္ဍ စိန်ခေါ်မှုများကို ထုတ်ဖော်ပြသနေသည်ဟု ဒိန်းမတ်သုတေသနပညာရှင်များ ပြောကြားကြောင်း သိရသည်။

KKO

## ကင်ဆာရောဂါများကို တားဆီးနိုင်ရေး အရက်သောက်သုံးမှု စွန့်လွှတ်ရန်တိုက်တွန်း

**လန်ဒန် မေ ၂၄**

ကင်ဆာရောဂါများကို တားဆီးနိုင်ရေးအတွက် အရက်သေစာသောက်စားမှုကို လုံးဝစွန့်လွှတ်ရန် ကင်ဆာရောဂါဗေဒ ကျွမ်းကျင်သူများက တိုက်တွန်းလိုက်ကြောင်း ဗြိတိန်အခြေစိုက် The Independent သတင်းစာက ယနေ့ ရေးသားတင်ပြထားသည်။

အရက်သောက်သုံးမှုသည် ကင်ဆာရောဂါအများအပြား၏ အဓိကအကြောင်းတရားဖြစ်ရာ ကျန်းမာရေးအကြောင်းပြချက်ဖြင့် အရက်သောက်သုံးခြင်းသည် ဆီလျော်မှုလုံးဝမရှိကြောင်း ဗြိတိန်အခြေစိုက် တစ်ကမ္ဘာလုံးဆိုင်ရာ ကင်ဆာရန်ပုံငွေအဖွဲ့ (WCRF) ၏အစီရင်ခံစာ၌သုံးသပ်ထားသည်။

WCRF အစီရင်ခံစာတွင် အရက်သောက်သုံးမှုကို ကန့်သတ်ရန် တိုက်တွန်းထားသော်လည်း ကင်ဆာရောဂါများကို ကာကွယ်နိုင်ရေးအတွက်ဆိုပါက အရက်လုံးဝမသောက်သည်က အကောင်းဆုံးဖြစ်ကြောင်း အကြံပြုထားသည်။

ထို့ပြင် ကင်ဆာရောဂါများကို တားဆီးနိုင်ရန်အတွက် အရက်သောက်သုံးမှုအပြင် ဝက်ပေါင်ခြောက်နှင့် ဝက်အူချောင်းကဲ့သို့သော ပြုပြင်စီရင်ထားသည့်အသားများ၊ သကြားဓာတ်လွန်ကဲသည့်အချိုရည်များကိုလည်း ရှောင်ရန်လိုကြောင်း WCRF သုတေသနပညာရှင်များက အကြံပြုထားသည်။

အူမကြီးကင်ဆာ၊ ရင်သားကင်ဆာ၊ အသည်းကင်ဆာ၊ ခံတွင်းကင်ဆာ၊ လည်ချောင်းကင်ဆာ၊ အစာပြွန်ကင်ဆာနှင့် အစာအိမ်ကင်ဆာတို့သည် အရက်သောက်သုံးမှုနှင့် ပတ်သက်နေသည်ဟု WCRFအစီရင်ခံစာ၌ သုံးသပ်ထားကြောင်း သိရသည်။ KKO



## နိုင်ငံတကာ အားကစားသတင်းများ

# အဲဗာတန်တိုက်စစ်မှူး ရွန်းနီ ဒီစီယူနိုက်တက်အသင်းသို့ ပြောင်းရွှေ့ရန် အမေရိကန်နိုင်ငံသို့ ရောက်ရှိ

**ဝါရှင်တန် မေ ၂၄**

အဲဗာတန်အသင်း ဝါရှင့်တိုက်စစ်မှူး ရွန်းနီသည် အမေရိကန်ကလပ် ဒီစီယူနိုက်တက်အသင်းသို့ ပြောင်းရွှေ့ကစားရေးအတွက် ဆွေးဝါးကုသမှုခံယူရန် အမေရိကန်နိုင်ငံသို့ ယနေ့နံနက်ပိုင်းက ရောက်ရှိခဲ့ကြောင်း သိရသည်။

၎င်းအနေဖြင့် ဒီစီယူနိုက်တက်အသင်းနှင့် ဆေးစစ်မှုများ ပြုလုပ်မည်ဖြစ်သော်လည်း စာချုပ် ချုပ်ဆိုခြင်းကို မပြုလုပ်သေးဘဲ ဝါရှင်တန်မြို့တွင် နှစ်ရက်တာ အပန်းဖြေအနားယူပြီးနောက်မှသာ ထပ်မံဆွေးနွေး၍ စာချုပ် ချုပ်ဆိုမည်ဖြစ်သည်။

ထို့ပြင် ရွန်းနီသည် အမေရိကန်ဘောလုံးပရိသတ်များ ကြိုက်နှစ်သက်သည့် ကစားသမားတစ်ဦးဖြစ်သည့်အတွက် ၎င်းအနေဖြင့် အမေရိကန်နိုင်ငံသို့ ရောက်ရှိလာခြင်းသည် အမေရိကန်ဘောလုံးလောကအတွက် ကောင်းကျိုးများဖြစ်လာဖွယ်ရှိနေသည်ဟု ဖော်ပြခဲ့ကြသည်။

ရွန်းနီအနေဖြင့် ဒီစီယူနိုက်တက်အသင်းသို့ ပြောင်းရွှေ့ကစားမည်ဆိုပါက တစ်ချိန်က မန်ယူအသင်းတွင် လက်တွဲကစားခဲ့ဖူးသည့် ဝါရှင့်တိုက်စစ်မှူး အီဗရာဟီမိုဗစ်ချ်နှင့် တွေ့ဆုံယှဉ်ပြိုင်ရတော့မည်ဖြစ်သည်။

ရွန်းနီသည် မန်ယူအသင်းမှ အဲဗာတန်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့ပြီး အသင်းနှင့်အတူ ၃၁ပွဲပါဝင်ကစားခဲ့ကာ ၁၀ဂိုးသွင်းယူ၍ ဂိုးဖန်တီးမှု နှစ်ကြိမ်ပြုလုပ်နိုင်ခဲ့သည့် ကစားသမားတစ်ဦးဖြစ်ကြောင်း သိရသည်။

STA

# ဘရာဇီးဘောလုံးအဖွဲ့ချုပ်က နေမာ၏ ဒဏ်ရာအခြေအနေ တိုးတက်မှုရှိကြောင်း ထုတ်ပြန်

**ဘရာဇီးလီးယား မေ ၂၄**

ပြင်သစ်လီဂူးအမှတ်ပေးပြိုင်ပွဲတွင် ရရှိခဲ့သည့် တိုက်စစ်မှူး နေမာ၏ ခြေဖဝါးဒဏ်ရာ အခြေအနေသည် တိုးတက်မှုရှိလာသဖြင့် လက်ရှိအချိန်တွင် အသင်းနှင့်အတူ အပေါ့စားလေ့ကျင့်ခန်းများ ပြုလုပ်နေပြီဟု ဘရာဇီးဘောလုံးအဖွဲ့ချုပ်က သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

အသက် ၂၆နှစ်ရှိ ပီအက်စ်ဂျီအသင်း တိုက်စစ်မှူး နေမာသည် ပြီးခဲ့သည့် ဖေဖော်ဝါရီ ၂၅ရက်က ပြင်သစ်လီဂူးပွဲစဉ်အဖြစ် မာဆေးအသင်းနှင့်ကစားခဲ့သည့်ပွဲစဉ်တွင် ခြေဖဝါးဒဏ်ရာ ပြင်းထန်စွာရရှိခဲ့ကာ အနားယူနေခဲ့ရပြီး ပီအက်စ်ဂျီအသင်းနှင့်အတူ လက်ကျန်ပွဲစဉ်များအားလုံး လွဲချော်ခဲ့သည်။

ဘရာဇီးဘောလုံးအဖွဲ့ချုပ်က "နေမာရဲ့ ဒဏ်ရာအခြေအနေက ကောင်းလာပါတယ်။ နေ့စဉ်လေ့ကျင့်ခန်း ဆင်းနေပါတယ်။ ကျွန်တော်တို့ ထင်ထားတာထက်ပိုပြီး မြန်မြန်ကောင်းလာနေပါတယ်"ဟု သတင်းထုတ်ပြန်ခဲ့သည်။

ဘရာဇီးဆရာဝန် ရိုဒရီဂိုလက်စ်က "နေမာရဲ့ ခြေဖဝါးဒဏ်ရာကို ပြီးခဲ့တဲ့ မတ် ၂ရက်က ခွဲစိတ်ပေးခဲ့ပါတယ်။ နောက်တစ်ဆင့်ကတော့ နေမာအတွက် ကစားဖော်တွေနဲ့အတူ အပြည့်အဝလေ့ကျင့်ခန်းဆင်းဖို့ပဲ ကျန်ပါတော့တယ်။ သူ့အနေနဲ့ ကမ္ဘာ့ဖလားပြိုင်ပွဲအမီ ပြန်လည်ကောင်းမွန်လာလိမ့်မယ်လို့ မျှော်လင့်ပါတယ်"ဟု ပြောကြားခဲ့သည်။

နေမာအနေဖြင့် ဒဏ်ရာမှ သက်သာလာခြင်း မရှိသေးသော်လည်း ဘရာဇီးဘောလုံးအဖွဲ့ချုပ်က ကမ္ဘာ့ဖလားပြိုင်ပွဲဝင်ရောက်မည့် ဘရာဇီးလက်ရွေးစင် အသင်း၏ အပြီးသတ်ကစားသမား ၂၃ဦးစာရင်းတွင် ရွေးချယ်ထားကြောင်း သိရသည်။

STA

**အားကစားမြင့်တင် စိတ်လန်းရွှင် ဆန့်ကျင် မူးယစ်ဆေး**

# ဘာစီလိုနာအသင်း ကွင်းလယ်ကစားသမား အင်နီယေစတာ ဂျပန်ကလပ် ဗစ်ဆယ်လ်ကိုဘီအသင်းသို့ ပြောင်းရွှေ့



**ဘာစီလိုနာ မေ ၂၄**

ဘာစီလိုနာအသင်း၏ ကွင်းလယ်ကစားသမား အင်နီယေစတာသည် ဘာစီလိုနာအသင်းနှင့်ချုပ်ဆိုထားသော စာချုပ်သက်တမ်းကုန်ဆုံးခဲ့သောကြောင့် ဂျပန်ကလပ် ဗစ်ဆယ်လ်ကိုဘီအသင်းသို့ ယနေ့တွင် ပြောင်းရွှေ့ခဲ့ကြောင်း သိရသည်။

အင်နီယေစတာသည် တရုတ်စူပါလိဂ်သို့ ပြောင်းရွှေ့ရန် သတင်းများ ထွက်ပေါ်ခဲ့သော်လည်း ၎င်းအနေဖြင့် ဂျပန်ကလပ်ကိုသာ ရွေးချယ်ခဲ့သည်။

ဘာစီလိုနာအသင်းအကယ်ဒမီမှ ထွက်ပေါ်ခဲ့သော ကစားသမားများထဲတွင် အကောင်းဆုံးကစားသမားအဖြစ် သတ်မှတ်ခံထားရသော အင်နီယေစတာသည် ဘာစီလိုနာအသင်းကို လာလီဂါအမှတ်ပေးချန်ပီယံဆု ကိုးကြိမ်ထိ ရရှိအောင် ကူညီပေးခဲ့ပြီး ချန်ပီယံလိဂ်ဆုဖလား လေးကြိမ်ရရှိအောင် အဓိကနေရာမှ စွမ်းဆောင်ပေးခဲ့သူဖြစ်သည်။

ဘာစီလိုနာအသင်းသည် ၎င်းကို စာချုပ်သစ်အတွက် ကမ်းလှမ်းရန် ပြင်ဆင်ခဲ့သော်လည်း အင်နီယေစတာက နယ်မြေသစ်တွင် စိန်ခေါ်မှုအသစ်ဖြင့် ရင်ဆိုင်လိုသည့်အတွက် ဘာစီလိုနာအသင်းနှင့် စာချုပ်သက်တမ်းတိုးမြှင့်ရန် ငြင်းဆန်ခဲ့ခြင်းဖြစ်သည်။

အင်နီယေစတာက "ဒီနေ့ကတော့ ကျွန်တော့်အတွက် ကစားသမားဘဝစာမျက်နှာသစ်ကို ဖွင့်လှစ်ရမယ့် အချိန်ကာလလဲဖြစ်ပါတယ်။ ဗစ်ဆယ်လ်ကိုဘီအသင်းကို ကျွန်တော်ဘာဖြစ်လို့ ရွေးချယ်ခဲ့သလဲဆိုတော့ သူတို့ရဲ့ စီမံကိန်းကို ကျွန်တော်စိတ်ဝင်စားလို့ပါ။ သူတို့အသင်းကလဲ ကျွန်တော့်အပေါ်မှာ ယုံကြည်မှုအပြည့်အဝရှိတဲ့အတွက် သူတို့အသင်းကို ရွေးချယ်ခဲ့ခြင်းဖြစ်ပါတယ်။ ကျွန်တော့်ကို ကမ်းလှမ်းခဲ့ကြတဲ့အသင်းတွေ အားလုံးကိုလဲ ကျေးဇူးတင်ပါတယ်။ ကျွန်တော့်အပေါ်မှာ အလေးထားလို့ အခုလို ကမ်းလှမ်းမှုတွေ လုပ်လာတယ်လို့ ကျွန်တော်ယူဆပါတယ်"ဟု ပြောကြားခဲ့သည်။

ဗစ်ဆယ်လ်ကိုဘီအသင်း၏ဥက္ကဋ္ဌ ဟီရိုရှီက "ဂျပန်ဘောလုံးလောကအတွက် လေးစားမှုရရှိထားတဲ့ ကစားသမားတစ်ယောက်ကို ခေါ်ယူနိုင်ခဲ့တာဟာ ကျွန်တော်တို့အတွက် ဂုဏ်ယူစရာ အကောင်းဆုံးအခိုက်အတန့်ပါ။ ကျွန်တော်တို့ အသင်းဟာ အာရှရဲ့ နံပါတ်(၁)ကလပ်အသင်းဖြစ်ဖို့ ရည်ရွယ်ပြီး အင်နီယေစတာကို ခေါ်ယူခဲ့ခြင်းဖြစ်ပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL

# နာပိုလီအသင်းက နည်းပြ ဆာရီနေရာတွင် ဝါရင့်နည်းပြ အန်ဆယ်လော့တီကို အစားထိုးခန့်အပ်

**ရောမ မေ ၂၄**

နာပိုလီအသင်းသည် အသင်းနည်းပြ ရာထူးမှ နုတ်ထွက်သွားခဲ့သော နည်းပြ ဆာရီနေရာတွင် အီတလီ ဝါရင့်နည်းပြ အန်ဆယ်လော့တီကို ခန့်အပ်ခဲ့ကြောင်း သိရသည်။

နည်းပြ ဆာရီသည် နာပိုလီပရိသတ်များ၏ ချစ်ခင်မှုကို ရရှိထားသော နည်းပြတစ်ဦးဖြစ်ပြီး နာပိုလီအသင်းကိုလည်း ပုံစံသစ်ဖြင့် အကောင်းဆုံးတည်ဆောက်ပေးနိုင်ခဲ့သည့် နည်းပြတစ်ဦးဖြစ်သည်။

နည်းပြ ဆာရီကို ဥရောပအသင်းကြီးများက စိတ်ဝင်စားနေခဲ့ကြပြီး အထူးသဖြင့် ချဲလ်ဆီးအသင်းက ခေါ်ယူရန် ဆွေးနွေးနေပြီဖြစ်ကြောင်း သိရသည်။

အီတလီအခြေစိုက်သတင်းဌာနများ၏အဆိုအရ နည်းပြဆာရီသည် ချဲလ်ဆီးအသင်းကို တာဝန်ယူရန်အတွက် နာပိုလီအသင်းကို စွန့်ခွာခဲ့ခြင်းဖြစ်သည်ဟု ဖော်ပြထားသည်။

နာပိုလီအသင်းက "အန်ဆယ်လော့တီဟာ နည်းပြကောင်း တစ်ယောက်ပါ။ ဘောလုံးလောကမှာ ကျင်လည်နေတာ ကြာနေပြီဖြစ်သလို အောင်မြင်မှု များစွာရယူထားတဲ့ နည်းပြတစ်ယောက်ပါ။ အီတလီနိုင်ငံရဲ့ နည်းပြလောကမှာလဲ လေးစားမှု အပြည့်အဝရထားတဲ့ နည်းပြလဲဖြစ်ပါတယ်။ သူ့အနေနဲ့ ကျွန်တော်တို့အသင်းကို အကောင်းဆုံး ဦးဆောင်ပေးနိုင်မယ်လို့ ယုံကြည်ပါတယ်။ အသင်းပိုင်ရှင်ကလဲ သူ့ကိုနှစ်သက်သလို ကျွန်တော်တို့ကလဲ နှစ်သက်ပါတယ်။ သူဟာ နည်းစနစ်ပိုင်းမှာ တကယ့်ကို ထူးချွန်တဲ့ နည်းပြတစ်ယောက်ဖြစ်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL



# ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် အာဆင်နယ်အသင်း၏ လက်မောင်းတံဆိပ်စပွန်ဆာ တန်ဖိုးအမြင့်ဆုံးဖြစ်လာ

**လန်ဒန် မေ ၂၄**

အာဆင်နယ် အသင်းသည် လာမည့်နှစ် ဘောလုံးရာသီတွင် Visit Rwanda ကုမ္ပဏီနှင့် လက်မောင်းတံဆိပ်စပွန်ဆာ စာချုပ်ချုပ်ဆိုခဲ့ပြီးနောက် အဆိုပါလက်မောင်းတံဆိပ်စပွန်ဆာသည် ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် တန်ဖိုးအမြင့်ဆုံး စပွန်ဆာစာချုပ်ဖြစ်လာခဲ့ကြောင်း သိရသည်။

ယခုနှစ်ဘောလုံးရာသီမှ စတင်၍ ပရီးမီးယားလိဂ်ဘောလုံးအဖွဲ့ချုပ်က ပြိုင်ပွဲဝင်အသင်းများအတွက် လက်မောင်းတံဆိပ် စပွန်ဆာခွင့်ပြုပေးခဲ့ပြီးနောက် အသင်းအများစုသည် လက်မောင်းတံဆိပ်စပွန်ဆာများ ချုပ်ဆိုခဲ့ကြပြီး ယခုအခါ အာဆင်နယ်အသင်းသည် ရဝမ်ဒါနိုင်ငံ အခြေစိုက် ခရီးသွားကုမ္ပဏီတစ်ခုဖြစ်သည့် Visit Rwanda ကုမ္ပဏီနှင့် လက်မောင်းတံဆိပ်စပွန်ဆာကို တစ်နှစ်လျှင် စတာလင်ပေါင် ၁၀သန်းဖြင့် သုံးနှစ်စာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

ယခုနှစ် ဘောလုံးရာသီ ပရီးမီးယားလိဂ် ပြိုင်ပွဲဝင်အသင်းများတွင် လက်မောင်းတံဆိပ်စပွန်ဆာ စာချုပ်ချုပ်ဆိုမှု တန်ဖိုးအမြင့်ဆုံးမှာ ချဲလ်ဆီးအသင်းနှင့် ဟွန်ဒိုင်းကုမ္ပဏီတို့ ချုပ်ဆိုခဲ့သည့် စာချုပ်သည် တန်ဖိုးအမြင့်ဆုံးဖြစ်ခဲ့သော်လည်း ယခုအခါ အာဆင်နယ်အသင်းနှင့်Visit Rwanda ကုမ္ပဏီတို့ ချုပ်ဆိုခဲ့သည့် စပွန်ဆာစာချုပ်က တန်ဖိုးအမြင့်ဆုံးဖြစ်လာသည်။

အာဆင်နယ်အသင်းသည် ရှာစီစပွန်ဆာအဖြစ် Emirates လေကြောင်းကုမ္ပဏီနှင့် ၂၀၂၃- ၂၀၂၄ ဘောလုံးရာသီထိ စာချုပ် ချုပ်ဆိုထားပြီး ကွင်းအမည် မူပိုင်ခွင့်ကိုလည်း ၂၀၂၈ခုနှစ်ထိ ယင်းကုမ္ပဏီနှင့် စာချုပ် ချုပ်ဆိုထားခြင်းဖြစ်ကြောင်း သိရသည်။

STA

# တရုတ်လက်ရွေးစင်အသင်းနှင့် ခြေစမ်းပွဲစဉ်ကစားရန် မြန်မာ့လက်ရွေးစင်အသင်း တရုတ်နိုင်ငံသို့ ရောက်ရှိ




**ရန်ကုန် မေ ၂၄**

မြန်မာ့လက်ရွေးစင်အသင်းသည် တရုတ်လက်ရွေးစင် အသင်းနှင့် ခြေစမ်းပွဲကစားရန်အတွက် ယနေ့ နံနက် ၁နာရီက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ရန်ကုန်-ဟောင်ကောင်- နန်ကျင်း ခရီးစဉ်ဖြင့် တရုတ်နိုင်ငံသို့ ထွက်ခွာခဲ့ရာ တရုတ်နိုင်ငံ နန်ကျင်းမြို့သို့ ဒေသစံတော်ချိန် ညနေ ၃နာရီခွဲတွင် ရောက်ရှိခဲ့ကြောင်း သိရသည်။

မြန်မာ့လက်ရွေးစင်အသင်းနှင့် တရုတ်လက်ရွေးစင်အသင်းတို့သည် လာမည့် မေ ၂၆ရက် ညနေ ၆နာရီ ၅မိနစ်တွင် တရုတ်နိုင်ငံ နန်းကျင်းမြို့တွင် ခြေစမ်းပွဲကစားသွားမည် ဖြစ်သည်။

တရုတ်လက်ရွေးစင်အသင်းနှင့် ခြေစမ်းပွဲစဉ်ကစားမည့် မြန်မာ့လက်ရွေးစင်အသင်းကို နည်းပြ အန်တွမ်နီပေးက ပဏာမကစားသမား ၂၂ဦးဖြင့် အစောပိုင်းက လေ့ကျင့်မှုများပြုလုပ်ခဲ့သော်လည်း ယနေ့တွင် ပဏာမကစားသမားစာရင်းမှ တိုက်စစ်မှူး ဇင်မင်းထွန်းနှင့် ဝေယံဦးတို့ကို ချန်လှပ်ခဲ့ပြီး ကစားသမား ၂၀ဦးဖြင့်သာ သွားရောက်ခြင်းဖြစ်သည်။

"ဇင်မင်းထွန်းက ဒူးဒဏ်ရာရရှိနေတယ်လို့ သိရပါတယ်။ ဝေယံဦးကလဲ ဒဏ်ရာပြဿနာအနည်းငယ်ရှိနေလို့ နည်းပြ အန်တွမ်နီပေးက ချန်လှပ်ခဲ့တာပါ။ အဲဒီ ကစားသမားနှစ်ဦးအတွက် အခြားကစားသမားတွေ အစားထိုးခေါ်ယူခြင်းတော့ မရှိခဲ့ပါဘူး။ ကျန်တဲ့ ကစားသမား ၂၀ဦးနဲ့ တရုတ်နိုင်ငံကို ထွက်ခွာသွားတာပါ"ဟု မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကိုကိုသိန်းက ပြောပြသည်။

နည်းပြ အန်တွမ်နီပေးသည် တရုတ်လက်ရွေးစင် အသင်းနှင့် ခြေစွမ်းပွဲစဉ်ကစားမည့် မြန်မာ့လက်ရွေးစင်အသင်းကို အာရှအားကစားပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင် ယူ-၂၃ အသင်းအတွက် ရည်ရွယ်ဖွဲ့စည်းခဲ့ခြင်းဖြစ်ပြီး လက်ရှိမြန်မာ့လက်ရွေးစင်အသင်းတွင် ဝါရင့်ကစားသမားများအဖြစ် ကျော်ဇင်ထက်၊ဇော်မင်းထွန်း၊ သိန်းသန်းဝင်း၊ ဒေးဗစ်ထန်းနှင့် အောင်မြင့်ထွန်းတို့ ပါဝင်ခဲ့ကာ မြန်မာ့လက်ရွေးစင် ယူ-၂၃အသင်းနှင့် လူငယ်အသင်းကစားသမားများလည်း ပါဝင်သည်။

တရုတ်လက်ရွေးစင်အသင်းနှင့် ကစားမည့် မြန်မာ့လက်ရွေးစင် အသင်းကို အသင်းခေါင်းဆောင်အဖြစ် ဝါရင့်ခံစစ်ကစားသမား ဇော်မင်းထွန်းက တာဝန်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

STA

# မြန်မာနေရှင်နယ်လိဂ် ယူ-၂၁ အမှတ်ပေးပြိုင်ပွဲ ဒုတိယအကျော့ပွဲစဉ်များ မေ ၂၆ရက်တွင် ပြန်လည်ကျင်းပမည်

**ရန်ကုန် မေ ၂၄**

မြန်မာနေရှင်နယ်လိဂ် ယူ-၂၁ အမှတ်ပေးပြိုင်ပွဲ ဒုတိယအကျော့ ပွဲစဉ်များကို မေ ၂၆ရက်တွင် ပြန်လည်ကျင်းပသွားမည်ဟု မြန်မာနေရှင်နယ်လိဂ်ကော်မတီက ယနေ့တွင် သတင်းထုတ်ပြန်ခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲ ပွဲစဉ်(၁၃)အဖြစ် ပထမအကျော့ပွဲစဉ်များ ကစားပြီးချိန်တွင် ISPE(A)အသင်းက ရမှတ် ၃၄မှတ်ဖြင့် အမှတ်ပေးဇယားကို ဦးဆောင်နိုင်ခဲ့ပြီး ရတနာပုံအက်ဖ်စီ ယူ-၂၁အသင်းက ရမှတ်၃၁မှတ်ဖြင့် အမှတ်ပေးဇယားအဆင့်(၂)နေရာတွင် ရပ်တည်လျက်ရှိသည်။

မြန်မာနေရှင်နယ်လိဂ် ယူ-၂၁ အမှတ်ပေးပြိုင်ပွဲ ဒုတိယအကျော့ ပွဲစဉ်ဖြစ်သည့် ပွဲစဉ်(၁၄)အဖြစ် မေ ၂၆ရက် ညနေ၃နာရီခွဲတွင် ရန်ကုန်မြို့ တောင်ဒဂုံအားကစားကွင်း၌ ဟံသာဝတီယူနိုက်တက် ယူ-၂၁ အသင်းနှင့် စစ်ကိုင်းယူနိုက်တက် ယူ-၂၁အသင်း၊ စလင်းအားကစားကွင်းတွင် ရှမ်းယူနိုက်တက်ယူ-၂၁ အသင်းနှင့် ဆောက်သမ်းမြန်မာ ယူနိုက်တက်ယူ-၂၁အသင်း၊ မေ ၂၇ရက် ညနေ ၃နာရီခွဲ စလင်းအားကစားကွင်းတွင် ရန်ကုန်ယူနိုက်တက် ယူ-၂၁အသင်းနှင့် ဂျီအက်ဖ်အေယူ-၂၁အသင်း၊ တောင်ဒဂုံအားကစားကွင်းတွင် ISPE(A) အသင်းနှင့် မကွေးအက်ဖ်စီယူ-၂၁ အသင်းတို့ ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။

မေ ၂၈ရက် ညနေ ၃နာရီခွဲ စလင်းအားကစားကွင်းတွင် ရတနာပုံ အက်ဖ်စီယူ-၂၁အသင်းနှင့် မြဝတီ အက်ဖ်စီယူ-၂၁အသင်း၊ တောင်ဒဂုံ အားကစားကွင်းတွင် ဧရာဝတီယူနိုက်တက်ယူ-၂၁အသင်းနှင့် MFF Youth အသင်း၊ မေ ၂၉ရက် ညနေ ၃နာရီခွဲ စလင်းအားကစားကွင်းတွင် ရခိုင်ယူနိုက်တက်ယူ-၂၁အသင်းနှင့် ဇွဲကပင်ယူနိုက်တက်ယူ-၂၁အသင်း တို့ အသီးသီးယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

STA

# WLC-5 KNOCK OUT WAR ပြိုင်ပွဲအတွက် Media Workout အစီအစဉ် ပြုလုပ်မည်

**ရန်ကုန် မေ ၂၄**

မြန်မာ့လက်ဝှေ့ခမောင်း ကုမ္ပဏီမှ စီစဉ်ကျင်းပမည့် WLC-5 KNOCK OUT WAR အမည်ရှိ ကမ္ဘာ့လက်ဝှေ့ ချန်ပီယံရှစ်ပြိုင်ပွဲအတွက် Media Workout အစီအစဉ်ကို မေ ၂၇ရက် နံနက်၁၁နာရီတွင် ရန်ကုန်မြို့ Junction Maw Tin ရှိ Transcend Gym တွင် ပြုလုပ်သွားမည်ဟု မြန်မာ့လက်ခမောင်းကုမ္ပဏီက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲကို လာမည့် ဇွန် ၂ရက် ညနေ ၅နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံတွင် ကျင်းပမည်ဖြစ်သည်။

ယင်းပြိုင်ပွဲ၏ Media Work-out အစီအစဉ်သို့ စောဘိုးစောဒါဝိတ်၊ ကျော်ဇင်လတ်နှင့် ပိုလန်နိုင်ငံသား အာသာဆာလာဗိုက်တို့ တက်ရောက်မည်ဖြစ်ပြီး မီဒီယာများမှ သိရှိလိုသည်များကို ရှင်းလင်းပြောကြားမည်ဖြစ်သည်။

ကမ္ဘာ့လက်ဝှေ့ချန်ပီယံရှစ်ပြိုင်ပွဲကို အဓိကတွဲဆိုင်းအဖြစ် စောဘိုး (တောင်ကလေး)နှင့် ပိုလန်နိုင်ငံသား အာသာဆာလာဗိုက်တို့ ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်ပြီး မြန်မာပြည် ချန်ပီယံလုပွဲစဉ်အဖြစ် စောဒါဝိတ် (တောင်ကလေး)နှင့် ကျော်ဇင်လတ် (ကိုးသထုံ)၊ ငါးချိုစိန်ခေါ်ပွဲ ၇၅-၇၉ ကီလိုတန်းတွင် စောငမန်း(မြန်မာ) နှင့် ဘာဒါတို့(ဩစတြေးလျ) အခြားတွဲဆိုင်းများတွင် ငါးချိုစိန်ခေါ်ပွဲ ဝယ်သာဝိတ်တန်း ၆၃ဒသမ၅-၆၅ ကီလိုတန်းပွဲစဉ်တွင် သမြေညို (Adventure) နှင့် ဖိုးလပြည့် (ရွှေဖူး)၊ လိုက်ဝိတ်တန်း ၅၇-၆၀ ကီလိုတန်းပွဲစဉ်တွင် အန်တီနီယိ အယ်ဘာတို(ပေါ်တူဂီ)နှင့် မိုက်ခိုင်း (မြန်မာ)၊ ငါးချိုစိန်ခေါ်ပွဲ လိုက်ဖ်ဝိတ်တန်း၆၀-၆၃ဒသမ၅ကီလိုတန်း ပွဲစဉ်တွင် စောထူးအောင်(တောင်ဝင်းရှား)နှင့် လက်သီးမိုး(ကိုးသထုံ) တို့ ယှဉ်ပြိုင်ထိုးသတ်သွားမည်ဖြစ်သည်။

ထို့ပြင် သုံးချိုစိန်ခေါ်ပွဲစဉ်အဖြစ် ဖယ်သာဝိတ်တန်း၅၄-၅၇ကီလိုတန်း အမျိုးသမီးစိန်ခေါ်ပွဲစဉ်တွင် ရွှေနဒီ (မြန်မာ)နှင့် နိုဆရီပေါ့ (ကမ္ဘောဒီးယား)တို့ ယှဉ်ပြိုင်ထိုးသတ်သွားမည်ဖြစ်ကြောင်း သိရသည်။ STA

# လာမည့်အပြောင်းအရွှေ့ကာလတွင် ဘာစီလိုနာအသင်းအနေဖြင့် ဆာလာဟ်ကို ခေါ်ယူသင့်ဟု ရီဗယ်ဒို ပြောကြား

**ဘာစီလိုနာ မေ ၂၄**

ဘာစီလိုနာအသင်း ကစားသမားဟောင်း တစ်ဦးဖြစ်သည့် ရီဗယ်ဒိုက လာမည့်အပြောင်းအရွှေ့ကာလတွင် ဘာစီလိုနာအသင်းအနေဖြင့် ဆာလာဟ်ကို ခေါ်ယူသင့်သည်ဟု ပြောကြားခဲ့ကြောင်း သိရသည်။

၎င်းအနေဖြင့် ဘာစီလိုနာအသင်းတွင် ငါးနှစ်ကြာကစားခဲ့ဖူးပြီး အသင်းနှင့်အတူ အောင်မြင်မှုများစွာ ရယူနိုင်ခဲ့သည့် ကစားသမားဟောင်း တစ်ဦးဖြစ်သည်။

ရီဗယ်ဒိုက "ဆာလာဟ်ဟာ လက်ရှိအချိန်မှာ ထိပ်တန်းကစားသမားတစ်ဦးဖြစ်နေပါပြီ။ သူ့အနေနဲ့ ပွဲတစ်ပွဲရဲ့အဖြေကို ပြောင်းလဲပေးနိုင်တဲ့ ကစားသမားတစ်ဦးပါ။ ဘာစီလိုနာအသင်းအနေနဲ့ ရေရှည်အောင်မြင်မှုရရှိဖို့ သူ့ကို လာမည့် အပြောင်းအရွှေ့ကာလမှာ ခေါ်ယူသင့်ပါတယ်"ဟု ပြောကြားခဲ့သည်။

ဆာလာဟ်သည် ယခုနှစ် ဘောလုံးရာသီအတွင်း လီဗာပူးအသင်းတွင် အကောင်းဆုံးခြေစွမ်းပြသနိုင်ခဲ့ကာ တစ်ဦးချင်းဆုတံဆိပ်များရရှိခဲ့သည့်အပြင် လီဗာပူးအသင်းကိုလည်း ချန်ပီယံလိဂ်ဗိုလ်လုပွဲစဉ်သို့ တက်ရောက်နိုင်ရန် အဓိကနေရာမှပါဝင်ခဲ့သည့် ကစားသမားတစ်ဦးဖြစ်သည်။

ထို့ပြင် ဆာလာဟ်ကို ဘာစီလိုနာအသင်းအပြင် ရီးရဲလ်မက်ဒရစ်အသင်းကလည်း ခေါ်ယူရန် စောင့်ကြည့်လျက်ရှိနေကြောင်း သိရသည်။

STA

# မန်ယူအသင်းတွင် ပေါ့ဂ်ဘာနှင့် ကစားလိုသည်ဟု ပြောကြားခဲ့ခြင်းကြောင့် ယာယာတိုရေးကို မန်စီးတီးအသင်းပရိသတ်များ အမျက်ထွက်



**မန်ချက်စတာ မေ ၂၄**

မန်စီးတီးအသင်းဝါရင့်ကွင်းလယ်ကစားသမား ယာယာတိုရေးက မန်ယူအသင်းတွင် ပေါ့ဂ်ဘာနှင့် တွဲဖက်ကစားလိုသည်ဟု ပြောကြားခဲ့ခြင်းကြောင့် မန်စီးတီးအသင်း ပရိသတ်များ အမျက်ထွက်ခဲ့ကြောင်း သိရသည်။

သို့သော် ယာယာတိုရေးသည် ပရီးမီးယားလိဂ်မှ အသင်းတစ်သင်းသို့ ပြောင်းရွှေ့လိုသည်ဟု အစောပိုင်းကတည်းက ပြောကြားခဲ့သော်လည်း ယခုအခါ ၎င်းအနေဖြင့် မန်ယူအသင်းသို့ ပြောင်းရွှေ့ပြီး ပေါ့ဂ်ဘာနှင့် တွဲဖက်ကစားလိုသည်ဟု ပြောကြားခဲ့သောကြောင့် မန်စီးတီးအသင်း ပရိသတ်များက အမျက်ထွက်ခဲ့ခြင်းဖြစ်သည်။

ယာယာတိုရေးက "ကျွန်တော့်ကို ပရီးမီးယားလိဂ် ထိပ်သီးအသင်းတစ်သင်းက ကမ်းလှမ်းလာမယ်ဆိုရင် ကျွန်တော်ငြင်းပယ်မှာမဟုတ်ပါဘူး။ အသင်းကြီးတွေက ကျွန်တော့်အတွက်အရေးပါပါတယ်။ ပေါ့ဂ်ဘာက ကျွန်တော်အားပေးတဲ့ ကစားသမားတစ်ဦးပါ။သူနဲ့ တွဲဖက်ကစားချင်ပါတယ်။ ကျွန်တော်နဲ့ ပေါ့ဂ်ဘာက ကစားပုံချင်း တူညီတယ်ဆိုပေမယ့် သူက နည်းစနစ်ပိုင်း ပိုကောင်းပြီး ဂိုးသွင်းယူနိုင်စွမ်း အပြည့်ရှိတဲ့ ကစားသမားပါ" ဟု ပြောကြားခဲ့သည်။

မန်ယူအသင်းအနေဖြင့်လည်း ယခုနှစ် ဘောလုံးရာသီတွင် အသင်းမှ အဓိကဝါရင့်ကစားသမားတစ်ဦးဖြစ်သည့် မိုက်ကယ်ကာရစ် အနားယူသွားခဲ့သဖြင့် ၎င်း၏နေရာတွင် အစားထိုးရန် ကစားသမားတစ်ဦး ရှာဖွေနေရာ မန်စီးတီးအသင်းမှ ထွက်ခွာမည့် ယာယာတိုရေးကို ခေါ်ယူဖွယ်ရှိနေသည်ဟု သတင်းများ ထွက်ပေါ်လျက်ရှိနေကြောင်း သိရသည်။

STA

# ပရီးမီးယားလိဂ်တန်းတက် ဗိုလ်လုပွဲနဲ့ဥရောပချန်ပီယံလိဂ်ပွဲစဉ်တွေထဲက ဖူလ်ဟမ်၊ ရီးရဲလ်မက်ဒရစ်တို့နဲ့ လက်တွဲရမှာပါ

ဇော်ရန်ကင်း




စနေညမှာ ပရီးမီးယားလိဂ်တန်းတက်ဗိုလ်လုပွဲနဲ့ ဥရောပချန်ပီယံလိဂ်ဗိုလ်လုပွဲတွေ ယှဉ်ပြိုင်ကစားဖို့ရှိနေပြီး အဲဒီပွဲစဉ် နှစ်ပွဲပြီးရင်တော့ ဥရောပဘောလုံးရာသီက နိဂုံးချုပ်မှာဖြစ်ပါတယ်။ ရုရှားနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမယ့် ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲကို လာမယ့်ဇွန်၁၄ ရက်မှာ စတင်မှာဖြစ်လို့ ကမ္ဘာ့ဘောလုံးကိုစိတ်ဝင်စားတဲ့ ပရိသတ်တွေအနေနဲ့ နိုင်ငံလက်ရွေးစင်အသင်းတွေရဲ့ ခြေစမ်းပွဲတွေက ရှိနေဦးမှာမို့ ဘောလုံးပရိသတ်တွေ ဆက်လက်ကြည့်ရှုရမှာဖြစ်ပါတယ်။ ပရီးမီးယားလိဂ်တန်းတက်ဗိုလ်လုပွဲကို မေ ၂၆ရက် ည ၁၀ နာရီခွဲမှာ ကစားမှာဖြစ်ပြီး ချန်ပီယံလိဂ်ဗိုလ်လုပွဲကိုတော့ တနင်္ဂနွေနံနက်၁နာရီ မိနစ်၃၀ဆက်လက်ယှဉ်ပြိုင်ကစားမှာမို့ စနေညဟာစိတ်လှုပ်ရှားဖွယ်ရာညတစ်ညဖြစ်တယ်လို့ဆိုရမှာဖြစ်ပါတယ်။ အဲဒီပွဲစဉ်နှစ်ပွဲကို သုံးသပ်ရမယ်ဆိုရင်တော့. . .

**ဖူလ်ဟမ်ကိုပဲ ရွေးချယ်ရမှာပါ**

လာမယ့်နှစ် ဘောလုံးရာသီပရီးမီးယားလိဂ်ကို တန်းတက်ဖို့ နောက်ဆုံးအဆုံးအဖြတ်ပွဲစဉ်ဖြစ်တဲ့ အေဗီလာနဲ့ဖူလ်ဟမ်အသင်းတို့ဟာ အနိုင်ရတဲ့အသင်းက သန်း၁၆၀တန်ပရီးမီးယားလိဂ်တန်းတက်ခွင့်လက်မှတ်ကိုရမှာဖြစ်တဲ့အတွက် နှစ်သင်းစလုံးမရှုံးအောင် ထိန်းကစားလာကြဖို့သေချာသလောက် ရှိနေပါတယ်။ သူတို့နှစ်သင်းချန်ပီယံရှစ်မှာ တွေ့ဆုံခဲ့စဉ်က တစ်ပွဲစီနိုင်ထားခဲ့ကြပြီး သက်ဆိုင်ရာ အိမ်ကွင်းအသီးသီးမှာ အနိုင်ရထားခဲ့ကြတာပါ။ အေဗီလာက အိမ်ကွင်းမှာ နှစ်ဂိုးတစ်ဂိုးနဲ့နိုင်ခဲ့တယ်ဆိုပေမယ့် သူတို့ရသွားခဲ့တဲ့ အနိုင်ဂိုးက ဖူလ်ဟမ်ဂိုးသမားရဲ့ အားနည်းချက်ကြောင့် ရသွားခဲ့တာဖြစ်ပါတယ်။

ဖူလ်ဟမ်ကတော့ သူတို့ကွင်းမှာ (၂-၀) ဂိုးနဲ့အနိုင်ရခဲ့ပါတယ်။အဲဒီပွဲစဉ်တွေမှာ မြင်တွေ့ရတဲ့ခြေစွမ်းတွေအရ သုံးသပ်မယ်ဆိုရင်တော့သူတို့နှစ်သင်းရဲ့ခြေစွမ်းက တစ်သင်းနဲ့တစ်သင်း သိပ်မကွာလှပါဘူး။ နှစ်သင်းစလုံးဟာ ခံစစ်ကိုအခြေပြုပြီး တန်ပြန်တိုက်စစ်ကတစ်ဆင့်ဂိုးရရှိဖို့ ကြိုးပမ်းလေ့ရှိတဲ့အပြင် Set pieceတွေကတစ်ဆင့် ဂိုးရရေးကြိုးပမ်းလေ့ရှိတဲ့ အသင်းတွေလဲဖြစ်ပါတယ်။ နှစ်သင်းစလုံးဟာ ကွင်းလယ်ပိုင်းကဘောလုံး ဖျက်ထုတ်နိုင်မှုမှာ အားနည်းတာကြောင့် တစ်သင်းသင်းက ဘောလုံးရလာပြီဆိုရင် ပြိုင်ဘက်ရဲ့ဧရိယာနားကို အလွယ်တကူ ရောက်လာလေ့ရှိတာ တွေ့ရပါတယ်။

ဖူလ်ဟမ်ကတော့ သူတို့ရဲ့တောင်ပံဖြတ်တင်ဘောတွေက တစ်ဆင့်ဂိုးရအောင် ဖန်တီးနိုင်မှုဟာ အေဗီလာထက်သာပါတယ်။ သို့သော် ဖူလ်ဟမ်ဟာ ပြိုင်ဘက်ဂိုးဧရိယာနားရောက်ရင် ဂိုးရအောင်ဖန်တီးနိုင်စွမ်း အားနည်းလေ့ရှိပြီး ပြိုင်ဘက်နောက်တန်းသုံးယောက်လောက်နဲ့ သူတို့က ငါးယောက်လောက်တွေ့ဆုံလဲ ဂိုးရအောင်ဖန်တီးနိုင်စွမ်းအားနည်းတဲ့အသင်းဖြစ်ပါတယ်။

အေဗီလာကတော့ တိုက်စစ်ပိုင်းက ဖူလ်ဟမ်နဲ့နှိုင်းယှဉ်ရင် အနည်းငယ်အားနည်းပြီး ခံစစ်ပိုင်းမှာတော့ ဖူလ်ဟမ်ထက်အေဗီလာက အနည်းငယ်သာပါတယ်။ ဒါကြောင့် အေဗီလာအနေနဲ့ ဒီပွဲမှာ ဖူလ်ဟမ်ကို တိုက်စစ်ဖွင့်ကစားလာမှာမဟုတ်ဘဲ ခံစစ်ကိုအထိုင်ချကာ တန်ပြန်တိုက်စစ်ကပဲ ဂိုးရအောင်ကြိုးပမ်းလာမှာ သေချာပါတယ်။

ဖူလ်ဟမ်ကတော့ တိုက်စစ်ဖွင့်ကစားမယ့် အနေအထားမှာရှိပါတယ်။ အထူးသဖြင့် သူတို့အားသာတဲ့ တောင်ပံတိုက်စစ်ကနေ တိုက်စစ်ဆင်လာဖို့ သေချာသလောက်ရှိနေပါတယ်။

ဒီပွဲကို ဝင်ဘာလေကွင်းမှာ ကစားတာဖြစ်လို့ လန်ဒန်အခြေစိုက်ကလပ် ဖူလ်ဟမ်က ပိုအားသာချက်ရှိနေပေမယ့် အေဗီလာကလဲ အဝေးကွင်းရောက်ရင် အကောင်းဆုံးတုံ့ပြန်ကစားနိုင်စွမ်းရှိတာမို့ ဖူလ်ဟမ်အနေနဲ့လဲ ဂိုးတစ်ဂိုးရဖို့ ခက်ခက်ခဲခဲကြိုးပမ်းရမှာပါ။

ဒီပွဲမှာ ဖူလ်ဟမ်က သရေကျရင်အနည်းငယ် ကြေးပေးရမယ်လို့အကျော ပေးထားခဲ့ပြီး ဖူလ်ဟမ်အနေနဲ့ အေဗီလာကို မရှုံးအောင်တော့ ခံကစားနိုင်စွမ်းရှိတယ်လို့ သုံးသပ်ရတာကြောင့်ဖူလ်ဟမ်ကိုပဲ ရွေးချယ်ချင်ပါတယ်။

**အေဗီလာရဲ့နောက်ဆုံး(၅)ပွဲရလဒ်**

| | | |
|---|---|---|
| အေဗီလာ | ၀-၀ | မစ်ဒယ်ဘရော့ |
| မစ်ဒယ်ဘရော့ | ၀-၁ | အေဗီလာ |
| ဗီဝေါလ် | ၁-၀ | အေဗီလာ |
| အေဗီလာ | ၁-၁ | ဒါဘီ |
| အက်ဝှစ်ချ် | ၀-၄ | အေဗီလာ |

**ဖူလ်ဟမ်ရဲ့ နောက်ဆုံး (၅)ပွဲရလဒ်**

| | | |
|---|---|---|
| ဖူလ်ဟမ် | ၂-၀ | ဒါဘီ |
| ဒါဘီ | ၁-၀ | ဖူလ်ဟမ် |
| ဘာမင်ဂမ် | ၃-၁ | ဖူလ်ဟမ် |
| ဖူလ်ဟမ် | ၂-၁ | ဆန်းဒါးလန်း |
| ဗီဝေါလ် | ၀-၃ | ဖူလ်ဟမ် |

**ထူးခြားမှတ်တမ်း**

♦ အေဗီလာအသင်း နောက်ဆုံးကစားခဲ့သည့်ခုနစ်ပွဲတွင် ခြောက်ပွဲမှာ နှစ်သင်းပေါင်းသွင်းဂိုး ၂ဒသမ ၅ဂိုးအောက်သာရှိခဲ့။

♦ ဖူလ်ဟမ်အသင်းသည် နောက်ဆုံးကစားခဲ့သော၂၆ပွဲ တွင် ဂိုးမသွင်းနိုင်သည့်ပွဲမှာ တစ်ပွဲသာရှိခဲ့။

**ရီးရဲလ်မက်ဒရစ်နဲ့ လက်တွဲထားရမှာပါ**

ဒီနှစ်ဥရောပဘောလုံးရာသီရဲ့ နိဂုံးချုပ်ပွဲစဉ်ဖြစ်တဲ့ လီဗာပူးနဲ့ ရီးရဲလ်တို့ပွဲစဉ်ဟာ ကမ္ဘာတစ်လွှားက ပရိသတ်တွေ အကြိုက်တွေ့မယ့်ချန်ပီယံလိဂ်ပြိုင်ပွဲရဲ့ ဗိုလ်လုပွဲစဉ်ပဲဖြစ်ပါတယ်။ နှစ်သင်းလုံးကလဲ တိုက်စစ်အားသန်တဲ့အသင်းတွေဖြစ်နေတာမို့ တစ်သင်းနဲ့တစ်သင်းဂိုးတွေ အပြိုင်သွင်းပြီး ပရိသတ်ကိုအပြည့်အဝဖျော်ဖြေမှုတွေ ပေးစွမ်းသွားနိုင်မလားဆိုတာ တော်တော်လေး စိတ်ဝင်စားစရာကောင်းနေပါတယ်။

အထူးသဖြင့် ဇီဒေန်းဦးဆောင်တဲ့ ရီးရဲလ်မက်ဒရစ်နဲ့ ဒီနှစ်ဘောလုံးရာသီမှာ အကောင်းဆုံးခြေစွမ်းတွေပြသနေတဲ့ လီဗာပူးတို့ပွဲစဉ်ဟာ စိတ်ဝင်စားစရာကောင်းနေပါတယ်။ နှစ်သင်းစလုံးဟာ ဒီနှစ်ဘောလုံးရာသီ ပြည်တွင်းပြိုင်ပွဲတွေမှာ ခြေစွမ်းပျောက်ဆုံးခဲ့ပြီး ရီးရဲလ်မက်ဒရစ်က အမှတ်ပေးဇယားမှာ အဆင့်(၂)နေရာတောင်မရခဲ့တာမို့ ဒီပွဲဟာသူတို့အသင်းအတွက် တော်တော်လေးအရေးပါနေပြီး တကယ်လို့များ ဒီပွဲမှာသာအနိုင်မရခဲ့ရင် နည်းပြဇီဒန်းနဲ့ ရီးရဲလ်မက်ဒရစ်အသင်းတို့ လမ်းခွဲရဖို့ထိဖြစ်လာနိုင်ပါတယ်။ ဒါကြောင့် နည်းပြဇီဒန်းအနေနဲ့ ဒီပွဲစဉ်ကိုရင်ဆိုင်ဖို့ အကောင်းဆုံးနည်းဗျူဟာကို ခင်းကျင်းလာမှာပါ။ လီဗာပူးကတော့ သူတို့ရဲ့ထုံးစံအတိုင်း ပြိုင်ဘက် ကို မရပ်မနားတိုက်စစ်ဆင်ရင်း သူလဲ ဂိုးသွင်းကိုယ်လဲဂိုးသွင်းတဲ့ဗျူဟာကို ခင်းကျင်းလာဖို့ သေချာသလောက်ရှိနေပါတယ်။

သူတို့နှစ်သင်းနောက်ဆုံးကစားခဲ့တဲ့ ပွဲစဉ်တွေတချို့က ခြေစွမ်းဟာ ဒီပွဲအပေါ်မှာ သိပ်ရိုက်ခတ်မှုမရှိမှာ သေချာပါတယ်။ နှစ်သင်းစလုံးဟာ ဒီပွဲစဉ်ကို တိုက်စစ်အားသန်တဲ့ (၄-၃-၃) လူနေရာချထားမှုနဲ့ ပွဲထွက်လာနိုင်ပါတယ်။ လီဗာပူးဟာ ဒီနှစ်ဘောလုံးရာသီချန်ပီယံလိဂ်မှာ ဂိုး ၄၀ သွင်းယူထားပြီး တိုက်စစ်အကောင်းဆုံးအသင်းအဖြစ် ရပ်တည်နေသလို ရီးရဲလ်မက်ဒရစ်က ဂိုး၃၀နဲ့ ဒုတိယနေရာမှာ ရပ်တည်နေပါတယ်။ စီရော်နယ်ဒိုက ၁၅ဂိုးနဲ့ ဂိုးအများဆုံးသွင်းသူနေရာမှာ ရပ်တည်နေတယ်ဆိုပေမယ့် လီဗာပူးတိုက်စစ်အတွဲဖြစ်တဲ့ ဆာလာဟ်၊ ဖာမီနိုနဲ့ မာနေးတို့အတွဲက ၂၉ဂိုးထိ သွင်းယူထားနိုင်တာမို့ အဲဒီတိုက်စစ်အတွဲကို ရီးရဲလ်မက်ဒရစ် ကွင်းလယ်နဲ့နောက်တန်းက ထိန်းနိုင်မလားဆိုတာကို စောင့်ကြည့်ရမှာပါ။ ရီးရဲလ်မက်ဒရစ်ကတော့ သူတို့အားသာတဲ့ Set piece တွေကတစ်ဆင့် ဂိုးရရေးကိုပဲ ပိုအာရုံစိုက်လာဖို့ ရှိပါတယ်။

လီဗာပူးဟာ ဂိုးဧရိယာအတွင်း ခေါင်းတိုက်ဘောတွေကိုရှင်းထုတ်ရာမှာ အားနည်းချက်ရှိနေပြီး ရီးရဲလ်မက်ဒရစ်အသင်းက စီရော်နယ်ဒို၊ ဘန်ဇီမာတို့ဟာ ခေါင်းတိုက်ဂိုးသွင်းယူရာမှာ ကျွမ်းကျင်သူတွေဖြစ်လို့ အဲဒီအားသာချက်တွေကို သေချာပေါက်အသုံးချလာမှာဖြစ်ပါတယ်။

ဒီပွဲရဲ့ အဓိကအချက်ကတော့ ချန်ပီယံလိဂ် ဗိုလ်လုပွဲကစားဖူးတဲ့ ကစားသမားပါဝင်မှုပဲဖြစ်ပါတယ်။ လီဗာပူးမှာ ပါဝင်တဲ့ကစားသမားတွေဟာ နောက်ဆုံးဗိုလ်လုပွဲ ပွဲစဉ်တွေမှာ ပါဝင်ကစားဖူးခြင်းမရှိသေးဘဲ သူတို့အသင်းသားတွေဟာ အဆုံးအဖြတ်ပွဲစဉ်တွေရောက်ရင် အတွေ့အကြုံပိုင်းအားနည်းချက်ရှိနေတာကို တွေ့ရပါတယ်။

ရီးရဲလ်မက်ဒရစ်ကတော့ အဆုံးအဖြတ်ပွဲတွေမှာ ဘယ်လိုကစားရမယ်ဆိုတာကို သိနေတဲ့အတွေ့အကြုံရင့်ကစားသမားတွေနဲ့ ဖွဲ့စည်းထားတာမို့ ဒီအချက်ကို အသုံးချသွားနိုင်လိမ့်မယ်လို့ ယုံကြည်ရပါတယ်။

သူတို့နှစ်သင်းကို နေရာအလိုက် နှိုင်းယှဉ်မယ်ဆိုရင်ဂိုးသမား၊ နောက်တန်းနဲ့ ကွင်းလယ်မှာ ရီးရဲလ်မက်ဒရစ်ကသာပြီး တိုက်စစ်မှာတော့ လီဗာပူးက သာပါတယ်။ တကယ့်အဓိကကျတဲ့နေရာ သုံးနေရာမှာရီးရဲလ်မက်ဒရစ်ကသာနေပြီး လီဗာပူးအနေနဲ့ တိုက်စစ်တစ်ခုတည်း အားသာရုံနဲ့ အနိုင်ယူသွားဖို့ဆိုတာ တော်တော်လေးခက်ခဲလှမှာဖြစ်ပါတယ်။ ဒီပွဲမှာ ရီးရဲလ်မက်ဒရစ်က သရေကျရင် တစ်ဝက်လောက်ကြေးပေးရမယ်လို့ အကျောပေးထားမှုက ရီးရဲလ်မက်ဒရစ်မရှုံးလောက်ဘူးလို့ သုံးသပ်ရတာကြောင့် ရီးရဲလ်မက်ဒရစ်နဲ့ပဲ လက်တွဲထားရမှာပါ။

**လီဗာပူးရဲ့နောက်ဆုံး (၅)ပွဲရလဒ်**

| | | |
|---|---|---|
| လီဗာပူး | ၄-၀ | ဘရိုက်တန် |
| ချဲလ်ဆီး | ၁-၀ | လီဗာပူး |
| ရိုးမား | ၄-၂ | လီဗာပူး |
| လီဗာပူး | ၀-၀ | စတုတ်စီးတီး |
| လီဗာပူး | ၅-၂ | ရိုးမား |

**ရီးရဲလ်မက်ဒရစ်ရဲ့နောက်ဆုံး(၅)ပွဲရလဒ်**

| | | |
|---|---|---|
| ဗီလာရီးရဲလ် | ၂-၂ | ရီးရဲလ်မက်ဒရစ် |
| ရီးရဲလ်မက်ဒရစ် | ၆-၀ | ဆဲလ်တာဗီဂို |
| ဆီဗီလာ | ၃-၂ | ရီးရဲလ်မက်ဒရစ် |
| ဘာစီလိုနာ | ၂-၂ | ရီးရဲလ်မက်ဒရစ် |
| ရီးရဲလ်မက်ဒရစ် | ၂-၂ | ဘိုင်ယန်မြူးနစ် |

**ထူးခြားမှတ်တမ်း**

♦ လီဗာပူးတွင် ပါဝင်ကစားနေသော ကစားသမားများထဲတွင် ချန်ပီယံလိဂ် ဗိုလ်လုပွဲကစားခဲ့ဖူးသည့် ကစားသမားတစ်ဦးမျှ ပါဝင်ခြင်းမရှိ။

♦ လီဗာပူးသည် ၁၉၈၁ခုနှစ်ချန်ပီယံလိဂ်ဗိုလ်လုပွဲတွင် ရီးရဲလ်မက်ဒရစ်ကိုအနိုင်ယူ၍ ချန်ပီယံဖြစ်ခဲ့သောကြောင့် အင်္ဂလန်ကိုယ်စားပြုကလပ်အသင်းများအနေဖြင့် အဆိုပါနိုင်ပွဲမှာ စပိန်အခြေစိုက်ကလပ်ကို အနိုင်ရပြီး ချန်ပီယံလိဂ်တွင် နောက်ဆုံးအကြိမ်အနိုင်ရခြင်းဖြစ်။

♦ ရီးရဲလ်မက်ဒရစ်သည် ချန်ပီယံလိဂ်ဗိုလ်လုပွဲသို့ (၁၅)ကြိမ်တက်ရောက်ခဲ့ရာ ၁၂ကြိမ်ချန်ပီယံဖြစ်ခဲ့ပြီး လီဗာပူးအနေဖြင့် ခုနစ်ကြိမ်ချန်ပီယံလိဂ်ဗိုလ်လုပွဲသို့ တက်ရောက်ခဲ့ဖူးပြီး ငါးကြိမ်ချန်ပီယံဖြစ်ထားခဲ့။

♦ ရီးရဲလ်မက်ဒရစ်သည် နောက်ဆုံးကစားခဲ့သော ချန်ပီယံလိဂ် ၁၂ပွဲတွင် သုံးပွဲသာဂိုးမပေးခဲ့ရသော်လည်း နောက်ဆုံးကစားခဲ့သည့် ၂၇ပွဲ ဆက်ဂိုးသွင်းထားနိုင်ခဲ့။

♦ ရီးရဲလ်မက်ဒရစ်နည်းပြ ဇီဒန်းသည် လီဗာပူးနှင့် တစ်ကြိမ်မျှ ရင်မဆိုင်ဘူးသော်လဲ လီဗာပူးနည်းပြမှာမူ ရီးရဲလ်မက်ဒရစ်နှင့် ခြောက်ကြိမ်ရင်ဆိုင်ခဲ့ရာတွင် သုံးပွဲနိုင်၊ တစ်ပွဲသရေ၊ နှစ်ပွဲရှုံးထားရှိခဲ့။

# ဇာတ်ကားများ အရည်အသွေးကောင်းဖြစ်စေရန် စိစစ်ရိုက်ကူးနေဟု သရုပ်ဆောင် အောင်ရဲလင်း ပြော



ရန်ကုန် မေ ၂၄

လက်ရှိလုပ်ကိုင်နေသော အနုပညာလုပ်ငန်းမှန်သမျှကို အရည်အသွေးကောင်းဖြစ်စေရန်အတွက် ဇာတ်ကားများကို စိစစ်ရိုက်ကူးနေကြောင်း သရုပ်ဆောင်အောင်ရဲလင်းက ပြောပြ၍ သိရသည်။

"အဓိက က အောင်မြင်တယ်ဆိုတာက ဘယ်အလုပ်ပဲဖြစ်ဖြစ် သေးတာကအစ ကြီးတာအဆုံး ကိုယ့်အလုပ်ကို သေချာလုပ်နိုင်ရမယ်။ ကိုယ်တာဝန်ယူထားတဲ့အလုပ်ကို သေချာတာဝန်ကျေဖို့ လိုတယ်လို့ ကျွန်တော်ကတော့ ခံယူပါတယ်။ အများကလဲ ကြိုက်ရမယ်။ နောက်တစ်ခုကတော့ ကိုယ့်ကိုယ်ကိုယ် ကြိုက်ဖို့ပါပဲ။ အဲဒီလိုကြိုက်တဲ့အခါမှာ အရည်အသွေးကောင်းဖို့လိုပါတယ်။ ကိုယ်လုပ်တဲ့အလုပ်တွေမှာ အရည်အသွေးကောင်းဖို့ကို လုံးဝမလျှော့ရပါဘူး။ ဒါက အဓိကအချက်ပါပဲ။ နောက်ဆုံးအချက်ကတော့ ကျွန်တော်ခံယူထားတာက ဘာသာရေးပါပဲ။ ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာသမားတွေကို ဘယ်တော့မှ မေ့လို့မရပါဘူး။ ကျွန်တော်ကတော့ ဒီအနုပညာကိစ္စမှ မဟုတ်ပါဘူး။ ဘာသာရေးကို ကိုယ့်ဘာသာကိုယ် ယုံကြည်သက်ဝင်မှုတွေ ရှိပါတယ်။ ဒါက ကျွန်တော့်စိတ်အထင်ပါ။ ဒါတွေအားလုံးစုံရင်တော့ ကိုယ်လိုချင်တဲ့ ပန်းတိုင်ကို ရောက်လာမှာပါပဲ"ဟု ၎င်းက ဆက်လက်ပြောပြသည်။

လာမည့် မေ ၂၅ရက်တွင် ရုံတင်ပြသမည့် မတစ်ထောင်တစ်ကောင်ဘွား ရုပ်ရှင်ဇာတ်ကားတွင် အချို့သော ဇာတ်ဝင်ခန်းများကို သဘောမကျသည့်အပြင် ဇာတ်ဝင်ခန်းတစ်ခန်းမှာ ကုပ်က တက်တူးပေါ်ခဲ့သောကြောင့် ဇာတ်ကားတစ်ကားလုံးတွင် ၉၀ရာခိုင်နှုန်းသာ ကျေနပ်ကြောင်း သရုပ်ဆောင် အောင်ရဲလင်းက ပြောပြ၍ သိရသည်။

MMK

# My Dearest Fidel ရုပ်ရှင်ဇာတ်ကားကို ဆူးခရိုးလ်နှင့်မင်းသမီးဂဲလ်ဂါးဒေါ့တို့ ထုတ်လုပ်မည်

လော့စ်အိန်ဂျလိစ် မေ ၂၄

Wonder Woman ဇာတ်ကားတွင် အတွဲညီခဲ့သည့် ဝါနာဘရားသားရုပ်ရှင်ကုမ္ပဏီ အမှုဆောင်အရာရှိဟောင်း ဆူးခရိုးလ်နှင့် အစ္စရေးရုပ်ရှင်မင်းသမီး ဂဲလ်ဂါးဒေါ့တို့သည် My Dearest Fidel အမည်ရှိ ကျူးဘားခေါင်းဆောင်ကြီး ဖီဒယ်လ်ကတ်စထရို ရုပ်ရှင်ဇာတ်ကားကို ပူးတွဲထုတ်လုပ်မည်ဖြစ်ကြောင်း ဟောလိဝုဒ်သတင်းဝက်ဘ်ဆိုက်များက ရေးသားတင်ပြထားကြောင်း သိရသည်။

စာရေးဆရာ ပီတာကွန်းဘလား၏ My Dearest Fidel: A Journalist's Secret Liaison With Fidel Castro ဆောင်းပါးကို အခြေခံရိုက်ကူးမည့် My Dearest Fidel ဇာတ်ကားတွင် မင်းသမီး ဂဲလ်ဂါးဒေါ့သည် ထုတ်လုပ်သူအဖြစ်သာမက ကိုယ်တိုင်ပါဝင်သရုပ်ဆောင်ဖွယ်ရှိသည်။

My Dearest Fidel ဇာတ်ကားသည် အမေရိကန် အေဘီစီသတင်းဌာနမှ အမျိုးသမီးသတင်းထောက် လီဆာဟိုးဝဲလ်နှင့် ကွယ်လွန်သူ ကျူးဘားခေါင်းဆောင်ကြီး ဖီဒယ်ကတ်စထရိုတို့၏ ဆက်ဆံရေးပုံစံကို အခြေခံရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

ကျူးဘားနိုင်ငံ ဟာဗားနားမြို့သို့ သုံးကြိမ်ရောက်ခဲ့ဖူးပြီး ဖီဒယ်လ်ကတ်စထရို၏ အယုံကြည်ရဆုံးသူတစ်ဦးဖြစ်လာခဲ့သော လီဆာဟိုးဝဲလ်သည် ကျူးဘား ဒုံးကျည်အကျပ်အတည်းအပြီးတွင် ဝါရှင်တန်နှင့် ဟာဗားနားကြား လျှို့ဝှက်ဆက်သွယ်ရေးလမ်းကြောင်း ထားရှိနိုင်ရေးအတွက် အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်ခဲ့သူဖြစ်သည်။

ဆူးခရိုးလ်နှင့်အတူ သဘောတူညီချက်တစ်ရပ် ရယူထားသည့် ဝါနာဘရားသားကုမ္ပဏီသည် My Dearest Fidel ဆောင်းပါးကို ရုပ်ရှင်အဖြစ် အသက်သွင်းရေးအတွက် စာရေးဆရာ ပီတာကွန်းဘလားထံမှ မူပိုင်ခွင့် ရယူထားပြီးဖြစ်ကြောင်း သိရသည်။

KKO

# Mister National Universe 2018 ပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြု မြတ်သီဟ ဝင်ရောက်ယှဉ်ပြိုင်မည်

ရန်ကုန် မေ ၂၄

ယခုနှစ် ဇွန်လအတွင်း ထိုင်းနိုင်ငံ၌ ကျင်းပပြုလုပ်မည့် Mister National Universe 2018 ပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြု မြတ်သီဟ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

"အခုလို မြန်မာနိုင်ငံကိုယ်စားပြုအနေနဲ့ သွားရောက်ယှဉ်ပြိုင်ရမှာဖြစ်လို့ လိုအပ်တဲ့အပိုင်းတွေကအစ Presentation and Introduction , Body Training and Catwalk, Talent and NC တို့ကိုလဲ အကောင်းဆုံးကြိုးစားပြီး လေ့လာသင်ယူနေပါတယ်။ Organization အတွက်ရော မြန်မာနိုင်ငံအတွက်ပါဂုဏ်ဆောင်နိုင်ဖို့ အကောင်းဆုံးကြိုးစားသွားမှာပါ" ဟု မြတ်သီဟက ပြောပြသည်။

အဆိုပါပြိုင်ပွဲတွင် နိုင်ငံတကာမှ နိုင်ငံကိုယ်စားပြု Mister များ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း၊ ပြိုင်ပွဲတွင် အနောက်တိုင်းဝတ်စုံ၊ Talent, National Costume, Sport Dress, လူငယ်ဖက်ရှင်၊ General Knowledge နှင့်အခြားပညာရပ်များကို အဆင့်ဆင့် ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း။ ပြိုင်ပွဲအတွက် လိုအပ်သည့် လေ့ကျင့်မှု၊ သင်ယူမှု၊ ကြိုတင်ပြင်ဆင်မှုများကိုလည်း ပြုလုပ်လျက်ရှိကြောင်း သိရသည်။

Mister National Universe 2018 ပြိုင်ပွဲတွင် Camp ကာလအတွင်း လေ့ကျင့်မှုများ၊ Activities များ၊ Trip များအပေါ် မူတည်ကာ အမှတ်ပေးမည်ဖြစ်ကြောင်း၊ ဉာဏ်ရည်ဉာဏ်သွေးထက်မြက်မှု၊ လူငယ်ဆန်ဆန်ဝတ်စားဆင်ယင်မှု၊ Fashion, Stage Performance၊ ငယ်ရွယ်သွက်လက်မှု၊ တက်ကြွမှုနှင့် Activities များပေါ် မူတည်ကာ အမှတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သူသူ




# တေလာဆွစ်၏ Reputation ဂီတခရီးစဉ်နှင့် အဆိုတော် ကာမီလာကာဘယ်လို လွဲချော်

လော့စ်အိန်ဂျလိစ် မေ ၂၄

၂၀၁၈ခုနှစ် ဘီလ်ဘုတ်ဂီတဆုပေးပွဲအပြီးတွင် ရေဓာတ်ခန်းခြောက်မှုပြဿနာနှင့်ကြုံနေရသည့် အဆိုတော် ကာမီလာကာဘယ်လိုသည် မေ ၂၂ရက်က စတင်သည့် တေလာဆွစ်၏ Reputation ဂီတခရီးစဉ်နှင့် လွဲချော်ခဲ့ရကြောင်း ယူဗီအိုင်သတင်းဌာနက ရေးသားတင်ပြထားသည်။

ဘီလ်ဘုတ်ဂီတဆုပေးပွဲအပြီး ရေဓာတ်ခန်းခြောက်မှုကြောင့် တေလာဆွစ်၏ Reputation ဂီတခရီးစဉ်အဖွင့်ကိုလွဲချော်ခဲ့ပြီဖြစ်ကြောင်း ကျူးဘားနွယ်ဖွား အမေရိကန် အဆိုတော် ကာမီလာကာဘယ်လိုက ၎င်း၏ တွစ်တာစာမျက်နှာမှ တစ်ဆင့် ကြေညာထားသည်။

အဆိုတော် ကာမီလာကာဘယ်လိုသည် ဆီယက်တဲမြို့၌ မေ ၂၂ရက်က ကျင်းပသည့် တေလာဆွစ်၏ Reputation ဂီတခရီးစဉ်အဖွင့်ပွဲတွင် ပွဲဦးထွက်ဖျော်ဖြေပေးရန် မူလက စီစဉ်ထားသည်။

ဘီလ်ဘုတ်ဂီတဆုပေးပွဲ၌ ဖျော်ဖြေပြီးနောက် မိမိမှာ ရေဓာတ်ခန်းခြောက်၍ အဖျားသွေးဝင်ခဲ့ရာ ဆရာဝန်၏ အကြံပေးချက်အရ အနားယူရန် ဆုံးဖြတ်ခဲ့ရကြောင်း၊ နေပြန်ကောင်းလာသည့်နှင့် Reputation ပွဲစဉ်များတွင် လိုက်ပါဖျော်ဖြေပေးမည်ဖြစ်ကြောင်း အဆိုတော် ကာမီလာကာဘယ်လိုက ပရိသတ်များကိုအသိပေးထားသည်။

အဆိုတော် ကာမီလာကာဘယ်လိုသည် မေ ၂၀ရက်က ကျင်းပသည့် ၂၀၁၈ခုနှစ် ဘီလ်ဘုတ်ဂီတဆုပေးပွဲ၌ Sangria သီချင်း၊ Havana သီချင်းတို့ဖြင့် ဖျော်ဖြေခဲ့ကြောင်း သိရသည်။

KKO

# ဖန်တီးနေသော ဂီတပုံစံတစ်မျိုးရှိနေသော်လည်း ပရိသတ်များကို ကြိုမပြောချင်သေးကြောင်း အဆိုတော် ဂျိုကာ ပြော

ရန်ကုန် မေ ၂၄

ဖန်တီးနေသော ဂီတပုံစံတစ်မျိုးရှိနေသော်လည်း ပရိသတ်များကို ကြိုမပြောချင်သေးကြောင်း အဆိုတော် ဂျိုကာက ပြောပြ၍ သိရသည်။

"ဖန်တီးထားတဲ့ဟာတွေကို ကြိုမပြောချင်သေးပါဘူး။ အကုန်လုံးကို ဝုန်းခနဲ ပေးချင်လို့ပါပဲ။ အဲဒါကြောင့် အချိန်ယူနေတာပါ။ ကျွန်တော်ဖန်တီးချင်တဲ့ ဂီတပုံစံတစ်မျိုးရှိပါတယ်။ အဲဒီတစ်ခုကိုပေးဖြစ်မှာပါ။ ကျွန်တော်က Rap လဲဆိုတယ်။ တခြားသီချင်းတွေလဲဆိုတော့ ဘယ်လိုပုံစံပေးဖြစ်မယ်ဆိုတာက ပရိသတ်တွေ သီချင်းထွက်လာရင် တွေ့ရမှာပါ။ အခုက ကိုရဲလေးအတွက် ကျွန်တော်လိုက်ကူညီပေးနေပါတယ်။ သူ့အတွက် အလုပ်တွေ ပိုလုပ်ဖြစ်နေပါတယ်။ ကျွန်တော့်အတွက်လဲ ထွက်လာမှာပါ။ အချိန်တွေလဲ ရပါသေးတယ်။ ကျွန်တော်က တခြားအနုပညာလှုပ်ရှားမှုတွေလဲ လုပ်နေတော့ အခွေအတွက် သီချင်းအတွက် အချိန်မပေးနိုင်သေးတာပါ။အခုက ဇာတ်ကားရိုက်ကူးတာတွေများနေလို့ပါ" ဟု အဆိုတော် ဂျိုကာက ပြောပြသည်။

ရုပ်ရှင်ဇာတ်ကားများတွင်လည်း ပါဝင်သရုပ်ဆောင်ခွင့်ရလာပြီဖြစ်သော ဂျိုကာအနေဖြင့် Funny Video မှာ ရိုက်ကူးနေပြီး ၎င်း၏ လူမှုကွန်ရက်စာမျက်နှာပေါ်၌ တင်ခြင်းနည်းပါးသွားသော်လည်း Tik Tok အနုပညာများကို ပရိသတ်များ ပျော်ရွှင်စေရန် တင်လာခြင်းက များနေကြောင်း သိရသည်။

ထို့ပြင် လာမည့် ဇွန်လအတွင်းတွင် ရုပ်ရှင်ဇာတ်ကားများ လက်ခံရိုက်ကူးရန်ရှိသည့်အပြင် လက်ရှိတွင် အစ်ကိုဖြစ်သူ ရဲလေးနှင့် တွဲဖက်ပြီး အနုပညာအလုပ်များကို တစ်ဖက်တစ်လမ်းမှ ကူညီပံ့ပိုးပေးလျက်ရှိကြောင်း သိရသည်။

MMK



# Hailing Amnesty International's exposé of terrorist attacks, inhuman mass murders committed by ARSA extremist Bengali terrorist group



**U Kyaw Myint Naing ( 45 years old ) ,Rakhine ethnic , from Yatharya Village, Killed by the Bengali terrorists at 11:40 AM on 30th August 2017**

**Nay Pyi Taw May 24**

The report "Attacks by the Arakan Rohingya Salvation Army (ARSA) on Hindus in Northern Rakhine State" released by Amnesty International on 23 May 2018 said that ARSA extremist Bengali terrorist group launched synchronized attacks on about 30 security posts in northern Rakhine State on 25 August 2017 after taking time in making preparations in advance; that the terrorist attacks occurred only a few hours after the release of the final report on Rakhine region by the Advisory Commission on Rakhine State led by former UN chief Kofi Annan; that a large number of Bengali villagers organized by the ARSA took part in the terrorist attacks together with the ARSA; that it is learnt that when Myanmar security forces responded to the terrorist attacks there occurred some human rights violations including extrajudicial killings, rape, sexual violence and intimidation; that about 693,000 Bengalis fled to Bangladesh for that response; that there were also human rights violations when Myanmar military responded to the ARSA's attacks against police outposts in October 2016; and that founded in 2012, the ARSA organized thousands of people and armed them with small arms and hand-made bombs. The report also said that the Amnesty International could prove that in August 2017, the ARSA organized thousands of Bengali villagers that was greater than that of the 2016 attack, armed them with knives, spears and various types of other weapons and launched the attacks; and that Bengali villagers also took part in the terrorist attacks together with the ARSA. In September 2017, the Amnesty International interviewed members of the Hindu community arriving in Bangladesh from Myanmar, and Hindu-Bengalis and ethnic races including Rakhines, Khamis, Mros and Thets in Sittway of Rakhine State in April 2018. The report detailed the findings by starting with the inability to find out the complete atrocities committed by ARSA extremist Bengali terrorists as access is denied to northern Rakhine State.

According to the findings by Amnesty International, a group of ARSA extremist Bengali terrorists arrested 69 Hindus men, women and children from Khamaungseik Village on 25 August 2017. Most of the arrested villagers were murdered and the remaining taken hostage. A total of 53—20 men, 10 women and 23 children, including 14 children under the age of eight—were killed. Only eight women and eight children managed to escape. The report also said the ARSA extremist Bengali terrorist group arrested 46 Bengali men, women and children from a Hindu village near Yebaukkya Village and they are still missing.

When the eight Hindu women arrested by the ARSA extremist Bengali terrorist group arrived in Bangladesh, they were forced to tell false news that the villagers were brutally killed by Rakhine ethnics and a video documentary was released. Likewise, similar false news pieces were broadcast, said Amnesty International.

On 26 August 2017 also, a group of ARSA extremist Bengali terrorists brutally killed one man, two women and three children in Myothugyi Village near Maungtaw, the report pointed out. Bengalis who triggered the conflicts killed other ethnics and their same people Bengalis.

The Myanmar Tatmadaw ordered security forces to strictly abide by the Rule of Engagement-ROE in deploying the least amount of strength to protect security, lives and property of local ethnic people and to carry out self defence of the security forces as ARSA extremist Bengali terrorists and the Bengali terrorists under their organizational arrangements with the estimated strengths between 6,000 and 10,000 committed attacks with the use of small arms, home-made grenades and heavy arms in the incidents of Buthidaung-Maungtaw region of Rakhine State, and exposed the officers and services who offended crimes with personal acts and took action against them. The information about taking action against them was also released in a transparent manner. In meeting with envoys from 15 members of the UN Security Council on 30 April 2018, the Commander-in-Chief of Defence Services clearly explained the stand and attitude of the Tatmadaw and gave them the documentary photos depicting the true events. Moreover, the Commander-in-Chief of Defence Services told them to send firm evidences if security forces including Tatmadawmen committed crimes, and after investigation, if it is true, the Tatmadaw will take action against them. Deterrent action taken against offenders by the Tatmadaw shows its accountability and responsibility. True events of conflicts in crimes committed by ARSA extremist Bengali terrorists in Buthidaung-Maungtaw region and the Bengalis committed crimes in the events were clarified with firm evidences by State-owned media and the Tatmadaw True News Information Team at the meetings between the Tatmadaw and international organizations, and firm evidences were presented to attendees. As such, the information was released that international organizations and media are urged to bravely expose true events similar to that of the Amnesty International.



**Rakhine Ethnic in Pankaing Village, terribly killed by blood-thirsty Bengali terrorists near Mayu Mountain Ranges**

The Tatmadaw welcomes Amnesty International for its impartiality and correct report about the atrocities committed by ARSA extremist Bengali terrorists by gathering firm evidence. Regarding the incidents that happened on 28 May 2012, 9 October 2016 and 25 August 2017, the Tatmadaw True News Information Team held press conferences and released news on radio and television and in newspapers on a timely basis. However, news agencies and governments from the West Bloc put pressure on Myanmar's government and the Tatmadaw by making lopsided accusations without recognizing the true news.

In addition to the incidents mentioned by the Amnesty International, the Tatmadaw True News Information Team has presented deaths of Mro and Khami ethnics in terror attacks of ARSA extremist Bengali terrorists and other terrorist attacks of non-ARSA members in individuals or groups during the uprisings due to their rights, committing of killings, robberies and rapes over Bengalis each other, and setting fire to their own houses in three events. So, we would like to urge the Amnesty International to stand for right for continuously exposing the cases that ARSA extremist Bengali terrorists and the



**Abu Harshin , the village-in-charge of GaungTaGar , was killed by the Bengali terrorists as he was accused to cooperate with the government**

**Tatmadaw True News Information Team**

www.facebook.com/themyawadydaily

# Conducting survey to cover quake resilience, possibility of damage at pagodas in Bagan region


Ancient pagodas and temples seen in Bagan.

**Mandalay May 24**

A plan is underway to conduct surveys on resilient capacity of soil and buildings on the ground in Bagan ancient culture region, according to the Myanmar Earthquake Committee.

The two-year project will be implemented to conduct survey on soil layer conditions in Bagan region, resilience of buildings on the ground and possibility of damage, starting from June, said Vice Chairman U Saw Zaw Htwe of the committee.

"Intensity of earthquakes is different from moves of soil layers and stone layers underground. It causes impacts on the ground. Upon completion of the survey, the map on earthquake danger in Bagan region will expose resilience and possible damage of buildings," said the vice chairman.

The survey will be jointly conducted by technicians and experts from Myanmar Earthquake Committee, Yangon Technological University, EOS Earth Monitoring Team from Nanyang University of Singapore and Department of Archaeology and National Museum. As the survey will start for the soil in Bagan region this year, one more survey will cover buildings on the ground in 2019.

A strong earthquake which centered near Chauk of Magway Region on 24 August 2016 with 6.8 magnitude of richter scale caused damage to about 400 ancient pagodas in Bagan cultural region.

197

# Basic education students to get textbooks, school uniforms, six notebooks each this AY


Teachers present school uniforms for students.

**Mandalay May 24**

The Ministry of Education will provide one set of school textbooks, one set of school uniform and six notebooks to each student at basic education schools in Mandalay Region in 2018-19 academic year, said Deputy Director General Daw San San Yi of Mandalay Region Education Office.

This academic year, parents, school heads and teachers need to cooperate among them for enrolment of five-year-old children at KG class and six-year-old children at Grade-I.

"Parents need to take responsibility for enrolment of their offspring while teachers need to warmly welcome all the children," said the deputy director general.

"The ministry has issued an announcement that parents, school heads and teachers need to abide by the disciplines for school enrolment. It must avoid that the school cannot admit the children who cannot show birth certificates. The school heads were instructed to admit those children with facts and date of birth talked by parents. Moreover, the children who need one month to five years can be admitted by respective school heads, those with need of two months by township education officers and those with three months by region or state education officer," said director U Nyunt Maung of Mandalay Region Education Office.

Under the arrangement of the World Bank, cash assistance will be provided to schools at different levels in early June this year. In January of previous academic year, the ministry provided K5,000 each for one set of school uniform to school heads and teachers from basic education schools.

Pyae Phyo Aung

# Investigators identify Russian military unit in downing of flight MH17

**Bunnik May 24**

A missile system from the 53rd anti-aircraft brigade of the Russian Armed Forces was used to shoot down Malaysia Airlines Flight 17 over eastern Ukraine in 2014, prosecutors investigating the disaster said on Thursday.

The airliner was hit by a Russian-made missile on July 17, 2014, with 298 people on board, two-thirds of them Dutch, over territory held by pro-Russian separatists. All aboard died.

"The buk (missile system) that was used came from the Russian army, the 53rd brigade," Chief Dutch Prosecutor Fred Westerbeke told Reuters. "We know that was used, but the people in charge of this buk, we don't know."

Investigators appealed to the public to come forward and help identify members of the crew who operated the missile and determine how high up the chain of command the order originated.

"The Russian Federation didn't help us in providing us the information we brought out into the open today," Westerbeke said. "They didn't give us this information, although a buk (missile system) from their military forces was used."

Russia has denied involvement in the incident. There was no immediate comment from Moscow on the investigative development. In an interim update on their investigation, prosecutors said they had trimmed their list of possible suspects from more than a hundred to several dozen.

He said investigators were not yet ready to identify individual suspects publicly or to issue indictments, but that when they do he expects cooperation, or a firm international political response.

Reuters

# Vessel Kissapanadi-3 provided by Japan to be allotted to Rakhine State

**Nay Pyi Taw May 24**

Vessel Kissapanadi-3 provided by Japan will be managed to run along necessary waterways in Rakhine State for public transportation, according to Inland Water Transport under the Ministry of Transport and Communications.

Japan government planned to donate three vessels to Myanmar for transporting the local people. Kissapanadi-1 and Kissapanadi-2 have arrived in Myanmar and now they are under management of Rakhine Branch of IWT in running along Sittway-Buthidaung route and Sittway-Myebon-Kyaukpyu route.

Sittway-Buthidaung route is 80 nautical miles long whereas Sittway-Myebon-Kyaukpyu route is 128 nautical miles long. The first and second vessels of Japan are being operated along respective routes to provide waterway transportation services to the local people.

Aungdagun Vessels being run in Rakhine State can give seats to 168 passengers. At present, bridges crossing rivers have been commissioned into service on Ponnagyun-Yathedaung-Buthidaung motor road. So, vessels face lesser number of passengers and commodities there.

Vessels on Sittway-Buthidaung route transported 44,447 passengers and 10,553 tons of cargo in 2017-18 fiscal year, earning K172.7 million from waterway transport for the State. Meanwhile, the vessels in Sittway-Myebon-Kyaukpyu route also earned K114.8 million from transport of 14,434 passengers and 78 tons of cargo in 2017-18 FY.

336

# North Korea blows up nuclear test tunnels amid doubts over summit

**Seoul May 24**

North Korea followed through on a pledge to blow up tunnels used for nuclear testing on Thursday, media reported, as part of steps that have reduced tension on the Korean peninsula and raised the possibility of a summit with the United States.

North Korea has conducted all six of its nuclear tests at the Punggye-ri site, which consists of tunnels dug beneath Mount Mantap in the northeast of the country.

A small group of international media selected by North Korea was on hand to witness the demolition, which Pyongyang says is proof of its commitment to end nuclear testing.

The destruction of the site began at about 11 a.m. with the blowing up and collapsing of a tunnel and an observation post.

After some time, it destroyed another tunnel and other facilities, then a third tunnel and another observation post.

About five hours after beginning the operation, it destroyed two military barracks, South Korean media said in pool reports.

The North Korean offer to scrap the test site has been seen as a major concession in months of easing tension between it, on the one hand, and South Korea and the United States on the other.

But the progress appears to have been checked this month with North Korea raising doubts about an unprecedented June 12 summit in Singapore between its leader, Kim Jong Un, and U.S. President Donald Trump.

The North objects to U.S. demands that it unilaterally give up its arsenal of nuclear bombs and ballistic missiles.

Last week, Trump sought to placate North Korea after it threatened to call off the summit, saying Kim's security would be guaranteed in any deal and his country would not suffer the fate of Muammar Gaddafi's Libya, unless that could not be reached.

But the reference to the case of Libya has angered North Korea.

Reuters

www.facebook.com/themyawadydaily

# ပြေးခိုင်းမလား၊ တွေးခိုင်းမလား

**သန်းစိုးအောင်**

ကျွန်တော်ဟာ နှစ်ပေါင်း ၃၅နှစ်မျှ ပညာရေးနဲ့ နေခဲ့တယ်။ ပညာရေးနဲ့အသက်ရှူခဲ့တယ်။ ဒါကြောင့် ကျွန်တော့်နှလုံးသားဟာ ပညာရေးနဲ့လိမ်းကျံနေတယ်။ ပညာရေးနဲ့လိမ်းကျံနေတယ်ဆိုတာ တက္ကသိုလ်တစ်ခုက ပါမောက္ခတစ်ယောက်လို အေးအေးဆေးဆေး သုတေသနပြုလေ့လာနေရတဲ့ ဘဝမျိုးမဟုတ်ဘဲ၊ မြန်မာနိုင်ငံ ဒေသအသီးသီးက ဘဝအကြောင်းတရားမလှတဲ့ ကလေးတွေ၊ ပညာသင်ယူမှု အခွင့်အလမ်းမရတဲ့ကလေးတွေ၊ အောက်ခြေက ပညာရေးဝန်ထမ်းတွေရဲ့ဘဝအခက်အခဲ၊ လုပ်ငန်းခွင် အခက်အခဲတွေကို လက်တွေ့ရင်ဆိုင်ကူညီဖြေရှင်းပေးရတဲ့ ပညာရေးရှေ့တန်းတိုက်စစ်မှူးဘဝမျိုးနဲ့ပါ။

မျက်မှောက်ကာလ "ပညာရေးဆိုတာ ဘာလဲ"လို့ မေးရင် "တွေးတတ်အောင် သင်ပါ" လို့ ပြောရမှာပဲဖြစ်တယ်။ ဒါကြောင့် ၂၀၁၆ခုနှစ်မှာ 'ပညာရေးတွေတတ်အောင်သင်'ဆိုတဲ့ ပညာရေးအတွေးအမြင်နဲ့ အထောက်အကူပြု စာအုပ်ကလေးရေးဖြစ်ပါတယ်။ ၂၀၁၈ခုနှစ်မှာ ဒုတိယအကြိမ်ရိုက်နှိပ်ရတော့ စာဖတ်ပရိသတ်ရဲ့အားပေးမှုအတွက် ပီတိဖြစ်မိတယ်။

တွေးတတ်အောင်သင်တဲ့ပညာရေးဆိုတာက တောကျောင်းမှာ ပဲဖြစ်ဖြစ်၊ မြို့ကျောင်းမှာပဲဖြစ်ဖြစ်၊ သစ်တစ်ပင်၊ ဝါးတစ်ပင်အောက်မှာပဲ သင်သင်၊ လေအေးပေးစက်တပ်ဆင်ထားတဲ့ ခေတ်မီစာသင်ခန်းထဲမှာပဲ သင်သင် တွေးတတ်အောင် သင်ပေးတဲ့ ပညာရေးကိုပဲ ကလေးတွေရမယ်ဆိုရင် ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံတော်ကို တည်ဆောက်ဖို့ လက်တစ်ကမ်းအလို ရောက်နေပြီလို့ ဆိုနိုင်ပါတယ်။

ဥပမာ- တစ်ခုပြရရင် အညာဒေသစာသင်ကျောင်း ကလေးအနီးက ထန်းတောကြီးဟာ ထန်းပင်ရဲ့အသုံးဝင်ပုံကို သင်ဖို့ အကောင်းဆုံးသင်ထောက်ကူ(ဝတ္ထုစစ်)ပဲဖြစ်ပါတယ်။ ထန်းပင်မှ ထန်းရည်ရပုံ၊ ထန်းရည်ချိုက ထန်းလျက်ချက်ပုံ၊ ထန်းပလပ်စားပွဲနဲ့ထန်းပလပ်ကုလားထိုင်လုပ်ကိုင်ပုံ၊ ထန်းသီးမုန့်လုပ်ငန်းစတဲ့ ထန်းပင်နဲ့လူမှုစီးပွားဘဝဆက်နွယ်ပုံတို့ကိုလက်တွေ့လေ့လာသင်ကြားနိုင်ပါတယ်။

ဒါ့ပြင် ထန်းပင်ဟာ အညာဒေသရဲ့အဆင်တန်ဆာဖြစ်သလို ရာသီဥတုကိုလဲ ထိန်းညှိပေးတယ်။ နည်းပညာနဲ့ပေါင်းစပ်ပြီး အဆင့်မြင့်ထန်းစားသောက်ကုန်တွေ ထုတ်လုပ်နိုင်တယ်ဆိုတာ ငယ်ရွယ်စဉ်ကလေးဘဝကတည်းကသိရင် ထန်းပင်တွေအပေါ် တန်ဖိုးထားတတ်လာမှာပါ။

လူတစ်ယောက်ဟာ မိမိပိုင်ဆိုင်တဲ့ စည်းစိမ်ဥစ္စာ၊ အသိပညာ၊ အတတ်ပညာ၊ ရာထူးဌာနန္တရတွေကို မိမိအကျိုးစီးပွားတစ်ခုတည်းအတွက်ပဲ အသုံးချနေရင် စစ်မှန်တဲ့လူ့တန်ဖိုး၊ စစ်မှန်တဲ့လူ့ဂုဏ်သိက္ခာမရှိနိုင်ဘူးဆိုတဲ့ အတွေးအမြင်ကို အညာဒေသက ထန်းပိုင်ရှင်တွေသာ သိခဲ့ရင် ဘာအကြောင်းပြချက်နဲ့မှ ထန်းတစ်ပင်ကို ငွေကျပ်၁၀၀၀၀နဲ့ခုတ်ရောင်းမှာမဟုတ်ပါဘူး။ ဒီလိုပါပဲ ပညာရပ်တစ်ခုကို ခြေခြေမြစ်မြစ်နားလည်အောင် သင်ပေးဖို့ တွေးတတ်အောင် လေ့ကျင့်ပေးဖို့ မိမိစွမ်းဆောင်နိုင်တဲ့ဘက်က အများအကျိုးသယ်ပိုးမယ်ဆိုတဲ့ 'နှလုံးသားအရည်အသွေး' ပညာရေးပါရအောင် သင်ပေးဖို့ဆိုတာ မျက်မှောက်ကာလ ဆရာ၊ ဆရာမတွေရဲ့ မှန်မြတ်တဲ့စိတ်ထား၊ နှလုံးသားအပေါ်မှာ အဓိကကျလိမ့်မယ်လို့ မြင်မိပါတယ်။

ဆောင်းပါးခေါင်းစဉ်ပါ 'ပြေးခိုင်းမလား'ဆိုတာက လက်ရှိကျင့်သုံးနေတဲ့ အလွတ်ကျက်ပညာရေးကိုပဲ ဆက်သွားမလား။ 'တွေးခိုင်းမလား'ဆိုတာက တွေးတတ်အောင်သင်ပေးတဲ့ပညာရေး ပြောင်းလဲမလား ဆိုတဲ့မေးခွန်းပါ။ ဒါကို မိဘတွေကိုယ်တိုင် အလေးအနက်စဉ်းစားဖို့လိုပါတယ်။

> ❖တွေးတတ်အောင်သင်တဲ့ပညာရေးဆိုတာက တောကျောင်းမှာပဲဖြစ်ဖြစ်၊ မြို့ကျောင်းမှာပဲဖြစ်ဖြစ်၊ သစ်တစ်ပင်၊ ဝါးတစ်ပင်အောက်မှာပဲ သင်သင်၊ လေအေးပေးစက်တပ်ဆင်ထားတဲ့ ခေတ်မီစာသင်ခန်းထဲမှာပဲ သင်သင် တွေးတတ်အောင် သင်ပေးတဲ့ပညာရေးကိုပဲ ကလေးတွေရမယ်ဆိုရင် ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံတော်ကို တည်ဆောက်ဖို့ လက်တစ်ကမ်းအလို ရောက်နေပြီလို့ ဆိုနိုင်ပါတယ်။ ❖

မျက်မှောက်ကာလ "ကလေးတွေကို ကျောင်းထားတာ အပြေးပြိုင်ပွဲဝင်ခိုင်းနေတာမဟုတ်ဘူး"လို့ဆိုလာသူကတော့ ထိုင်းနိုင်ငံဝန်ကြီးချုပ်ဟောင်း အာနန်ပန်ယရာချွန်ပဲဖြစ်တယ်။

ကျွန်တော်တို့မြန်မာနိုင်ငံမှာလဲ အိမ်ကနေကျောင်း၊ ကျောင်းကနေကျူရှင် ကလေးတွေ ပြေးလွှားနေရတာဟာ ဆယ်စုနှစ်သုံးစုမကတော့ပါ။ မိဘအများစုက မိမိကလေးကို သူများကလေးထက် တော်စေချင်တယ်။ ပြိုင်ရင် နိုင်ချင်တယ်။ ဒီဆန္ဒလောဘကြောင့် ကလေးကို ပုံသွင်းတယ်။ ဒါကြောင့် ၁၉၇၅ခုနှစ်နောက်ပိုင်းကတည်းက 'ရမှတ်'ကောင်းဖို့ ဦးတည်သင်ကြားတဲ့ ကျူရှင်ပညာရေးခေါင်းထောင်လာတာ ယနေ့ကာလထိ ပန်းပန်လျက်ပါ။ သရဖူဆောင်းတဲ့သင်နည်းကတော့ အလွတ်ကျက်မှတ်တဲ့နည်းပဲဖြစ်တယ်။

ကလေးက စိတ်ပါတာပဲဖြစ်ဖြစ်၊ မပါတာပဲဖြစ်ဖြစ် ကျူရှင်ကို ဇွတ်တက်ခိုင်းနေတာက မိဘတွေက အတင်းဖိအားပေးသလို ဖြစ်နေတယ်။ ပွင့်ပွင့်လင်းလင်းရေးရရင် တချို့ပညာရေးဝန်ထမ်းဆရာ၊ ဆရာမတွေရဲ့ပယောဂလဲ မကင်းပါ။ မျက်မှောက်ကာလကို ပြိုင်ဆိုင်မှုပြင်းထန်တဲ့ခေတ်လို့ သတ်မှတ်နိုင်ပါတယ်။ စက်မှုနည်းပညာ၊ ဆက်သွယ်ရေးနည်းပညာ၊ ဇီဝနည်းပညာနဲ့ဉာဏ်ရည်တု နည်းပညာ AI(Artificial Intelligence)တွေက အားပြိုင်နေပါတယ်။ လက်ရှိကာလမှာ တရုတ်နိုင်ငံက AI နည်းပညာနဲ့ရှေ့တန်းရောက်ဖို့ ကြိုးစားနေတယ်။

ကလေးက ဘယ်အကြောင်းအရာ၊ ဘယ်ဘာသာရပ်ကို စိတ်ဝင်စားတယ်ဆိုတာကို ထည့်မတွက်တော့ဘဲ တက္ကသိုလ်ဝင်တန်းရမှတ်ကောင်းရေးပဲ အဓိကဖြစ်နေတယ်။ ဆိုးကျိုးကတော့ ရမှတ်ပညာရေးနောက်လိုက်ရင်း တကယ့်ပညာရေး(စဉ်းစားတွေးခေါ်နိုင်တဲ့ အရည်အသွေးပညာရေး)နဲ့ဝေးကွာသွားရတာပါ။

အတန်းပိုင်ကျူရှင်တက်မှ ပထမအဆင့်ရနိုင်တယ်၊ ဆရာ့ကျူရှင်တက်မှ ဂုဏ်ထူးတန်းသေချာမယ်ဆိုတာတွေက အခြေခံရော၊ အဆင့်မြင့်ပါ မခြားနားတဲ့အသွင်သဏ္ဍာန်တွေပါပဲ။ ဒါကြောင့် မြန်မာနိုင်ငံမှာ မူကြိုတန်းကနေ ပါရဂူအကြိုတန်းထိ ကျူရှင်ယူကြရတယ်။

**မြန်မာ ၁၂တန်းနှင့်နိုင်ငံတကာ ပညာရေး**

မျက်မှောက်ကာလ ရန်ကုန်နဲ့မန္တလေးမှာ ထင်ရှားတဲ့နိုင်ငံတကာပညာရေးလမ်းကြောင်းနှစ်ခုကို တွေ့ရတယ်။ ဗြိတိန်ပညာရေးလမ်းကြောင်းလို့ဆိုတဲ့ IGCSE (The International General Certificate of Secondary Education) နဲ့ အမေရိကန်ပညာရေးလမ်းကြောင်းလို့ဆိုတဲ့ SAT (Scholastic Assessment Test) တို့ပဲဖြစ်တယ်။

IGCSE က Cambridge နဲ့ Edexcel ဆိုပြီး နှစ်မျိုးရှိတယ်။ Cambridge IDGSE က သင်ရိုးကို နှစ်နှစ်တစ်ခါပြောင်းလဲလို့ မိဘတွေက ပိုကြိုက်တယ်လို့ဆိုတယ်။ IDGSE က Primary Level မှာ ခြောက်နှစ်၊ Lower Secondary Level မှာ နှစ်နှစ်၊ Upper Secondary Level မှာ နှစ်နှစ် စုစုပေါင်း ၁၀ နှစ်ကြာတယ်။ မြန်မာ ၁၀တန်းအောင်နဲ့ ညီမျှတယ်။ IGCSE အောင်ပြီးမှ G.C.E A Level (The General Certificate of Advanced Level) သွားရတယ်။ အခုမြန်မာ K.G+12 က ၂၀၂၃ခုနှစ်မှာ ပြီးမယ်လို့ ပညာရေးဝန်ကြီးဌာနက ဆိုထားတယ်။ G.C.E A Level မှာအမှတ်ကောင်းရင် နိုင်ငံတကာတက္ကသိုလ်တွေက ပညာသင်ဆုကို မျှော်မှန်းနိုင်တယ်။

အမေရိကန်ပညာရေးလမ်းကြောင်း SAT က အခြေခံပညာ ၁၀နှစ်သင်ရတယ်။ ၁၀နှစ်တက်ပြီးမှ SAT ကိုဖြေရတယ်။ အောင်ရင် AP (Advanced Placement) ကို ဆက်သွားရတယ်။ ဒီလမ်းကြောင်းကလဲ စုစုပေါင်း ၁၂နှစ်ပါ။ ဒီလမ်းကြောင်းက ကလေးတွေရဲ့စဉ်းစားတွေးခေါ်မှုကို ပိုပြီးလေ့ကျင့်ပေးနိုင်တယ်လို့ ဆရာတချို့ဆိုတယ်။

(အကျယ်ကို သိချင်ရင် https;www.cambridge international,org/ https;//www, collegeboard,org/မှာဝင်ကြည့်ပါ။)

မျက်မှောက်ကာလ မြန်မာ့ပညာရေးကို ဆန်းစစ်ရင် စာ(မှတ်စု)တွေကပဲများပြီး ပညာ(အတွေးအမြင်)ပိုင်းက အားနည်းနေတာကို တွေ့ရတယ်။

ဒီနေ့ ဒီမိုကရေစီကို ကျင့်သုံးတဲ့ကမ္ဘာ့နိုင်ငံအများစုဟာ ပညာရေးကဏ္ဍမှာ ဗဟိုက ချုပ်ကိုင်မှုစနစ်ကို လျှော့ချလာတယ်။ အစိုးရက ကျောင်းတွေအဆင်ပြေစွာ လည်ပတ်နိုင်ဖို့အတွက် အထောက်အပံ့ပေးတဲ့နေရာကသာ ရပ်တည်လာတာကိုတွေ့ရတယ်။ ဒါက ဖက်ဒရယ်ပညာရေးစနစ်ရဲ့လုပ်နည်း၊ လုပ်ဟန်တစ်ရပ်လဲဖြစ်တယ်။ ဒါပေမဲ့ မြန်မာနိုင်ငံလို ဖွံ့ဖြိုးဆဲနိုင်ငံမှာ မူလတန်းပညာရေးကို အစိုးရက လက်လွှတ်လို့မဖြစ်နိုင်သေးပါ။ ဒါ့ပြင် အစိုးရဌာနတွေက ပြောတဲ့စကား၊ လုပ်တဲ့အလုပ်နဲ့ပတ်သက်ပြီး တာဝန်ယူမှု၊ တာဝန်ခံမှုရှိဖို့လဲ လိုအပ်နေတယ်။ ဥပမာ-၂၀၁၃-၂၀၁၄ ပညာသင်နှစ်ကစပြီး ရန်ကုန်တက္ကသိုလ်နဲ့မန္တလေးတက္ကသိုလ်တွေကိုစံပြတက္ကသိုလ်လို့ ယူဆနိုင်တဲ့ COE (Center of Excellent) လို့ သုံးနှုန်းခဲ့ပြီး အခုတက္ကသိုလ်ဝင်ခွင့် လမ်းညွှန်စာအုပ်မှာ COE လို့ ဖော်ပြထားတာမရှိကြောင်း တာဝန်ရှိသူက ပြောကြားသည့် ကိစ္စပဲဖြစ်ပါတယ်။ (May 17, 2018 The Voice Daily)

၂၀၁၈-၂၀၁၉ ပညာသင်နှစ်က စတင်ပြီး တက္ကသိုလ်ဝင်တန်းအောင်မြင်သူများကို မြန်မာနိုင်ငံရှိ တက္ကသိုလ် ၁၁ခုက တိုက်ရိုက်ခေါ်ယူမယ်လို့ ဆိုပြန်တယ်။ ဒီတက္ကသိုလ်တွေထဲမှာ နည်းပညာနဲ့အသက်မွေးဝမ်းကျောင်းတက္ကသိုလ်တွေလဲ ပါဝင်နေတာ တွေ့ရတယ်။ ဒီလိုဆိုတက္ကသိုလ်တွေပြိုင်ကြပေါ့။ အစိုးရက တက္ကသိုလ်တွေ ယှဉ်ပြိုင်နိုင်တဲ့ အခွင့်အရေးပေးဖို့တော့ လိုပါတယ်။ ပညာအရည်အသွေးကောင်းတဲ့ ဘဝအာမခံချက်ရှိမယ့် တက္ကသိုလ်တွေကိုပဲ ကျောင်းသားတွေက ရွေးချယ်ဖို့ ကြိုးပမ်းကြမှာပါ။

ဒါကြောင့် အရည်အသွေးရှိတဲ့ပညာ(တွေးတတ်အောင်သင်ပေးတဲ့ ပညာ)ရေးဟာ လူတစ်ဦးတစ်ယောက်ချင်းစီအတွက် ဘဝပန်းတိုင်ရဲ့ရှေ့ပြေးဖြစ်သလို နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု အလုံးစုံရဲ့ရင်းမြစ်ဖြစ်တယ်ဆိုတာ ပညာရေးရှေ့တန်းရောက်နေတဲ့ ကမ္ဘာ့နိုင်ငံများက သက်သေခံနေပါတယ်လို့ ရေးသားလိုက်ရပါတယ်။

# မြန်မာ့ရေထွက်ကုန်ပစ္စည်းများကို ရုရှားနိုင်ငံက ဝယ်ယူရန်စိတ်ဝင်စားမှုရှိသော်လည်း တင်ပို့ခွင့်မရရှိသေး

**ရန်ကုန် မေ ၂၄**

မြန်မာ့ရေထွက်ကုန်ပစ္စည်းများကို ရုရှားနိုင်ငံကဝယ်ယူရန် စိတ်ဝင်စားမှုရှိသော်လည်း နိုင်ငံတော်အစိုးရ၏ ဖိတ်ခေါ်ကမ်းလှမ်းမှုမရှိခြင်းကြောင့် ရုရှားဈေးကွက်သို့ တင်ပို့ခွင့်မရရှိသေးကြောင်း မြန်မာနိုင်ငံ ရေထွက်ပစ္စည်းထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်းမှ သိရသည်။

ရုရှားဈေးကွက်သို့ ရေထွက်ကုန်ပစ္စည်းများ တင်ပို့နိုင်ရန်အတွက် ပုဂ္ဂလိကလုပ်ငန်းရှင်များအနေဖြင့် အစိုးရအဆက်ဆက် တင်ပြခဲ့သော်လည်း သက်ဆိုင်ရာဝန်ကြီးဌာနမှ တာဝန်ရှိသူများက စိတ်ဝင်စားမှုနည်းပါးခြင်းကြောင့် တင်ပို့နိုင်ခြင်းမရှိသေးကြောင်းသိရသည်။

နိုင်ငံတကာဈေးကွက်သို့ မြန်မာ့ရေထွက်ပစ္စည်းများ တင်ပို့နိုင်ရန် နိုင်ငံတကာရေထွက်ကုန်ပြပွဲများသွားရောက်ပြသရာ၌ ဝယ်လက်များရှိသော်လည်း သက်ဆိုင်ရာနိုင်ငံ၏ စံနှုန်းသတ်မှတ်ချက်များနှင့် ကိုက်ညီအောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း သိရသည်။

"ဈေးကွက်စီးပွားရေးအနေနဲ့ ဌာနက ဝင်ရောက်ဖက်စွက်တာမရှိပါဘူး။ဒါကြောင့် export အတွက်ဘာလုပ်ပါ။ ပြည်တွင်းအတွက်ဘာလုပ်ပါဆိုပြီး လုပ်ဆောင်တာမရှိဘူး။ ဒါတွေကို မှတ်တမ်းထားပြီးတော့ ဝန်ကြီးအဆင့်ထိ ရောက်အောင် တင်ပြပေးသွားမှာပါ"ဟု ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဦးထွန်းဝင်းမြင့်က ပြောသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ရေထွက်ပစ္စည်း ပြည်ပတင်ပို့သည့် စက်ရုံပေါင်း ၇၃ရုံရှိရာ အကြောင်းအမျိုးမျိုးကြောင့် စက်ရုံ လေးရုံ ပိတ်သိမ်းခဲ့ရသဖြင့် စက်ရုံပေါင်း ၆၉ရုံသာ လုပ်ငန်းလည်ပတ်လျက်ရှိပြီး လက်ရှိတွင်မြန်မာ့ရေထွက်ပစ္စည်းများကို တရုတ်နိုင်ငံသို့ အဓိကထား တင်ပို့နေကြောင်း သိရသည်။

၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ်၌ မြန်မာ့ရေထွက်ပစ္စည်းများ ပြည်ပနိုင်ငံများသို့ တင်ပို့မှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၄၉၇ဒသမ ၄၉သန်းရှိခဲ့ကြောင်း သိရသည်။ MMK

www.facebook.com/themyawadydaily

# အောင်မြေသာစံမြို့နယ်၌ နေအိမ်မီးပလတ်ခုံအပူလွန်ကဲရာမှ မီးလောင်မှုဖြစ်ပွား



**မန္တလေး မေ ၂၄**

မန္တလေး အောင်မြေသာစံမြို့နယ် အမရဌာနီ အရှေ့ရပ်ကွက် အကွက်အမှတ် ၃၃၊ ၉လမ်း ၇၆လမ်း×၇၇လမ်းကြား ပိုင်ရှင် ဦးအောင်စိုးမင်း၏ ပေ(၂၀×၄၀) သွပ်မိုး၊ အုတ်ညှပ်နံကပ် နှစ်ထပ်အပေါ်ထပ် ၁၀ပေပတ်လည် အခန်းအတွင်း ယနေ့ နံနက် ၁၁နာရီ၂၇ မိနစ်က မီးပလတ်ခုံအပူလွန်ကဲရာမှ မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

မီးလောင်မှုဖြစ်ပွားရာနေရာသို့ တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဦးသန်းဇော်ဦး ဦးဆောင်၍ မီးငြိမ်းသတ်ယာဉ် ရှစ်စီး၊ ရေသယ်ယာဉ် နှစ်စီး၊ အုပ်ချုပ်မှုယာဉ် နှစ်စီး၊ သန္နေမီးသတ် ၂၅ဦး၊ အရန်မီးသတ် ဦးရေ ၅၀ သွားရောက်ငြိမ်းသတ်ခဲ့ရာ မီးသတ်ရေဂါလန် ၃၂၀၀ဂါလန်၊ မီးကြွင်းမီးကျန် ရေဂါလန် ၈၀၀ အသုံးပြုငြိမ်းသတ်ခဲ့ရာ နံနက် ၁၁နာရီ ၃၅မိနစ်က မီးထိန်းနိုင်ခဲ့ပြီး နံနက် ၁၁နာရီ မိနစ်၄၀က မီးလုံးဝငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

မီးလောင်မှုကြောင့် အခန်းကာရံထားသော သုံးထပ်သားများသို့ ကူးစက်လောင်ကျွမ်းပြီး ၁၀ပေပတ်လည်အခန်း၊ အခန်းအတွင်းရှိ မှန့်အနည်းငယ်နှင့် ဗိုင်ယာကြိုးများ စုစုပေါင်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀ ခန့် မီးလောင်ဆုံးရှုံးခဲ့ကာ မီးလောင်မှုကြောင့် လူထိခိုက်မှုတစ်စုံတစ်ရာ မရှိကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ပိုင်ရှင်အောင်စိုးမင်း (ဘ)ဦးကြည်စိုးကို အောင်မြေသာစံမြို့နယ် အမှတ်(၄)ရဲစခန်းက အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၁၈၅)

# မူဆယ်မြို့တွင် စိတ်ကြွဆေးပြားများနှင့် ဘိန်းဖြူများ သိမ်းဆည်းရမိ

**မူဆယ် မေ ၂၄**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့ ကောင်းမှုတုံရပ်ကွက်ရှိ နေအိမ်တစ်အိမ်တွင် သတင်းအရ ရဲတပ်ဖွဲ့ဝင်များက ဝင်ရောက်ရှာဖွေရာမှ စိတ်ကြွဆေးပြားများနှင့် ဘိန်းဖြူများ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

မူဆယ်မြို့မရဲစခန်းမှ နယ်ထိန်းအဖွဲ့ခေါင်းဆောင် ရဲအုပ်စိုးရွှေအောင် ဦးစီးသောတပ်ဖွဲ့ဝင်များသည် မေ ၂၃ရက် ညနေ ၄နာရီက သက်သေများနှင့်အတူ မူးယစ်ဆေးဝါးသတင်းအရ ကောင်းမှုတုံရပ်ကွက် မူဆယ်မြို့နေသူ အောင်ကျော်ဝင်း(ဘ)ဦးစောလှ နေအိမ်ကို ဝင်ရောက်ရှာဖွေခဲ့သည်။

ထိုသို့ရှာဖွေရာ ၎င်းအိပ်သည့် အိပ်ရာခေါင်းအုံးအောက်ရှိ အနက်ရောင်ကြွပ်ကြွပ်အိတ်အတွင်းမှ ပန်းရောင်စိတ်ကြွဆေးပြား ၁၇၁၉ ပြား တန်ဖိုးငွေကျပ် ၂၈၆၅၀၀၀ နှင့် ဘိန်းဖြူမှုန့်အလေးချိန် ၁ ဒသမ၅၀ရမ်ခန့်ပါတစ်ဘူး တန်ဖိုးငွေကျပ် ၃၀၀၀၀တို့ကို ရှာဖွေတွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မူးယစ်ဆေးဝါးများလက်ဝယ်တွေ့ရှိသူ အောင်ကျော်ဝင်းကို မူဆယ်မြို့မရဲစခန်းက မယ(ပ)၆၁/၂၀၁၈၊ မူး/စိတ်ပုဒ်မ-၁၉(က)ဖြင့် အမှုဖွင့် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၄၀၄)

# ၁၂ဘီးယာဉ်နှင့် ဆိုင်ကယ်တိုက်မိ ဆိုင်ကယ်စီးနင်းလာသူ နှစ်ဦးသေဆုံး

**သိန္နီ မေ ၂၄**

ရှမ်းပြည်နယ် (မြောက်ပိုင်း) သိန္နီ-ကွမ်းလုံသွားကားလမ်းတွင် သဲများတင်ဆောင်လာသည့် ၁၂ဘီးယာဉ်တစ်စီး အရှိန်လွန်ကာ ဆိုင်ကယ်ကို ဝင်ရောက်တိုက်မိခဲ့ပြီး ဆိုင်ကယ်မောင်းနှင်လာသူနှင့် ဆိုင်ကယ်နောက်တွင် လိုက်ပါစီးနင်းလာသူနှစ်ဦးမှာ အချင်းဖြစ်နေရာတွင် သေဆုံးသွားခဲ့ကြောင်း သိရသည်။

နမ့်စလပ်နယ်မြေရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များသည် မေ ၂၃ရက် နံနက် ၉နာရီ မိနစ်၃၀က ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ အချင်းဖြစ်နေရာသို့ သွားရောက်စစ်ဆေးရာ ကွမ်းလုံဘက်မှ သိန္နီဘက်သို့ ယာဉ်မောင်း ရဲမြင့်အောင်(ခ)ဖိုးတော (ဘ)ဦးကျော်မြင့် ကံသာကျေးရွာ ဘုတလင်မြို့နယ် စစ်ကိုင်းတိုင်းဒေသကြီးနေသူ မောင်းနှင်ပြီး ယာဉ်နောက်လိုက် ဝင်းနိုင်(ဘ)ဦးဝင်းညွန့် တစ်ရွာတည်းနေသူလိုက်ပါလာသော သဲများတင်ဆောင်လာသည့် ယာဉ်အမှတ် 9E/----- FUSO အမျိုးအစား ၁၂ဘီးယာဉ်မှာ မောင်းနှင်လာစဉ် သိန္နီမြို့ဘက်မှ ကွမ်းလုံမြို့ဘက်သို့ လောက်စန်း မောင်းနှင်ပြီး နောက်တွင် လောက်အောင် လိုက်ပါစီးနင်းလာသော နံပါတ်မပါ KENBO-125 အစိမ်းရောင် ဆိုင်ကယ်ကို အရှိန်ဖြင့် ဝင်ရောက်တိုက်မိခဲ့သည်။



ယာဉ်တိုက်မိမှုကြောင့် ဆိုင်ကယ်စီးနင်းလာသူနှစ်ဦးမှာ ဒဏ်ရာများရရှိကာ အချင်းဖြစ်နေရာတွင်သေဆုံးသွားခဲ့ပြီး ၎င်း ၁၂ဘီးယာဉ်မှာ အရှိန်မထိန်းနိုင်ဘဲ လမ်းယာဘက်ရှိနေအိမ်ခြံဝင်းအတွင်း ဝင်ရောက်သွားခဲ့သည်။

ထိုသို့ နေအိမ်ခြံဝင်းအတွင်း အရှိန်လွန်ပြီး ဝင်ရောက်သွားစဉ် ခြံဝင်းအတွင်းကစားနေသည့် မရှန်ရှန်ကို ထပ်မံဝင်ရောက်တိုက်မိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်း ရဲမြင့်အောင်(ခ)ဖိုးတောကို နမ့်စလပ်နယ်မြေရဲစခန်းက ယာဉ်(ပ) ၃/၂၀၁၈၊ ရာဇသတ်ကြီး ဥပဒေပုဒ်မ-၂၇၉/၃၃၇/၃၃၈/၃၀၄(က)ဖြင့် အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၄၀၄)

# ပြည်မြို့နယ်တုံရည်သစ်တောကြိုးဝိုင်းအနီး တရားမဝင်ပိတောက်သစ်ခွဲသား တန် ၂၀ကျော် ပိုင်ရှင်မဲ့သိမ်းဆည်းရမိ



**ပြည် မေ ၂၄**

ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) ပြည်မြို့နယ် တုံရည်သစ်တောကြိုးဝိုင်းအနီးတွင် တရားမဝင်ပိတောက်သစ်ခွဲသား တန် ၂၀ ကျော်ကို ပိုင်ရှင်မဲ့ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ပြည်မြို့နယ် တုံရည်သစ်တောကြိုးဝိုင်းအနီးတွင် မေ ၂၃ရက် ညနေပိုင်းက ပိတောက်သစ်ခွဲသား အရွယ်စုံ ၁၃၃ချောင်း၊ အလေးချိန် ၂၀ ဒသမ ၆၂တန် ဖမ်းဆီးရမိခဲ့ပြီး ယနေ့တွင် အဆိုပါသစ်များကို တိုင်းထွာသယ်ယူထိန်းသိမ်းထားခဲ့ကြောင်း သိရသည်။

အဆိုပါ ဖမ်းဆီးရမိသော ပိတောက်သစ်များမှာ ဒေသထွက်သစ်များမဟုတ်ဘဲ အထက်ပိုင်းဒေသထွက်များဟု ယူဆရပြီး တရားမဝင် သစ်အရောင်းအဝယ်ပြုလုပ်သူများ သယ်ယူရာမှ ခရီးတစ်ထောက်အဖြစ် နားသောနေရာတွင် ချန်လှပ်ထားခဲ့သည်ဟု ယူဆရကြောင်း သိရသည်။

ပြည်ခရိုင်တွင် ၂၀၁၇ခုနှစ် တစ်နှစ်လုံးတရားမဝင် သစ်ဖမ်းဆီးရမိမှု ၅၃၂မှု၊ သစ်အရေအတွက် ၈၇၅ ဒသမ ၃၈၁၀တန်ကို ဖမ်းဆီးရမိခဲ့ကြောင်း ပြည်ခရိုင်သစ်တောဦးစီးဌာနမှ သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ပြည်ခရိုင်သစ်တောဦးစီးဌာနက သိမ်းဆည်းရမိသော သစ်များထိန်းသိမ်းထားပြီး ဆက်စပ်ပြစ်မှုကျူးလွန်သူများကို ဖမ်းဆီးရမိနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

MMK

# အင်းတော်မြို့နယ်တွင် ကားနှင့်ဆိုင်ကယ် မျက်နှာချင်းဆိုင်တိုက်မိ ဆိုင်ကယ်မောင်းနှင်သူ သေဆုံး

**အင်းတော် မေ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် နတ်မဟုတ်ကျေးရွာအနီး ရွှေဘို-မြစ်ကြီးနားကားလမ်း မိုင်တိုင်အမှတ်(၂၃၁/၂)၌ မေ ၂၃ရက် မွန်းလွဲ ၂နာရီက ကားနှင့်ဆိုင်ကယ်မျက်နှာချင်းဆိုင်တိုက်မိခဲ့ရာ ဆိုင်ကယ်စီးနင်းသူသေဆုံးသွားခဲ့ကြောင်း သိရသည်။

အင်းတော်မြို့နယ် နတ်မဟုတ်ကျေးရွာအနီး ရွှေဘို-မြစ်ကြီးနားကားလမ်းမိုင်တိုင်အမှတ်(၂၃၁/၂)၌ ယာဉ်မောင်း ထွန်းလင်း(ဘ)ဦးသောင်းညွန့် အမှတ်(၂)ရပ်ကွက် ရွှေဘိုမြို့နေသူ မောင်းနှင်လာသည့် SUZUKI ယာဉ်အမှတ် 5L/---- သည် ကျော်မိုးသူ(ဘ)ဦးစိုးမြင့် မြကန်သာရပ်ကွက် ဝန်းသိုမြို့နေသူ စီးနင်းလာသည့် နံပါတ်မပါ ဟိုက်ဘတ်-၁၂၅ဆိုင်ကယ်ကို တိုက်မိခဲ့သည်။

ယာဉ်တိုက်မိမှုကြောင့် ကျော်မိုးသူတွင် ဒဏ်ရာများပြင်းထန်စွာရရှိပြီး အင်းတော်မြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်စဉ် သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ထွန်းလင်းကို အင်းတော်မြို့မရဲစခန်းက ယာဉ်(ပ)၁၈/၂၀၁၈၊ ရာဇသတ်ကြီးပုဒ်မ-၃၀၄(က)ဖြင့် အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၄၀၉)

ဥပဒေဘောင်တွင်း နေထိုင်ခြင်း
ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

www.facebook.com/themyawadydaily


# ပြည်ပချေးငွေများနှင့်စပ်လျဉ်း၍ စီမံကိန်းလုပ်ငန်းတစ်ခုချင်းအလိုက် ဆောင်ရွက်ပြီးစီးမှုအခြေအနေကို ရှင်းလင်းတင်ပြ

**ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် အငွမပုံမှန်အစည်းအဝေးကျင်းပ**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး ရှင်းလင်းတင်ပြစဉ်။

**နေပြည်တော် မေ ၂၄**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် အငွမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ယနေ့နံနက် ၁၀နာရီက နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ စင်ကာပူသမ္မတနိုင်ငံသို့ သွားရောက်ခဲ့သည့် ခရီးစဉ်မှတ်တမ်းနှင့် နိုင်ငံတော်သမ္မတထံမှပေးပို့ထားသော စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့တွင် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးသန်းထွန်းအောင်အား ခန့်အပ်တာဝန်ပေးခြင်းကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ထို့နောက် ပြည်ထောင်စုအစိုးရအဖွဲ့ကပေးပို့သော ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက လွှတ်တော်သို့ တင်သွင်းသည်။

ဆက်လက်၍ ၂၀၁၇ခုနှစ် မတ် ၃၁ရက်ထိ ပြည်ထောင်စုလွှတ်တော်၏အတည်ပြုချက်ဖြင့်ရယူထားသည့် ပြည်ပချေးငွေများနှင့်စပ်လျဉ်း၍ စီမံကိန်းလုပ်ငန်းတစ်ခုချင်းအလိုက် ဆောင်ရွက်ပြီးစီးမှုအခြေအနေကို ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက လွှတ်တော်သို့ ရှင်းလင်းတင်ပြကြသည်။

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် သက်တမ်းတွင် စီမံကိန်း၁၁ခုနှင့် ဒုတိယလွှတ်တော် သက်တမ်းတွင် စီမံကိန်းသုံးခုတို့ကို ပြည်ပချေးငွေဖြင့် ဆောင်ရွက်လျက်ရှိပြီး ပို့ဆောင်ရေးကဏ္ဍအနေဖြင့် ကိုးခု၊ ဆက်သွယ်ရေးကဏ္ဍအနေဖြင့် ငါးခုရှိပါကြောင်း၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဧရာဝတီမြစ်ဝှမ်းဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကို ဧရာဝတီမြစ်ဝှမ်းနှင့် နိုင်ငံ၏ရေအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ သဘာဝအန္တရာယ် ဘက်စုံကာကွယ်တားဆီးရေး စီမံခန့်ခွဲမှုအားကောင်းလာစေရန်အတွက်ရည်ရွယ်၍ အမေရိကန်ဒေါ်လာ သန်း၁၀၀နှင့်ညီမျှသည့် ချေးငွေဖြင့်လုပ်ငန်းများဆောင်ရွက်လျက်ရှိပါကြောင်း၊ စီမံကိန်းကာလမှာ ၂၀၁၅ခုနှစ်မှ ၂၀၂၀ပြည့်နှစ်ထိ ဖြစ်ပါကြောင်း။

စီမံကိန်းလုပ်ငန်းများကို သတ်မှတ်ချိန်ကာလအတွင်း ပြီးစီးအောင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အလားတူ ဧရာဝတီတိုင်းဒေသကြီး၏ ရေဝင်ပေါက်ဖြစ်သည့် တွံတေးတူးမြောင်းဖွံ့ဖြိုးရေးစီမံကိန်းကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရေဝင်ပေါက်ဖြစ်သည့်တိုးမြစ်မှာမြင့်ပြီး ရန်ကုန်မြစ်ကနိမ့်နေသည့်အတွက် တစ်ဖက်သတ်ရေစီးနေပါကြောင်း၊ အဆိုပါတူးမြောင်းမှာ ၁၉၇၀ပြည့်နှစ်က တည်ဆောက်ခဲ့သည့် တူးမြောင်းဖြစ်ပြီး ယခုအခါ ကမ်းပြိုမှုများပြားကာ ရေကြီးရေလျှံမှုများဖြစ်နေသည့်အတွက် ကိုရီးယားနိုင်ငံအကူအညီဖြင့် ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ ချေးငွေကို လုံးဝသုံးစွဲခြင်းမရှိသေးဘဲ စီမံကိန်းကာလမှာ ၂၀၁၈မှ ၂၀၂၄ခုနှစ်ထိဖြစ်ပါကြောင်း၊ စီမံကိန်းလုပ်ငန်းများတွင် ကမ်းပါးထိန်းသိမ်းခြင်း၊ မြစ်ချောင်းထိန်းသိမ်းခြင်း၊ မြစ်ကမ်းထိန်းလုပ်ငန်းတို့ ဆောင်ရွက်ရမည်ဖြစ်ပြီး လုပ်ငန်းများကို သတ်မှတ်ချိန်ကာလအတွင်း ပြီးစီးအောင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ထို့အတူ သီလဝါကမ်းနားဒေသသို့ ရန်ကုန်ဆိပ်ကမ်းတိုးချဲ့ရေးစီမံကိန်း၊ ရန်ကုန်-မန္တလေး ရထားလမ်းအဆင့်မြှင့်တင်ရေးစီမံကိန်း အပိုင်း (၁) အဆင့် (၁)၊ အဆင့် (၂)စီမံကိန်း၊ မီးရထားစက်ခေါင်းသစ်ပြုပြင်ရေး စက်များနှင့် အရန်ပစ္စည်းများဝယ်ယူခြင်း၊ လူစီးတွဲသစ် တွဲ ၁၀၀ ဝယ်ယူရေးစီမံကိန်း၊ ဆက်သွယ်ရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ GSM/UMDS မိုဘိုင်းဖုန်းတိုးချဲ့ရေးစီမံကိန်းများကိုလည်း ဆောင်ရွက်လျက်ရှိပြီး သတ်မှတ်ချိန်ကာလအတွင်း ပြီးစီးနိုင်ရေးအတွက် ကြိုးကြပ်ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းတင်ပြသည်။

အလားတူ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ပညာရေးဝန်ကြီးဌာနအနေဖြင့် ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ရယူထားသည့် ပြည်ပချေးငွေဖြင့် ဆောင်ရွက်နေသည့် လုပ်ငန်း သုံးခုရှိပါကြောင်း၊ ချေးငွေ အမေရိကန်ဒေါ်လာ သန်း၆၀နှင့် သန်း ၂၀မှာ ကျောင်းများသို့ ငွေကြေးထောက်ပံ့ခြင်းစီမံကိန်းဖြစ်ပါကြောင်း၊ စီမံကိန်းအဓိကရည်ရွယ်ချက်မှာ ကျောင်းနေမြဲရေး၊ ကျောင်းထွက်နည်းရေး၊ အတန်းအဆင့်ကူးပြောင်းနှုန်းမြင့်မားရေး၊ ကျောင်းသားကျောင်းသူများ သင်ယူတတ်မြောက်မှုမြင့်မားရေးတို့ ဖြစ်ပါကြောင်း၊ ထို့ပြင် အာရှဖွံ့ဖြိုးရေးဘဏ် ချေးငွေ အမေရိကန်ဒေါ်လာ ၉၈သန်းကျော်ဖြင့် ဆောင်ရွက်နေသည့် ပညာရေးသုတေသနစီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် စက်မှုဝန်ကြီးဌာနတို့မှ လူငယ်များ အလုပ်အကိုင်ရရှိရေးအတွက် လေ့ကျင့်ပြုစုမွေးထုတ်ရေးစီမံကိန်းကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါ ချေးငွေများကို စီမံကိန်းရည်ရွယ်ချက်များ သတ်မှတ်ချက်များနှင့်အညီ နှစ်အလိုက် စနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ ၂၀၁၇ခုနှစ် နှစ်ပတ်လည်အစီရင်ခံစာနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ဇလန်းမဲဆန္ဒနယ်မှ ဦးထွန်းမြင့်က ကော်မရှင်အနေဖြင့် လူ့အခွင့်အရေးချိုးဖောက်တိုင်ကြားချက်များကို သက်ဆိုင်ရာဌာနများသို့ အသိပေးလွှဲပြောင်းဆောင်ရွက်ပေးရုံသက်သက်မဟုတ်ဘဲ ထိရောက်စွာဟန့်တားအရေးယူနိုင်ရန် လုံလောက်သောအားထုတ်မှု ယခုထက်ပိုမိုလိုအပ်မည်ဟု ထင်မြင်သုံးသပ်သင့်ပါကြောင်း၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်တွင် ဒီမိုကရေစီနှင့်လူ့အခွင့်အရေးကို လေးစားတန်ဖိုးထားတတ်သူများနှင့် CSO ကိုယ်စားပြုသူများ ပါဝင်ဖွဲ့စည်းသင့်ပါကြောင်း၊ ကော်မရှင်၏ အဆင့်အတန်းကို ကမ္ဘာ့စံသတ်မှတ်ချက်ရရှိရေး ကြိုးပမ်းဆောင်ရွက်ရန် အကြံပြုတိုက်တွန်းပါကြောင်း ဆွေးနွေးသည်။

လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချိုက အစီရင်ခံစာပါဖော်ပြချက်များမှာ ပြည့်စုံကောင်းမွန်မှုရှိသည်ဟု ယူဆပါကြောင်း၊ ကော်မရှင်အနေဖြင့် လူ့အခွင့်အရေးလုပ်ငန်းဆောင်ရွက်မှုနှင့်ပတ်သက်၍ ပညာပေးရေးလုပ်ငန်း၊ ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ၊ ဥပဒေရေးရာဆိုင်ရာကိစ္စရပ်များ၊ နိုင်ငံတကာဆက်ဆံရေးနှင့် ရုံးလုပ်ငန်းစီမံရေးရာ၊ဘဏ္ဍာရေးရာကိစ္စရပ်ဟူ၍ ငါးပိုင်းတင်ပြထားပါကြောင်း၊ ပညာပေးဟောပြောပွဲများကို ကချင်၊ ကရင်၊ စစ်ကိုင်း၊ ပဲခူးနှင့် ရှမ်းတို့တွင် ကိုးကြိမ်နှင့် ဌာနအဖွဲ့အစည်း ၃၀တို့တွင်လည်း ပြုလုပ်ခဲ့ပါကြောင်း၊ အလုပ်ရုံနှင့် သင်တန်းများကို တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ မြို့ ကိုးမြို့၊ ရဲတပ်ဖွဲ့၊ ဇဟိုဝန်ထမ်းတက္ကသိုလ် နှစ်ခုနှင့် ကာကွယ်ရေးတက္ကသိုလ်များတွင် သင်ကြားပို့ချပေးနိုင်ခဲ့ကြောင်းကို သိရှိရပါကြောင်း၊ ပညာပေးရေးလုပ်ငန်းများနှင့်ပတ်သက်၍ လူ့အခွင့်အရေးဆိုသည့် ကျယ်ပြန့်သည့်အဓိပ္ပာယ်ကို ဟောပြောပွဲများနှင့်သင်တန်းများတွင် ပြည်သူနှင့် နိုင်ငံ့ဝန်ထမ်းများ ကျယ်ကျယ်ပြန့်ပြန့်သိရှိနားလည်လိုက်နာတတ်စေရန်အတွက် ရှင်းလင်းချပြရန်နှင့် နှစ်စဉ်တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် ကွင်းဆင်းဆောင်ရွက်ပေးနိုင်ရန် အစီအစဉ်ရေးဆွဲသင့်သည်ဟု အကြံပြုလိုပါကြောင်း။

လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်မှုအနေဖြင့် ၂၀၁၅ခုနှစ်တွင် ၂၅၉၈မှုကိုလက်ခံရရှိပြီး ၁၇၇၈မှု ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ ၂၀၁၆ခုနှစ်တွင် ၂၀၉၄မှုလက်ခံရရှိပြီး အမှုအားလုံးပြီးပြတ်ကြောင်းနှင့် ၂၀၁၇ခုနှစ်တွင် ၁၀၆မှုသာလက်ခံရရှိပြီး အမှုအားလုံးပြီးပြတ်ခဲ့သည်ဟုလည်း သိရှိရပါကြောင်း၊ ၂၀၁၇ခုနှစ် လက်ခံရရှိမှုအရ ယခင်လက်ခံရရှိသည့် အမှုပေါင်း၏ ငါးရာခိုင်နှုန်းခန့်သာဖြစ်၍ အမှုမှန်ကန်မှုမရှိ၍ မတိုင်ကြားကြသည်မျိုးမဟုတ်ဘဲ အကြောင်းအမျိုးမျိုးကြောင့် တိုင်ကြားမှုမပြုသည်ဆိုပါက နိုင်ငံအနေဖြင့် ကောင်းသည့်အလားအလာမဟုတ်ပါကြောင်း၊ ထို့အတွက် ဟောပြောပွဲများနှင့်သင်တန်းများ၊ တိုင်ကြားနိုင်မှုနှင့်တိုင်ကြားနိုင်သည့်အခြေအနေများကို ရှင်းလင်းချပြသင့်သည့်အပြင် ကော်မရှင်အဖွဲ့အနေဖြင့် သတင်းများနှင့် Online များမှ သတင်းအချက်အလက်များအပေါ်တွင်လည်း လိုအပ်သည့်စစ်ဆေးမှုများ ဆောင်ရွက်သင့်သည်ဟု အကြံပြုလိုပါကြောင်း ဆွေးနွေးသည်။

ယင်းအစီရင်ခံစာနှင့်စပ်လျဉ်း၍ အိမ်မဲ မဲဆန္ဒနယ်မှ ဒေါ်သန္တာ၊ စစ်ကိုင်းတိုင်းဒေသကြီးမဲဆန္ဒနယ် အမှတ်(၅)မှ ဦးရဲထွဋ်၊ ဒေါပုံမဲဆန္ဒနယ်မှ ဦးဌေးဝင်းအောင်(ခေါ်) ဦးပြုံးချို၊ ကချင်ပြည်နယ်မဲဆန္ဒနယ် အမှတ်(၁၁)မှ ဒေါက်တာခွန်ဝင်းသောင်း၊ ကျောက်တန်းမဲဆန္ဒနယ်မှ ဒေါ်အေးမြမြမျိုး၊ ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ် အမှတ်(၁၂)မှ ဦးကျော်နိုင်၊ တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဦးမင်းသိန်း၊ ပဲခူးတိုင်းဒေသကြီးမဲဆန္ဒနယ် အမှတ်(၃)မှ ဒေါ်ရွှေရွှေစိန်လတ်၊ လယ်ဝေးမဲဆန္ဒနယ်မှ ဦးမျိုးဇော်ဦး၊ ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ် အမှတ်(၁၀)မှ နော်လှလှစိုး၊ မန်တုံမဲဆန္ဒနယ်မှ ဒေါ်နန်းမိုးနှင့် ကသာမဲဆန္ဒနယ်မှ ဦးမြင့်ကြည်တို့က ဆက်လက်ဆွေးနွေးကြသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် အငွမပုံမှန်အစည်းအဝေး ပဥ္စမနေ့ကို မေ ၂၈ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ မူဝါဒ (၆)ရပ်

၁။ ထာဝရငြိမ်းချမ်းရေးရယူရန်အတွက် အမှန်တကယ်ဆန္ဒရှိရန်၊

၂။ သဘောတူစာချုပ်များအတိုင်း ကတိတည်ရန်၊

၃။ ငြိမ်းချမ်းရေးသဘောတူညီချက်များအပေါ် အမြတ်မထုတ်ရန်၊

၄။ ဒေသခံပြည်သူများအပေါ် ဝန်ထုပ်ဝန်ပိုးမဖြစ်စေရန်၊

၅။ နိုင်ငံတော်ကထုတ်ပြန်ထားသည့် တည်ဆဲဥပဒေများကိုလိုက်နာရန်၊

၆။ ဒီတာဝန်အရေးသုံးပါးနှင့် ဒီမိုကရေစီအနှစ်သာရကိုလက်ခံပြီး ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် ဒီမိုကရေစီလျှောက်လှမ်းနေမှုတွင် လိုက်ပါလုပ်ဆောင်ရန်၊

## The six peace principles

1. Genuine desire to make a lasting peace.
2. Commitment to peace agreements.
3. Abstaining from taking unfair advantages from the peace agreement.
4. Not to put burdens on local people.
5. Strict adherence to existing laws.
6. Cooperation in democratic reform processes based on the 2008 State Constitution, Our Three Main National Causes, and the essence of democracy.

# မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ကုန်သွယ်မှု ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ (MoU)လက်မှတ်ရေးထိုးမည့် အစီအစဉ်နှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေး

**နေပြည်တော် မေ ၂၄**

မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ကုန်သွယ်မှုပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုးမည့်အစီအစဉ်နှင့်ပတ်သက်၍ ရှင်းလင်းပွဲကို ယနေ့မွန်းလွဲ ၁နာရီက ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက မိမိတို့ဝန်ကြီးဌာနအနေဖြင့် မြန်မာနှင့်တရုတ်နိုင်ငံတို့အကြား ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုတိုးမြှင့်နိုင်ရေးတို့အတွက်ဆောင်ရွက်လျက်ရှိရာ နှစ်နိုင်ငံအကျိုးအမြတ်တို့ကို အခြေခံပြီး ကောင်းမွန်သောစီးပွားရေးနှင့်ကုန်သွယ်မှုဆက်ဆံရေးတို့ကို အားပေးမြှင့်တင်သွားကြရန်လိုအပ်ကြောင်း၊ နှစ်နိုင်ငံကုန်သွယ်မှုမြှင့်တင်ရန်အတွက် သဘောတူလက်မှတ်ရေးထိုးပြီးဆောင်ရွက်ခြင်းဖြင့် တစ်ဖက်နိုင်ငံ၏ Quota သတ်မှတ်ချက်များကို ကျော်လွှားနိုင်မှာဖြစ်ကြောင်း။

နားလည်မှုစာချွန်လွှာတွင် မြန်မာနိုင်ငံမှ ဆန်၊ ပြောင်း၊ သကြားအပါအဝင် လယ်ယာထွက်ကုန်ပစ္စည်းများအားလုံးတင်ပို့ပြီး အပြန်အလှန်အားဖြင့် ဓာတ်မြေဩဇာ၊ ယာဉ်ယန္တရား၊ လျှပ်စစ်နှင့်သက်ဆိုင်သောပစ္စည်းများကို တရုတ်နိုင်ငံဘက်မှတင်သွင်းနိုင်ရေးကို UMFCCI နှင့် ညီနောင်အသင်းအဖွဲ့များက လိုအပ်သလိုညှိနှိုင်းပေါင်းစပ်ရွေးချယ်သတ်မှတ်ရန်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဇော်မင်းဝင်း၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ ဦးချစ်ခိုင်တို့က ဆွေးနွေးပြောကြားသည်။

ထို့နောက် သက်ဆိုင်ရာအသင်းအဖွဲ့များ၊ ကုမ္ပဏီများမှ တာဝန်ရှိသူများက MoU လက်မှတ်ရေးထိုးမည့်ကိစ္စနှင့်ပတ်သက်၍ ဖြည့်စွက်ရှင်းလင်းပြောကြားခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

www.facebook.com/themyawadydaily

# ၂၀၁၈ခုနှစ်၊ မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမပွဲစဉ် ဒုတိယနေ့ ပြိုင်ပွဲပြုလုပ်

**နေပြည်တော် မေ ၂၄**

မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်နှင့်မြန်မာ ပီဂျီအေတို့က ကြီးမှူး၍ Phyo Si Thu Teak Plantation(Myanmar)&Bago Yoma Eco Resort(Myanmar)မှ အဓိက ကူညီပံ့ပိုးသည့် ၂၀၁၈ခုနှစ်၊ မြန်မာပြည်တွင်း ပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမပွဲစဉ် ဒုတိယနေ့ယှဉ်ပြိုင်မှုများကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရေပြာဂေါက်ကွင်း၌ ဆက်လက်ပြုလုပ်သည်။




၂၀၁၈ခုနှစ် မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမပွဲစဉ်ဒုတိယနေ့ ယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။

ပြိုင်ပွဲ ပထမနေ့ပွဲစဉ်များအပြီးတွင် အမျိုးသား ဝါသနာရှင်အဆင့်ပြိုင်ပွဲ၌ လှိုင်မြင့်ဇော်က သတ်မှတ်ရိုက်ချက်ထက် တစ်ချက်လျှော့ရိုက်ကာ စုစုပေါင်းရိုက်ချက် ၇၁ချက်ဖြင့် ပထမ၊ ဇော်ဇော်ထွန်းနှင့် ဇော်မင်းထွန်း(နေပြည်တော်)တို့က သတ်မှတ်ရိုက်ချက်အတိုင်းရိုက်ပြီး စုစုပေါင်းရိုက်ချက် ၇၂ချက်စီဖြင့် ဒုတိယနှင့် တတိယ အဆင့်တို့တွင် အသီးသီးဦးဆောင်ယှဉ်ပြိုင်လျက်ရှိသည်။

ထို့ပြင် သက်ကြီးတန်းအဆင့်မြင့်ပညာရှင်အဆင့်နှင့် အမျိုးသမီးဝါသနာရှင်အဆင့် ပြိုင်ပွဲများကို ယနေ့တွင် စတင်ယှဉ်ပြိုင်ကြပြီး မျိုးဆက်သစ်လူငယ်အဆင့်ပြိုင်ပွဲများကို မေ ၂၅ရက်တွင် စတင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

# ဦးကိုကိုရှိန်ကို ကာဇက်စတန်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

**နေပြည်တော် မေ ၂၅**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးကိုကိုရှိန်ကို ၎င်း၏ လက်ရှိတာဝန်ဝတ္တရားများအပြင် ကာဇက်စတန်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။

(သတင်းစဉ်)

# မတူပီမြို့နယ်၊ စောင်းတီးယားကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



အနောက်မြောက်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် မေ ၂၄**

ချင်းပြည်နယ်၊ မတူပီမြို့နယ်၊စောင်းတီးယားကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသခံပြည်သူများကို မေ ၂၃ရက် နံနက်ပိုင်းတွင် အနောက်မြောက်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်း၌ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် မျက်စိရောဂါ၊ ကလေးရောဂါ၊ အစာအိမ်ရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ ဒေသခံပြည်သူ ၁၃၃ဦးတို့ကို လိုအပ်သည့်ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့ပြင် မတူပီတပ်နယ်မှ တပ်မတော်သားများက စောင်းတီးယားကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်း စာသင်ခန်းများ အတွင်း၊ အပြင် သန့်ရှင်းရေးပြုလုပ်ပေးခြင်း၊ ချုံနွယ်ပေါင်းမြက်များနှင့် အမှိုက်များရှင်းလင်းခြင်းတို့ ဆောင်ရွက်ပေးပြီး ကျေးရွာစာကြည့်တိုက်အတွက် သုတ၊ရသ စာအုပ်၊စာစောင်များနှင့် ဒေသခံပြည်သူများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ဒေသခံပြည်သူများကို စိုက်ပျိုးရေးနည်းစနစ်များ ဟောပြောဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

# ငါန်းဇွန်မြို့နယ်၊ မြို့သာမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် မေ ၂၄**

မန္တလေးတိုင်းဒေသကြီး၊ ငါန်းဇွန်မြို့နယ်၊ မြို့သာမြို့နယ်နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများကို ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က မြို့သာမြို့ရှိ အခြေခံပညာ အထက်တန်းကျောင်း၌ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဒေသခံပြည်သူ စုစုပေါင်း ၅၀၂ဦးတို့ကိုခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ သားဖွား၊ မီးယပ်ရောဂါ၊ ကလေးရောဂါ၊ အရိုးရောဂါ၊ မျက်စိရောဂါ၊ နား၊နှာခေါင်း၊လည်ချောင်းရောဂါ၊သွားနှင့်ခံတွင်းရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့်ဆေးဝါးကုသပေးမှုများ ဆောင်ရွက်ပေးပြီး ECGစက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးခြင်း၊ ဓာတ်မှန်ရိုက်ခြင်းစသည့်ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်စွာလင်းနှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး မြို့သာမြို့ မြရတနာရွှေကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဉာဏိန္ဒာလင်္ကာရနှင့် မြို့ဦးပရဟိတကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝိသာရဒတို့ကို သွားရောက်ဖူးမြော်ကာ သင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းသည်။

ထို့ပြင် ပရဟိတကျောင်းတိုက်ရှိ ကွန်ပျူတာသင်တန်းနှင့် တက္ကသိုလ်ဝင်တန်းတို့၌ ပညာသင်ကြားနေကြသည့် ကျောင်းသား၊ကျောင်းသူများအတွက် တိုင်းစစ်ဌာနချုပ် မိသားစုများက လှူဒါန်းသည့် ကျောင်းသုံးဗလာစာအုပ် ဒါဇင် ၁၀၀၊ ဆန် ၁၅အိတ်၊ ဆီနှင့် ပဲတို့ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။



# သင်္ဂဇင်(FM)အသံလွှင့်အစီအစဉ်

၂၅-၅-၂၀၁၈ (သောကြာနေ့)

| | | |
|---|---|---|
| ၁။ | ၁၅း၁၀ | Celebrity Life |
| ၂။ | ၁၆း၀၀ | Unlike |
| ၃။ | ၁၇း၂၀ | ဂုဏ်ယူအလွမ်း |
| ၄။ | ၂၀း၃၀ | ချစ်ခွန်းတေးသံချစ်သူထံ |
| ၅။ | ၂၁း၀၀ | Love Dictionary |

# နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

၂၄-၅-၂၀၁၈

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ကယားပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

# ယာဉ်မောင်းသူများ လိုက်နာရန်

- ➡ မြို့တွင်း တစ်နာရီ ၄၈ကီလိုမီတာအတွင်း ယာဉ်များမောင်းနှင်ရန်နှင့် ဆိုင်ကယ်စီးနင်းကြရန်။
- ➡ အရက်သောက်လျှင်(လုံးဝ)ကားမမောင်းရ၊ဆိုင်ကယ်မစီးရ။
- ➡ ဆိုင်ကယ်များ (ညာလမ်း)မှ စီးနင်းကြရန်။
- ➡ (မီးနီ၊ မီးဝါ) လုံးဝဖြတ်မမောင်းရ၊ မစီးရ။

**ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

# သမိုင်းထဲက မဟာမုနိရုပ်ရှင်တော်

**မောင်သာ(ရှေးဟောင်းသုတေသန)**



မဟာမုနိရုပ်ရှင်တော်မြတ်အား ဖူးတွေ့ရစဉ်။

မန္တလေးမြို့ရှိ မဟာမုနိရုပ်ရှင်တော်မြတ်ကြီးကို မြန်မာနိုင်ငံတစ်ဝန်းမသိသူ မရှိဟုဆိုရပေမည်။နေ့စဉ် နံနက်အရုဏ်တက် မျက်နှာသစ် ရေတော်ကပ်သည်မှ စ၍ ညဘက်ထိ အမြဲမပြတ်စည်ကားနေလေ့ရှိသည့် မဟာမုနိဗုဒ္ဓရုပ်ပွားတော်သည် မြန်မာ့သမိုင်းနှင့် ဆက်နွယ်နေသည့် ရှေးဟောင်းဗုဒ္ဓဆင်းတုတော်တစ်ဆူဖြစ်သည်။ မဟာမုနိရုပ်ရှင်တော်မြတ်သည် မန္တလေး ချမ်းမြသာစည်မြို့နယ် ကျွန်းလုံးဥသျှောင်ရပ်ကွက်တွင်တည်ရှိပြီး ရုပ်ပွားတော်မြတ်ကို မဟာမြတ်မုနိဘုရားကြီးဟု ခေါ်ဆိုကြသော်လည်း ဘွဲ့အမည်မှန်သည် မဟာမုနိဖြစ်သည်။မဟာမုနိရုပ်ပွားတော်ကို အမရပူရမြို့ကိုတည်ထောင်နန်းစံခဲ့သော ဘိုးတော်ဘုရားလက်ထက် သက္ကရာဇ် ၁၁၄၆ခုနှစ် (ခရစ်နှစ် ၁၇၈၄ ခုနှစ်)တွင် အမရပူရသို့ပင့်ဆောင်ခဲ့သည်။

**မဟာမုနိနောက်ခံသမိုင်း**

ရခိုင်လူမျိုးများက ဂေါတမဘုရားရှင်သည် ရခိုင်ဘုရင် စန္ဒသူရိယမင်းလက်ထက် မဟာသက္ကရာဇ် ၁၂၃ခုနှစ် ကဆုန်လပြည့်နေ့တွင် ဓညဝတီသို့ ကြွရောက်ခဲ့သည်ဟု ယုံကြည်ကြသည်။ဘုရားရှင်သည် ကျောက်တော်မြို့တစ်ဖက်ကမ်းရှိ မောရပဗ္ဗတတောင်သို့ကြွလာခဲ့ရာ စန္ဒသူရိယမင်းသည် မိဖုရားခေါင်ကြီး စန္ဒရမာလာလိုက်ပါလျက် များစွာသောအခြွေအရံများနှင့်အတူ ဘုရားရှင်ကို သွားရောက်ဖူးမြော်ခဲ့သည်။ ဘုရားရှင်သည် ရခိုင်ဒေသမှ ပြန်လည်မကြွမီ ဆံတော်နှင့်ကိုယ်ပွားရုပ်တု တစ်ဆူထားရှိခဲ့သည်ဟု အစဉ်အဆက်လက်ခံခဲ့ကြသည်။ စန္ဒသူရိယမင်းသည် သီရိဂုတ္တတောင်ကုန်းပေါ်တွင် ဉာဏ်တော် ခုနစ်တောင်နှစ်မိုက် နှစ်သစ်ရှိသည့် ဗုဒ္ဓကြေးဆင်းတုတော်ကို သွန်းလုပ်ခဲ့ပြီး ဘုရားရှင်၏ရင်ငွေ့တော်ကို ခုနစ်ကြိမ်ခံယူခဲ့ပြီးနောက် ဓညဝတီမင်းအဆက်ဆက်သည် ရုပ်ပွားတော်မြတ်ကို မဟာမုနိဘွဲ့အမည်ဖြင့် ကိုးကွယ်ခဲ့ကြသည်။ မဟာမုနိရုပ်ပွားတော်ကြီးအား ပုဂံခေတ်တွင် အနော်ရထာမင်းနှင့်အလောင်းစည်သူမင်းတို့က ပုဂံသို့ပင့်ဆောင်ရန် ကြိုးပမ်းခဲ့သော်လည်း အောင်မြင်မှုမရရှိခဲ့ကြောင်း မြန်မာ့စွယ်စုံကျမ်းတွင်ရေးသားထားသည်။

ကုန်းဘောင်ဆက် မြန်မာ့ရာဇဝင်အရ ၁၇၈၄ ခုနှစ် အောက်တိုဘာ ၁၆ရက်တွင် ဘိုးတော်ဘုရား၏သားတော် မဟာဥပရာဇာဦးစီးသော တပ်ပေါင်း ၃၃တပ်သည် ရခိုင်သို့စစ်ချီခဲ့ကာ ၁၇၈၅ ခုနှစ် ဇန်နဝါရီ ၂ ရက်တွင် ဓညဝတီကိုသိမ်းပိုက်ခဲ့သည်။ ၁၇၈၅ ခုနှစ် ဇန်နဝါရီလ ၄ ရက်(သက္ကရာဇ်၁၁၄၆ ခုနှစ် ပြာသိုလဆုတ် ၁၀ ရက်) အင်္ဂါနေ့တွင် မဟာဥပရာဇာကိုယ်တိုင် မဟာမုနိရုပ်ပွားတော်သီတင်းသုံးနေသည့်နေရာသို့ လာရောက်၍ရှိခိုးစွာရှိခိုးပြီးမှ ရုပ်ပွားတော်မြတ်ကို ပင့်ဆောင်ခဲ့သည်။ ရုပ်ပွားတော်မြတ်သည် ၁၇၈၅ ခုနှစ် ဇန်နဝါရီ ၃၁ ရက်တွင် တောင်ကုတ်ရေဆိပ်သို့ ရောက်ရှိခဲ့ပြီး မဟာဥပရာဇာသည် အိမ်ရှေ့အတွင်းဝန် နေမျိုးဇေယျသူကို ရုပ်ပွားတော်မြတ်အား ကြီးကြပ်ပင့်ဆောင်စေခဲ့သည်။ မဟာမုနိရုပ်ပွားတော်မြတ်ကို မြို့ဟောင်းမှတောင်ကုတ်ထိ ရေလမ်းဖြင့် ဖောင်ဖွဲ့ပင့်ဆောင်ခဲ့ပြီး တောင်ကုတ်မှ ကုန်းကြောင်းခရီးအတိုင်း ဥယျာဉ်ပုကြောင်းမှ ရိုးမကို ခဲယဉ်းစွာဖြတ်ကျော်၍ပန်းတောင်းမြို့သို့ရောက်ရှိခဲ့ကြောင်းနှင့် ပန်းတောင်းဆိပ်ကမ်းမှ ရွှေဖောင်တော်နှစ်စီးတွဲလျက် ဧရာဝတီမြစ်ကိုဆန်တက်ခဲ့ကြောင်း မြန်မာ့စွယ်စုံကျမ်းတွင် မှတ်တမ်းတင်ထားသည်။ မဟာမုနိရုပ်ပွားတော်မြတ်သည် သက္ကရာဇ် ၁၁၄၇ ခုနှစ် ကဆုန်လဆုတ် ၁၂ ရက်(၁၇၈၅ ခုနှစ် မေ ၄ ရက်)ဗုဒ္ဓဟူးနေ့တွင် စစ်ကိုင်းသို့ ရောက်ရှိလာခဲ့သည်။ မဟာမုနိရုပ်ပွားတော်မြတ်ကြီးကို ရခိုင်မှပင့်ဆောင်ခဲ့သည့် သက္ကရာဇ် ၁၁၄၆ ခုနှစ်ကို "ဉာဉ်ရေသောက်၊ မုနိရောက်"အမှတ်အသားပြုခဲ့ကြသည်။

မဟာမုနိရုပ်ပွားတော် မူလသီတင်းသုံးခဲ့သည့်နေရာသည် ရခိုင်ပြည်နယ် ကျောက်တော်မြို့တစ်ဖက်ကမ်းမှငါးမိုင်အကွာနေရာဖြစ်ပြီး ထိုနေရာတွင် သူဌေးဦးရဲကျော်သူက ရုပ်ပွားတော်တစ်ဆူလှူဒါန်းခဲ့သည်ဟု မြန်မာ့စွယ်စုံကျမ်းတွင် ရေးသားဖော်ပြထားသည်။

**မဟာမုနိစံပယ်သည့်နေရာတော်**

ဘိုးတော်ဘုရားက ရုပ်ပွားတော်ကြီးကို စစ်ကိုင်းမှ အမရပူရသို့ ပင့်ဆောင်လာခဲ့ပြီး မြို့တော်မြောက်ယွန်းတာ ၁၀၀၀ အကွာရှိ ညီညာပြေပြစ်သောမြေအပြင်ဝယ် ဘုံကိုးဆင့်ရှိသောရွှေပြာသာဒ်တွင် ထည့်သွင်းပူဇော်ခဲ့သည်။ထိုအချိန်မှစ၍ မင်း၊ မိဖုရား၊ မှူးမတ်၊ ဝန်ကြီးအဆက်ဆက်တို့သည် ရုပ်ပွားတော်ကြီးကို ရွှေသင်းကျစ်၊ ရွှေမကိုဋ်၊ ရွှေစောင်းတန်း၊ ရွှေဇရပ်များ လှူဒါန်းမွမ်းမံခဲ့ကြသည်။ ၁၈၈၄ ခုနှစ် ဧပြီ ၇ ရက် နှစ်ချက်တီးကျော်သုံးမောင်းအချိန်တွင် ရတနာဘုမ္မိရပ်မှ စတင်မီးလောင်ကျွမ်းခဲ့ရာ မဟာမုနိဘုရား တန်ဆောင်း၊ ပြာသာဒ်အဆောက်အအုံများမီးသင့်ခဲ့သည်။မဟာမုနိရုပ်ပွားတော်သည် အမရပူရသို့ရောက်ရှိခဲ့သည့် နှစ် ၁၀၀ကြာတွင် မီးဘေးကြောင့် ရွှေသားမကိုဋ်တော်၊ နားပန်တော်၊ စလွယ်တော်များနှင့်ရုပ်ပွားတော်တွင် ကပ်လှူထားသည့် ရွှေသက်န်းများပျက်စီးခဲ့ပြီး ရုပ်ပွားတော်မှာမူ မီးသင့်ခြင်းမခံရဘဲ ပကတိအတိုင်းရှိခဲ့သည်။ မီးလောင်သွားခဲ့သဖြင့် မဟာမုနိရုပ်ပွားတော်မှ အရည်ပျော် ကျကျခဲ့သည့်ရွှေများကို သိမ်းဆည်းခဲ့ရာ ရွှေချိန်၅၄၅၀ ရရှိသည်ဟု မှတ်တမ်းပြုထားသော်လည်း ရွှေချိန်ယူနှစ်ကို ဖော်ပြထားခြင်းမရှိပါချေ။

၁၈၈၄ ခုနှစ် ဇွန် ၂၃ ရက်တွင် မဟာမုနိရုပ်ရှင်တော်မြတ်ကို မကိုဋ်တော်ဆင်ယင်လှူဒါန်းခဲ့သည်။ မဟာမုနိရုပ်ရှင်တော် မီးသင့်ခံခဲ့ရစဉ်ကသိမ်းဆည်းရရှိခဲ့သောရွှေများကို ခတ်လုပ်ထားသည့်အချိန် ခွက် ၆၀ ရှိသည့်ရွှေပုစွန်ခွံသင်္ကန်းတော်များကို သီပေါမင်းက ၁၈၈၅ ခုနှစ် ဇန်နဝါရီ ၁၆ရက်တွင် ရုပ်ရှင်တော်မြတ်ထံ ကပ်လှူစေခဲ့သည်။မဟာမုနိရုပ်ပွားတော်၏ ဉာဏ်တော်သည် ၁၂ ပေ ခုနှစ် လက်မဖြစ်ပြီး ပလ္လင်တော်သည် ခုနစ်ပေအမြင့်ရှိသည်။

**လက်ရှိ မဟာမုနိရုပ်ရှင်တော်**

ယခုလက်ရှိပြာသာဒ်တော်ကြီးကို သက္ကရာဇ် ၁၂၆၀ပြည့်နှစ်တွင် အုတ်၊ အင်္ဂတေများဖြင့် ဆောက်လုပ်ခဲ့သည်။ ပြာသာဒ်တော်အထက်တွင် တင်လှူထားသည့် မူလထီးတော်သည် သက္ကရာဇ် ၁၂၇၈ခုနှစ်တွင် လေပြင်းတိုက်ခတ်မှုကြောင့် မြေပြင်သို့ကျခဲ့သဖြင့် ရပ်စောက်စော်ဘွားကြီးက ထီးတော်အသစ်လှူဒါန်းခဲ့သည်။ မဟာမုနိရုပ်ရှင်တော်မြတ်တည်ထားသည့် ဘုရားကြီး၏အုပ်ချုပ်မှုကိစ္စအရပ်ရပ်ကို တောင်တော်သာသနာပိုင်ဆရာတော်ကြီးအမှူးပြုသော သုဓမ္မာဆရာတော်ကြီးများနှင့်ကင်းဝန်မင်းကြီးအမှူးပြုသော ပုဂ္ဂိုလ်များက တာဝန်ယူဆောင်ရွက်ခဲ့သည်။ ရုပ်ပွားတော်မျက်နှာသစ်ရေတော်ဝတ်ဆောင်ရွက်ရန် ရွှေရေးဆောင်ဆရာတော် ဘဒ္ဒန္တနန္ဒထံ သက္ကရာဇ် ၁၂၄၈ခုနှစ်တွင် ဂန္ဓကုဋိတိုက်သော့အပ်ခဲ့သည်။ သက္ကရာဇ် ၁၃၄၉ခုနှစ် တပေါင်းလဆန်း တစ်ရက်နေ့မှစ၍ တောင်ထီးလင်းတိုက်ပိဋကတ်တိုက်ကျောင်းမှ ဆရာတော်ဘဒ္ဒန္တပညာဝံသကရုပ်ပွားတော်မြတ် မျက်နှာသစ်ဝတ်ကို နေ့စဉ်နံနက်တိုင်းဆောင်ရွက်ခဲ့သည်။ ကိုဓေပဒေ(၉၂)အရ ဘဏ္ဍာတော်ထိန်းစည်းမျဉ်းဥပဒေ ပေါ်ထွက်လာခဲ့ပြီး မဟာမုနိရုပ်ရှင်တော်မြတ်ဘုရားကြီး၏ ပထမဆုံးဘဏ္ဍာတော်ထိန်းအဖွဲ့ကို ၁၈၉၁ခုနှစ်တွင် ဖွဲ့စည်းခဲ့သည်။ ၁၈၉၄ ခုနှစ် ဇွန် ၂၇ရက်တွင် အင်္ဂလိပ်နီယာမင်းကြီး မစ္စတာဟင်နဲ့ပေါ့၊ လက်ထောက်အင်ဂျင်နီယာ မစ္စတာဘူနှင့်ဝန်စာရေးကြီးဦးယောတို့က ဂန္ဓကုဋိတိုက်ကို ထပ်မံအုတ်မြစ်ချခဲ့သည်။

လက်ရှိဂန္ဓကုဋိတိုက်ကို ကင်းဝန်မင်းကြီးနှင့် အနောက်တိုင်းဗိသုကာများက ဂန္ဓကုဋိတိုက်ဟောင်းကိုင့်၍ ၁၈၉၆ခုနှစ်တွင် တည်ဆောက်ခဲ့ကြသည်။ မဟာမုနိရုပ်ရှင်တော်မြတ်သည် ဖူးမြော်ကြည်ညိုသူများ အလွန်များပြားလာသည့်အတွက် ၁၉၃၁ ခုနှစ် ဇန်နဝါရီ၂၉ရက်တွင် ရသေ့ကြီး ဦးခန္တိက မဟာမုနိနှင့် အာနန္ဒာသိမ်ကြား အုတ်စောင်းတန်းကြီးကို ဆောက်လုပ်လှူဒါန်းခဲ့သည်။ သာသနာနှစ် ၂၅၀၀ပြည့်အထိမ်းအမှတ်အဖြစ် စံကင်းဆရာတော်၊ ညောင်ရမ်းဆရာတော်၊ ခေမာသီဝံဆရာတော်နှင့် ဟံသာဝတီဆရာတော်တို့က ၁၉၅၆ခုနှစ်တွင် ရတနာဗိမာန်တော်ကြီးကို အုတ်မြစ်ချခဲ့ကြပြီး ၁၉၅၇ ခုနှစ် ဧပြီ ၁၄ရက်တွင် ဖွင့်လှစ်ခဲ့သည်။ မဟာမုနိရုပ်ပွားတော်၏သစ်သားတံကဲတော်ကိုလည်း ၁၉၃၂-၁၉၃၃ ခုနှစ်တွင် ပြုလုပ်လှူဒါန်းခဲ့သည်။ ၁၉၄၂ခုနှစ်မှ ၁၉၄၈ခုနှစ်ထိ ဦးဇောတိက အမှူးပြုသောရဟန်းတော် အပါး ၃၀ ကျော်က မဟာမုနိဘုရားကြီး အာရုံခံအုတ်တိုက် (ယခုပြတိုက် ၁)ကို တည်ရာပြုလျက် ဘုရားကြီး၏ပစ္စည်းများကို စောင့်ရှောက်မှုပြုခဲ့ကြသည်။ မဟာမုနိရုပ်ပွားတော်အား ရခိုင်မှပင့်ဆောင်ခဲ့သူ မဟာဥပရာဇာ၏ ကြေးရုပ်ကို ဘုရားကြီးဝင်းတွင် ပြသထားနိုင်ရန် ၁၉၄၈ခုနှစ်တွင် ကြေးသွန်းခဲ့သည်။မဟာမုနိဘုရားပရိဝုဏ်အတွင်း၌ ကြေးဖြင့်ပြုလုပ်ထားသည့် လူရုပ်နှစ်ရုပ်၊ ခြသေ့ရုပ်သုံးရုပ်နှင့် ဦးခေါင်းသုံးလုံးပါရှိသည့် ဧရာဝဏ်ဆင်ရုပ် တစ်ရုပ်တို့ကိုမြင်တွေ့နိုင်သည်။ ထိုအရုပ်များသည် မဟာမုနိရုပ်ပွားတော်နှင့်အတူ ရခိုင်မှပါလာသော ကြေးရုပ်များဖြစ်ကြသည်။

အဆိုပါကြေးရုပ်များသည် ဘုရင့်နောင်မင်းတရားကြီး ယိုးဒယားမှသိမ်းယူလာခဲ့သည့် အရုပ်များဖြစ်ကြသည်။ ဘုရင့်နောင်၏သားတော် နန္ဒဘုရင်လက်ထက်တွင် နန္ဒဘုရင်နှင့် တောင်ငူစားတို့စစ်ဖြစ်ခဲ့ရာ တောင်ငူစားက အနိုင်ရရှိခဲ့သည်။ တောင်ငူစားသည် မိမိဘက်မှ ကူညီတိုက်ခိုက်ပေးခဲ့သော ရခိုင်ဘုရင်ထံ ၎င်းကြေးရုပ်ကြီးများကို လက်ဆောင်ပေးခဲ့သဖြင့် ရခိုင်သို့ရောက်ရှိသွားခဲ့ကြောင်း မြန်မာ့စွယ်စုံကျမ်းတွင် ဖော်ပြထားသည်။ ဟံသာဝတီဘုရင် ဘုရင့်နောင်ကျော်ထင်နော်ရထာသည် ယိုးဒယားကိုအောင်နိုင်ခဲ့ပြီး သက္ကရာဇ် ၉၂၆ ခုနှစ် နယုန်လဆန်း ၉ရက်(ခရစ်နှစ် ၁၅၆၄ ခုနှစ် မေ ၁၈ ရက်) ဗုဒ္ဓဟူးနေ့တွင် ပဲခူးသို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း တွင်းသင်းမဟာရာဇဝင်သစ်၊ဒုတိယတွဲတွင် မှတ်တမ်းတင်ဖော်ပြထားသည်။ ဘုရင့်နောင်မင်းတရား ယိုးဒယားမှယူဆောင်ခဲ့သည့် ထိုအရုပ်များသည် ဟံသာဝတီပျက်ချိန်တွင် ရခိုင်သို့ရောက်ရှိသွားခဲ့ပြီး ကုန်းဘောင်ခေတ်တွင် နေပြည်တော် အမရပူရသို့ပြန်လည်ရောက်ရှိလာခဲ့ကာ ယနေ့တိုင် မြင်တွေ့နေရသည်။ ရခိုင်မှအမရပူရသို့ ပင့်ဆောင်လာခဲ့သည့် မဟာမုနိရုပ်ပွားတော်နှင့်အတူ ကြေးရုပ် ၃၀ ပါဝင်သည်ဟု ဆိုကြသည်။ ၎င်းအရုပ်များကို မဟာမုနိဘုရားဝင်းအရှေ့တောက်ဘက်ရှိ ယင်းတောင်မြို့စားမိဖုရား သီရိသုစန္ဒာဒေဝီ ဆောက်လုပ်လှူဒါန်းခဲ့သည့် သိမ်တော်ကြီးတွင် ထားရှိခဲ့သည်။ ရခိုင်မှရောက်ရှိလာခဲ့စဉ်က သိမ်နီကြီးခေါ် အာနန္ဒာဘုရားပြာသာဒ်အတွင်း ထားရှိခဲ့ပြီး မူလပြာသာဒ်ပြိုကျခဲ့သဖြင့် အရုပ်များထိခိုက်ကျိုးပဲ့ခဲ့သည်ဟု ဆိုကြသည်။

ထိုအရုပ်များသည် မူလက ကမ္ဘောဇပြည် အန်ကာမြို့တွင်ရှိခဲ့သည့် အရုပ်များဖြစ်ပြီး လူရုပ်နှစ်ရုပ်သည် ယိုးဒယားမင်းပြာသာဒ်ပတိနှင့် မိဖုရားတို့၏ အရုပ်များဟုပြောစမှတ်ပြုခဲ့ကြသည်။အချို့က လည်း ယိုးဒယားနတ်ရုပ်များဟု ဆိုကြသည်။ လက်ရှိမြင်နေကြရသည့် အရုပ်များသည် အမျိုးသားရုပ်များဖြစ်ကြပြီး ဘုရားဖူးလာရောက်ကြသူများက ထိုအရုပ်ကြီးများကို ပွတ်သပ်နှိပ်နယ်ပေးလျှင် ကျန်းမာရေးကောင်းသည်ဟု ယူဆကြသည်။ မဟာမုနိရုပ်ရှင်တော်မြတ်သည် ဘူမိဖဿမုဒြာ(လက်တော်မြေထိ)ဟန်ထုလုပ်ထားကာ တင်ပျဉ်ခွေထိုင်နေတော်မူဟန်ဖြစ်သည်။ ကြေးသွန်းရုပ်ပွားတော်ကြီးသည် အလေးချိန် ၆တန်ခွဲရှိပြီး ဉာဏ်တော် ၁၂ ပေ ခုနစ်လက်မ၊ ပခုံးတော် ခြောက်ပေ၊ခါးတော် ကိုးပေ ခြောက်လက်မရှိသည်။ ရုပ်ပွားတော်မြတ်ကို ကြည်ညိုကြသည့် ဗုဒ္ဓ ဘာသာဝင်များက ရုပ်ပွားတော်မြတ်အား ရွှေသက်န်းများကပ်လှူခဲ့ကြရာ ခြောက်လက်မနီးပါးထိ ထူလာခဲ့ကြောင်းသိရှိရသည်။

မဟာမုနိရုပ်ပွားတော်ကြီးသည် သမိုင်းတစ်လျှောက် ဗုဒ္ဓဘာသာကို ကိုးကွယ်ဆည်းကပ်ကြသော ပြည်သူအပေါင်း၏ ပူဇော်သက္ကာရပြုမှုများကြောင့် ယနေ့တိုင် အထင်အရှားတည်ရှိနေပြီး မဟာမုနိဟူသည့် ပါဠိစကားသည် မြန်မာဘာသာဖြင့် ကြီးမားသောဘုရားရှင်ဟု အဓိပ္ပာယ်ရသည်။ မဟာမုနိသည် သမိုင်းနှင့်ဆက်နွယ်နေသည့် ဘာသာရေးဆိုင်ရာ ရှေးဟောင်းရုပ်ပွားတော်ကြီးတစ်ဆူဖြစ်သည်နှင့်အညီ ကြည်ညိုသဒ္ဓါပွားကြသည့် မြန်မာလူမျိုးများ၏ အစဉ်အဆက်ထိန်းသိမ်းမှုများကြောင့် နောင်နှစ်ပေါင်းများစွာ အဓွန့်ရှည်တည်တံ့နေဦးမည်သာဖြစ်ပေသည်။

**ကိုးကား**


- **မြန်မာ့စွယ်စုံကျမ်း အတွဲ(၈)**
- **မန္တလေး မဟာမုနိရုပ်ရှင်တော်မြတ်ကြီးသမိုင်း(ဦးမောင်မောင်တင်)**
- **ကုန်းဘောင်ခေတ် မြန်မာရာဇဝင်သမိုင်း (ဦးတိက္ခဓမ္မာလင်္ကာရ၊ ဒေါက်တာသန်းထွန်း)**

# ရှင့်ပဂိုင်

ရေချိုးခန်းသုံးပစ္စည်းနှင့်

# တပာန်ဖန်

ခန်းဆီးလိုက်ကာ၊ အိမ်သုံးလျှပ်စစ်ပစ္စည်းအမျိုးမျိုး

ဆိုင်သစ်ကို ၂၆-၅-၂၀၁၈ရက်တွင်

၆၂လမ်း၊ မနော်ဟရီလမ်းနှင့် စိန်ပန်းလမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊

မန္တလေးမြို့ ၌ ဖွင့်လှစ်သွားမည်ဖြစ်ပါကြောင်းသတင်းကောင်းပါးလိုက်သည်။

Promotion ကာလ ၂၆-၅-၂၀၁၈ ရက်မှ ၁-၆-၂၀၁၈ ရက်ထိ

ဆိုင်သစ်ဖွင့်ပွဲအထူးအစီအစဉ် Promotion 10%

ရေချိုးခန်းသုံးပစ္စည်းအမျိုးမျိုး၊ ခန်းဆီးလိုက်ကာဒီဇိုင်းသစ်များ၊ အိမ်သုံးလျှပ်စစ်ပစ္စည်းမျိုးစုံ တို့အား မိတ်ဟောင်းမိတ်သစ်များ လာရောက်ကြည့်ရှု အားပေးနိုင်ပါကြောင်း ဖိတ်ခေါ် အပ်ပါသည်။

**ရှင့်ပဂိုင်** ရေချိုးခန်းသုံးပစ္စည်း

၀၉-၉၁၀၅၈၃၂၆၊ ၀၉-၄၀၂၅၅၆၀၅၈၊ ၀၉-၂၅၇၇၀၀၂၁၈၊ ၀၉-၇၈၉၃၉၃၇၆၈

**တပာန်ဖန်** ခန်းဆီးလိုက်ကာ

ဆိုင်(၁) - အမှတ်(၃၉)၊ ၇၈လမ်း၊ ၃၄ - ၃၅လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

၀၉-၉၁၀၄၄၇၉၇၊ ၀၉-၄၃၀၀၄၀၁၁၊ ၀၉-၄၃၁၈၉၅၇၇

ဆိုင်(၂) - ၆၂လမ်း၊ မနော်ဟရီလမ်းနှင့်စိန်ပန်းလမ်းကြား၊

ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။

၀၉-၇၈၃၅၈၈၈၈၀၊ ၀၉-၇၈၃၆၈၈၈၈၀

# ELC ကိုယ်ပိုင်အထက်တန်းကျောင်း၊ မန္တလေးမြို့

ဘော်ဒါနှင့်နေ့အထူး

Pre KG to $10^{th}$ Std

ကျောင်းကြိုပို့ ယာဉ် ရှိသည်

- * မိမိရင်သွေးများ၊ မူလတန်း၊ အလယ်တန်း အခြေခံခိုင်စေချင်ရင် ကျောင်းအပ်လိုက်ပါ။
- * အင်္ဂလိပ်စာ၊ သင်္ချာ ထူးချွန်ရေး Target ထားပါသည်။
- * အင်္ဂလိပ်စာကို American နှင့် British Native Speaker များနှင့် M.A(English) ဘွဲ့ရ Local Teacher များက သင်ကြားလေ့ကျင့်ပေးသည်။
- * သင်္ချာကို Ph.D ဘွဲ့ရနှင့် M.Sc(Maths) ဘွဲ့ရများက သင်ကြားသည်။

## ကျောင်းအပ်နှံနိုင်ပါပြီ

(1-6-2018) မူလတန်း+အလယ်တန်း ဖွင့်မည်။

အမှတ်(၂၄၁)၊ ၃၁လမ်း၊ ၈၃×၈၄လမ်းကြား၊ မန္တလေးမြို့။
Ph:02-4068091, 02-4073926, 02-4031121
www.facebook.com/ELC.mdy. elc.mdy2002@gmail.com

---

## ရင်ခုန်ဖွယ်ရာ(၃)နှစ်ပြည့်အထူး Promotion အစီအစဉ်

**လာဘ်ရွှင်အောင်** Ever Luck မှ ရွှေထည်များနှင့် လက်ရာဆန်းသစ်လှပသော Italy နိုင်ငံထုတ် Platinum (WG 18K) အစစ်အမှန်များကို (၃)နှစ်ပြည့်အထူးPromotionအနေဖြင့် ဝယ်ယူသည့် မည်သည့်ပစ္စည်းကိုမဆို 5% Discount များဖြင့် ရောင်းချပေးသွားမည်ဖြစ်သည့်အပြင် **ပစ္စည်းများပြန်လဲလျှင် (10%)နှင့် ပြန်ရောင်းလျှင် (15%)** ဖြင့် 19.5.2018 မှ 19.6.2018နေ့အထိ အထူးဈေးနှုန်းများဖြင့် ရောင်းချပေးသွားမည်ဖြစ်ပါကြောင်း သတင်းကောင်းပါးလိုက်ပါတယ်ရှင့်။

**လာဘ်လာဘရွှင်လန်းတိုးတက်မှုကိုဆောင် "လာဘ်ရွှင်အောင်"**

အမှတ်(၁၃၆)၊ ၇၄လမ်း၊ ၂၈×၂၉လမ်းကြား၊ မန္တလေးမြို့။
Ph :02- 74654,09-259282752

လပြည့်၊ လကွယ်နေ့တိုင်း ဆိုင်ပိတ်ပါသည်။

လာဘ်ရွှင်အောင် Ever Luck
Platinum, Gold & Jewellery

---

## "မိုးရာသီအကြိုအထူးဈေးရောင်းပွဲ"

SHISEIDO SHISEIDO PROFESSIONAL ZA AQUALABEL TSUBAKI

မိုးရာသီအကြို အထူးဈေးရောင်းပွဲကို ၂၂-၅-၂၀၁၈မှစ၍ ၂၉-၅-၂၀၁၈အထိ အထူးပရိုမိုးရှင်းများပေးပြီး ရောင်းချပေးမည်ဖြစ်ကြောင်း SHISEIDO ချစ်သူ မိတ်သစ်၊ မိတ်ဟောင်းများကို အထူးသတင်းကောင်းပေးအပ်ပါသည်။

**ဝယ်ယူရရှိနိုင်မည့်လိပ်စာ-၇၈လမ်း၊ ၃၆-၃၇လမ်းကြား၊ မန္တလေးမြို့။ ၀၂-၆၄၀၇၇**

---

## ဝန်ထမ်းအလိုရှိသည်

1. Sale & Drive (၈)ဦး
   - အသက်(၂၅-၃၅)နှစ်ကြား၊ Any Graduate၊ ယာဉ်မောင်းလိုင်စင်ပါရမည်။
2. Marketing Supervisor (၂)ဦး
   - Any Graduate၊ လုပ်ငန်းအတွေ့အကြုံရှိရမည်။
3. Excelကျွမ်းကျင်စာရေး (၂)ဦး
   - LCCI Level (II),(III)

**ID Co.,Ltd.**
အလှကုန်လက်လီ/လက်ကားဖြန့်ချိရေး
အမှတ်(၃၇၈)၊ ၇၆လမ်း၊ ၃၀-၃၁လမ်းကြား။
**09-258322288, 09-258322299**

---

## အေးငြိမ်းချမ်းသာ အောင်ဘာလေထီဆိုင်
## "ဘွဲ့ရ ဝန်ထမ်းအလိုရှိသည်"

➤ **အမျိုးသား(၅)ဦး၊ အမျိုးသမီး(၁၀)ဦး**

အဆောင်နေနိုင်သူ၊ နယ်သွားနိုင်သူ၊ အလုပ်ကိုစိတ်ပါဝင်စားသူ၊ ရေရှည်လုပ်ကိုင်နိုင်သူ၊ မှုရင်းများပြနိုင်သူ ဦးစားပေးမည်။

CV Form၊ နိုင်ငံသားစိစစ်ရေးကတ်မူရင်း/မိတ္တူ၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်း/မိတ္တူ၊ ဘွဲ့လက်မှတ်မူရင်း/ မိတ္တူ၊ ထောက်ခံစာနှင့်တကွ လူကိုယ်တိုင် လာရောက်လျှောက်ထားရန်။

- **အမှတ်(၂၀၀)၊ ၂၇လမ်း(အထက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။**
- **အမှတ်(၁၂၉)၊ ၈၄လမ်း၊ ၂၉-၃၀လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**

---

(၁၅)ကြိမ်မြောက် ဆန်၊ ပဲ၊ ပြောင်း၊ ဂျုံနှင့် သီးနှံအခြေခံတန်ဖိုးမြှင့် စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်း အမှတ်စဉ်(၁၅) ၅/၂၀၁၈ ဖွင့်လှစ်ပို့ချမည်

| | |
|---|---|
| ရည်ရွယ်ချက် | - ရာသီအလိုက်ပေါ်များစွာထွက်ရှိသော ဆန်၊ ပဲ၊ ပြောင်း၊ ဂျုံနှင့် သီးနှံများကို တန်ဖိုးမြှင့် စားသောက်ကုန်များအဖြစ် ကျန်းမာရေးနှင့်ညီညွတ်စွာထုတ်လုပ်တတ်စေရန်။ |
| သင်တန်းကာလ | - ၅-၆-၂၀၁၈ရက်မှ ၁၃-၆-၂၀၁၈ရက်နေ့အထိ |
| သင်တန်းချိန် | - နံနက် ၀၉း၀၀ နာရီမှ ၁၆း၃၀ နာရီထိ |
| ဖွင့်လှစ်မည့်နေရာ | - ၄၁လမ်း၊ ၈၆-၈၇လမ်းကြား၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနရုံး။ |
| ပို့ချမည့်ဘာသာရပ်များ | - ဆန်/ဂျုံဖြင့်ပြုလုပ်သော Chiffon Cake, Fruit Cake၊ ကိတ်လိတ်၊ ပဲပုတင်း၊ ပဲချောကြည်ဆနွင်းမကင်း၊ သစ်သီးအနှစ်ရည်မျိုးစုံ၊ သစ်သီးယိုမျိုးစုံ၊ Cookies၊ ကြက်ကြော်၊ Pan Cake၊ အချိုမှုန့်အစားထိုးဟင်းခတ်အရသာမှုန့်၊ ပြောင်းဖူးပေါက်ပေါက်၊ ဂျယ်လီနှင့် ဆော့စ်ထုတ်လုပ်နည်းများကို သင်ကြားပို့ချမည်ဖြစ်ပါသည်။ |
| သင်တန်းကြေး | - သင်တန်းကြေး(၁၀၀၀၀ိ/-)နှင့်သင်တန်းကုန်ကျစရိတ် အချိုးကျကျခံရမည်။ |
| အထောက်အကူပြုဘာသာရပ်များ | - သမဝါယမကောလိပ် ကျောင်းအုပ်ဆရာကြီး(ငြိမ်း)၏ ဈေးကွက်ဆိုင်ရာနည်းပညာများ၊ စားသုံးသူရေးရာဦးစီးဌာနမှ အစားအသောက်နှင့်ပတ်သက်သည့် သိရှိရမည့်အချက်အလက်များ၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ အစားအစာများ ဘေးအန္တရာယ်ကင်းရှင်းအောင် စနစ်တကျထုတ်လုပ်တတ်စေရန် နည်းလမ်းများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ ပို့ချချက်များ။ |
| သင်တန်းပို့ချမည့်ဆရာများ | - မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ကျွမ်းကျင်ပညာရှင်များ ကိုယ်တိုင်ပို့ချပါမည်။ |

သင်တန်းပြီးဆုံးသည်နှင့် စီးပွားဖြစ်ထုတ်လုပ်ရောင်းချနိုင်သည်အထိ သင်ကြားပေးမည်ဖြစ်ပြီး ဌာနမှ လိုအပ်သောအကြံဉာဏ်များနှင့် ကူညီပံ့ပိုးမှုများကို ဆောင်ရွက်ပေးပါမည်။

**ဆက်သွယ်စာရင်းပေးရန် -**

**မန္တလေးတိုင်းဒေသကြီးအသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊**
**၈၂လမ်းနှင့် ၂၅လမ်းထောင့်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၂-၄၀၃၉၆၀၉၊ ၀၉-၇၉၇၃၀၃၀၃၇**

*** * * သင်တန်းဆင်းလက်မှတ် ပေးအပ်ပါမည်။ သင်တန်းသားဦးရေ ကန့်သတ်ထားပါသည်။**

www.facebook.com/themyawadydaily




လူတော်လူကောင်းများ မွေးထုတ်ပေးနေတဲ့နေရာ၊ လူတော်လူကောင်းများ ရွေးချယ်တဲ့နေရာ

**KMC** ကိုယ်ပိုင်အထက်တန်းကျောင်း၊ မန္တလေးမြို့။
**PRIVATE HIGH SCHOOL , MANDALAY**

(ကကယ-၁၀/၀၃/၀၁၂)

၂၀၁၈-၂၀၁၉ ပညာသင်နှစ်အတွက်

# မူကြို မှ သတ္တမတန်း နေ့တက်/အဆောင် တန်းခွဲများအားလုံး ဇွန်လ (၄) ရက်နေ့ဖွင့်မည်။

- ✔ အပ်နှံထားသော မူကြိုမှ သတ္တမတန်း ကျောင်းသား/ကျောင်းသူများ ကျောင်းရုံးခန်းသို့ ဆက်သွယ်ပါ။
- ✔ မူကြိုတန်း၊ မူလတန်း၊ အလယ်တန်း၊ အထက်တန်းများအားလုံး စာရင်းလက်ခံပေးနေပြီ။

**KMC ကိုယ်ပိုင်အထက်တန်းကျောင်း၊ ၄၃လမ်း၊ ၆၅× ၆၆လမ်းကြား၊ မန္တလေးမြို့။ ဖုန်း၀၉-၇၉၈၅၉၈၈၀၅၊ ၀၉-၉၁၀၁၇၉၈၉၊ ၀၉-၉၁၀၀၄၄၁၄**



**ငုဝါ**

မိတ္တူ ကို မှ ရင်း ထက် ကောင်း အောင် ကူး ပေး မည်။

လမ်း ၃၀၊ ၇၀-၇၁ကြား၊ ဗထူးကွင်းတိုက်တန်း

**02-24408, 2844808, 60158, 09-2025645**

- ❑ မိတ္တူ (ဒစ်ဂျစ်တယ်)
- ❑ Riso စာလည့်
- ❑ ကွန်ပျူတာ စာစီ စာရိုက်
- ❑ စာအုပ်အလှချုပ် (ဝှင်းချုပ်)
- ❑ Colour Print (A3, A4)
- ❑ ပလတ်စတစ်ကတ်လောင်း
- ❑ Scanning
- ❑ Fax ပေးပို့/လက်ခံ


## ကုန်အမှတ်တံဆိပ် တစ်ဦးတည်းပိုင်ရှင်ဖြစ်ကြောင်း သတိပေးကြေညာချက်

THAI PETROLEUM & TRADING CO., LTD. သည် ထိုင်းနိုင်ငံ၏တည်ဆဲဥပဒေများနှင့် တရားဝင်ဖွဲ့စည်းတည်ထောင်ထားရှိပြီး "STATES" အမည်ကုန်အမှတ်တံဆိပ်ကိုလည်း ထိုင်းနိုင်ငံဥပဒေလုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးလုပ်ထုံး လုပ်နည်းများနှင့်အညီ (၅-၁၁-၂၀၁၉) နေ့စွဲပါ ကုန်အမှတ်တံဆိပ်၊ မှတ်ပုံတင်စာချုပ်အမှတ် (၈၅၈၀) အရလည်းကောင်း၊ တရားဝင်မှတ်ပုံတင်သွင်းခဲ့ပါသည်။ မှတ်ပုံတင်ကုန်အမှတ်တံဆိပ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

TP & T မှ
ထုတ်လုပ်ထားသော
အင်ဂျင်ဝိုင်




တုပထားသော
အင်ဂျင်ဝိုင်




အဆိုပါကုန်အမှတ်တံဆိပ်ဖြင့် ၎င်းတို့ထုတ်ကုန်များဖြစ်သော Lubricants, Greases စသည့် အင်ဂျင်ဝိုင်နှင့် အမဲဆီများကို မြန်မာနိုင်ငံတစ်ဝှမ်းအနှံ့အပြား တင်သွင်းဖြန့်ဖြူး၊ သိုလှောင်ဖြန့်ဖြူးရောင်းချနိုင်ရန် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေနှင့်အညီ ဖွဲ့စည်းတည်ထောင်ထားသည့် PROVEN INTERNATIONAL CO., LTD. သို့ တစ်ဦးတည်းဖြန့်ဖြူးသူ (Authorized Distributor) အဖြစ် (in full force) ခန့်အပ်ခဲ့ပြီးဖြစ်ပါသည်။ PROVEN INTERNATIONAL CO., LTD. မှ တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် ဖြန့်ဖြူးရောင်းချနေသော STATES Sport Pro 4T ကို မသမာသူတို့က ဆင်တူယိုးမှားထင်ယောင်ထင်မှားတုပ၊ ထုတ်လုပ်၊ ထည့်သွင်းဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း သတင်းရရှိ သိရှိနေရပါသည်။

သို့ဖြစ်ပါ၍ တရားဝင်ကုန်အမှတ်တံဆိပ်အား ထင်ယောင်ထင်မှား တုပထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းများ လုံးဝမပြုကြရန်နှင့် တွေ့ရှိပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ တိုင်ကြားတရားစွဲ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတိပေးကြေညာလိုက်ပါသည်။

PROVEN INTERNATIONAL CO., LTD. ၏ ညွှန်ကြားချက်အရ -

| | |
|---|---|
| ဦးကျော်ငြိမ်း (ဖောင်တော်သီ) (စဥ- ၂၃၀၂) | ဒေါ်ခင်မေသန်း (စဥ- ၃၂၂၈) |
| B.A (Law), LL.B, D.B.L, D.M.L | LL.B, D.B.L, D.M.L, D.I.L |
| Ph: 09-5108521 | Ph: 09-5015316 |

တရားလွှတ်တော်ရှေ့နေများ
အမှတ် ၁၆၂ ပထမထပ်၊ ၃၅-လမ်း (အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်၊ ထနောင်းကုန်းကျေးရွာ အ. ထ. က၊ ဒသမတန်းတွင်ပညာသင်ကြားမည့် မောင်မျိုးဆန်းသူ၏ ဖခင်အမည် မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးစိုးလွင် ဖြစ်ပါကြောင်း။

**ဦးစိုးလွင်(၉/မသန(နိုင်)၁၁၂၇၂၀)**

## အမည်ပြောင်း

ဦးအောင်ကျော်ကျော်ထွန်း-ဒေါ်ဟေမာစိုးတို့၏ သား၊ မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ အ. ထ. က (၁၆)၊ ပထမတန်းတွင် ပညာသင်ကြားမည့် မောင်ဖွဲ့သူအား မောင်ရွှေရောင်လင်းဟု အမည်ပြောင်းလဲခေါ်ပါရန်။

**မောင်ရွှေရောင်လင်း**

## သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## မြန်မာ့သစ်လုပ်ငန်း
## ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာန

**၃/ ၂၀၁၈ ကြိမ်မြောက် စက်မှုကုန်ကြမ်း သစ်လုံး/ခွဲသားအိတ်ဖွင့်တင်ဒါကြေညာခြင်း**

၁။ မြန်မာ့သစ်လုပ်ငန်း၊ ပြည်တွင်းရောင်းဝယ်ရေးနှင့်သစ်စက်ဌာနမှ စက်မှုကုန်ကြမ်း ကျွန်း၊ သစ်မာ၊ သစ်လုံး၊ သစ်ခွဲသားများ တန်(၇၄၆၇)ခန့်ကို မြန်မာ့သစ်လုပ်ငန်း၊ ကြို့ကုန်းသစ်တောဝင်း၊ တော်ဝင်ခန်းမ၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် အောက်ဖော်ပြပါအတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်-

(အထူး)အိတ်ဖွင့်တင်ဒါ - (၁၂/၁၃-၆-၂၀၁၈)ရက်နေ့ နံနက်(၀၈း၀၀)နာရီမှစတင်မည်
- ရန်ကုန်တိုင်းဒေသကြီး/ မန္တလေးတိုင်းဒေသကြီး/ မကွေးတိုင်းဒေသကြီး/ စစ်ကိုင်းတိုင်းဒေသကြီး/ ပဲခူးတိုင်းဒေသကြီး(အရှေ့/အနောက်)/ ဧရာဝတီတိုင်းဒေသကြီး/ ကချင်ပြည်နယ်/ ရှမ်းပြည်နယ်(တောင်ပိုင်း)

၂။ အိတ်ဖွင့်တင်ဒါနှင့်ပတ်သက်သည့် အချက်အလက်များအား အသေးစိတ်သိရှိလိုပါက **မြန်မာ့သစ်လုပ်ငန်း** web-site ဖြစ်သော www.myanmatimber.com.mm တွင် ဝင်ရောက်ကြည့်ရှု၍လည်းကောင်း၊ **ဖုန်းနံပါတ် ၀၁-၃၇၂၄၂၃၊ ၀၁-၃၇၂၀၂၃၊ ၀၁-၃၇၂၆၈၈၊ ၀၂-၇၀၃၇၁** များတွင်လည်းကောင်း စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါကျင်းပရေးကော်မတီ၊ ပြည်တွင်း ရောင်း/စက်**


စပါးနှံတာယာကုမ္ပဏီ၌ တာဝန်ထမ်းဆောင်နိုင်ရန် အတွက် အောက်ဖော်ပြပါဝန်ထမ်းများ (အမြန်)အလိုရှိပါသည်

၁။ Deputy Manager (Sales) **အမျိုးသား(၂)ဦး**

- ဘွဲ့ရ။
- လုပ်ငန်းနှင့်ပတ်သက်ပြီး အတွေ့အကြုံ(၃)နှစ်ရှိရမည်။
- အရောင်းပိုင်း၌ စီမံခန့်ခွဲနိုင်မှု၊ အရောင်းအဖွဲ့သားများအား အုပ်ချုပ်နိုင်မှု။
- လုပ်ငန်းပြီးစီးမှု အခြေအနေများကို Report တင်ပြနိုင်မှု။
- ကားမောင်းတတ်ရမည်
- ရိုးသား၊ ကြိုးစားပြီး၊ တီထွင်ဖန်တီးနိုင်စွမ်းအင်ရှိရမည်။

•လျှောက်ထားသူများသည် မိမိ ကိုယ်ပိုင်လျှောက်ထားလွှာ CV ဖြင့် (N0.A-4)၊ 62 ပန်းခြံလမ်း ၊ စက်မှု(၁)၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့ (ဖုန်း 09 - 440456761) လျှောက်ထားနိုင်သည်


www.facebook.com/themyawadydaily

www.facebook.com/themyawadydaily





**"(၂၃-၅-၂၀၁၈)ရက်စွဲပါ ရတနာပုံသတင်းစာတွင်**
**အိမ်ခြံမြေ အရောင်း/အဝယ်/အငှား အကျိုးဆောင်များနှင့်**
**အများသိစေရန်ကြေညာခြင်းနှင့်ပတ်သက်ပြီး**
**အဆောက်အဦးပိုင်ရှင် ဦးအေးကျန်အပေါ် ကျွန်တော်၊ ကျွန်မတို့က**
**ဝန်ချတောင်းပန်ခြင်း"**

အိမ်ခြံမြေ အရောင်း/အဝယ်/အငှား အကျိုးဆောင်များဖြစ်ကြသော ကိုကျော်နိုင်ထွန်း၊ မဆုမြတ်စံ (ခ) မသိမ့်သိမ့်နွေး၊ မခိုင်ခိုင် (ခ) မခိုင်ဇာကျော်တို့မှ ၎င်းတို့၏ လူမှုကွန်ရက်စာမျက်နှာ(Internet, Facebook, Website)များပေါ်တွင် မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ စိတ္တရမဟီရပ်ကွက်၊ အိမ်အမှတ်(၈၉)၊ ၂၆-၂၇လမ်းကြား၊ ၇၄-၇၅လမ်းကြားနေ ဦးအေးကျန် (ဘ) ဦးရှောပု နေထိုင်ပိုင်ဆိုင်သည့် အဆောက်အဦးအား အဆောက်အဦးဓာတ်ပုံနှင့်ပူးတွဲ၍ (၁)လလျှင် ကျပ်(၅၅)သိန်းဖြင့် ငှားရမ်းမည်ဖြစ်ကြောင်းကို မှားယွင်းစွာဖော်ပြမိပါသည်။ ထိုကဲ့သို့ဖော်ပြမိသည်မှာလည်း သဘောရိုးဖြင့် မှားယွင်းစွာ ဖော်ပြမိခြင်းသာ ဖြစ်ပါသည်။

အဆောက်အဦးပိုင်ရှင်ဖြစ်သည့် ဦးအေးကျန်အား ဂုဏ်သိက္ခာကျဆင်းစေရန်နှင့် ထိခိုက်နစ်နာစေရန် ရည်ရွယ်၍ ဖော်ပြခဲ့ခြင်းမဟုတ်ပါကြောင်း၊ ထိုကဲ့သို့ မှားယွင်းစွာ ဖော်ပြမိသည့်အတွက် အဆောက်အဦး ပိုင်ရှင်ဖြစ်သည့် ဦးအေးကျန်အား ကျွန်တော်၊ ကျွန်မတို့မှ အနူးအညွတ်တောင်းပန်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကိုကျော်နိုင်ထွန်း မဆုမြတ်စံ(ခ)မသိမ့်သိမ့်နွေး မခိုင်ခိုင်(ခ)မခိုင်ဇာကျော်**
**(၉/မဟမ(နိုင်)၀၅၈၇၀၀) (၁၃/ပတယ(ပြု)၀၀၀၀၉၃) (၁၃/ကခန(နိုင်)၀၈၃၅၄၆)**
**ဝန်ချတောင်းပန်သူများ/ အိမ်ခြံမြေအကျိုးဆောင်များ**

www.facebook.com/themyawadydaily

**အိမ်ခြံမြေအမြန်ရောင်းထွက်စေရန်**

**လှူကြီးမင်းတို့** နည်းလမ်းမျိုးစုံသုံးသော်လည်းခက်ခဲပြီး ရောင်းမထွက်ဖြစ်နေ တဲ့အိမ်၊ ခြံ၊ မြေပစ္စည်းမျိုးစုံကို "အမြန်ရောင်းထွက်စေရန်" ဆရာကိုယ်တိုင်နေရာဌာနအရောက်ကြည့်ရှုတွက်ချက်စစ်ဆေး၍ စီရင်ပေးခြင်း၊ ငွေ လွှန်းပစ္စည်းလွှန် အမြန်ဆုံးလက်ဝယ် ပြန်လည်ရရှိစေရန်နှင့် အမှုအခင်း၊ အိမ်ထောင်ရေးကိစ္စအမျိုးမျိုး ၊ အလုပ်အကိုင်ရာထူးတိုး၊အလုပ်အကိုင် အန္တရာယ်ကင်း၊အပြောင်းရွှေ့အမျိုးမျိုး တို့ကို အထူး တွက်ချက် စီရင်ပေး ခြင်း။

(အောင်မြင်မှ ဉာဏ်ပူဇော်မှုပြုရပါမည်။)

**ဆရာကြီး ဦးအောင်ဇေ**

အဆင့်မြင့် နက္ခတ္တဗေဒအတိုင်ပင်ခံ

**Ph;09-404 404 540, 09- 404 404 740 , 09-402 678 478** ရန်ကုန်မြို့၊ မန္တလေးမြို့။

**စပါးနံ့တာယာစက်ရုံ** တွင် အောက်ဖော်ပြပါဝန်ထမ်းများ အလိုရှိသည်

၁။Accountant အမျိုးသမီး(၃)ဦး
- တက္ကသိုလ် တစ်ခုခုမှ ဘွဲ့ရပြီးသူ
- LCCI 1,2,3 အောင်မြင်ပြီးသူဖြစ်ရမည်
- လုပ်ငန်းအတွေ့အကြုံ (၂)နှစ် ရှိရမည်
- Microsoft Word / Excel / PowerPoint ကျွမ်းကျင်ရမည်
- လစာညှိနှိုင်း

၂။ Sales Supervisor အမျိုးသား(၃)ဦး
- တက္ကသိုလ် တစ်ခုခုမှ ဘွဲ့ရပြီးသူ
- လုပ်ငန်းအတွေ့အကြုံ(၃)နှစ် နှင့်အထက်ရှိသူဖြစ်ရမည်
- ကားမောင်းတတ်ရမည်
  (လစာ-၃၀၀၀၀၀ နှင့်အထက်)

၃။ Sales Rep; အမျိုးသား(၅)ဦး
- (၁၀)တန်းအောင်မြင်ပြီးသူဖြစ်ရမည်
- အရောင်းလုပ်ငန်းအတွေ့အကြုံ (၁)နှစ်နှင့်အထက်ရှိသူဖြစ်ရမည်
  (လစာ-၂၀၀၀၀၀ နှင့်အထက်)

**အရည်အချင်းပေါ်မူတည်၍ လစာညှိနှိုင်းနိုင်သည်**

လျှောက်ထားသူများသည် မိမိ ကိုယ်ပိုင်လျှောက်ထားလွှာ CV ဖြင့် (N0.A-4)၊ 62 ပန်းခြံလမ်း၊ စက်မှု(၁)ပြည်ကြီးတံခွန်မြို့နယ်၊မန္တလေးမြို့ (ဖုန်း 09 - 440456761) လျှောက်ထားနိုင်သည်

www.facebook.com/themyawadydaily




## ဝန်ထမ်းအလိုရှိသည်

**၁။ စာရင်းကိုင်** **အမျိုးသား/အမျိုးသမီး(၃)ဦး**

- အသက်(၂၀)နှစ်မှ(၃၅)နှစ်အတွင်း ဖြစ်ရမည်။ တက္ကသိုလ်မှ ဘွဲ့တစ်ခုခုရရှိပြီးသူ ဖြစ်ရမည်။ စာရင်းပိုင်းကျွမ်းကျင်သူ ဖြစ်ရမည်။ လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၁)နှစ်ရှိရမည်။ Computer Basic တတ်ရမည်။ Excel သုံးတတ်သူ ဦးစားပေးမည်။ လက်ရေးလက်သား ကောင်းမွန်ရမည်။

**၂။ အရောင်းဝန်ထမ်း** **အမျိုးသား/အမျိုးသမီး(၃)ဦး**

- အသက်(၂၀)နှစ်မှ(၃၅)နှစ်တွင်း ဖြစ်ရမည်။ ပညာအရည်အချင်း အနည်းဆုံး (၁၀)တန်း အောင်မြင်ပြီး ကျောင်းဆက်မတက်သူ ဖြစ်ရမည်။ အရောင်းပိုင်း အတွေ့အကြုံ အနည်းဆုံး(၁)နှစ်ရှိရမည်။

**မှတ်ချက်။** ။ ဆိုင်ရှိစည်းကမ်းအားလုံး လိုက်နာနိုင်ရမည်။ မိမိလုပ်ဆောင်ရမည့် လုပ်ငန်းတာဝန်အားလုံးကို ပြီးစီးအောင် လုပ်ကိုင်နိုင်ရမည်။ တာဝန်ယူ စိတ်ရှိရမည်။

အမှတ်စဉ်အားလုံးအတွက် - ဆိုင်ကယ်စီး ကျွမ်းကျင်ရမည်။ ဆိုင်ကယ်မောင်း လိုင်စင်ရှိရမည်။ (ကားမောင်းလိုင်စင်ရှိသူ ဦးစားပေးမည်။)

အမှတ်စဉ်အားလုံးအတွက် -(လစာ + ရာခိုင်နှုန်းခံစားခွင့်)
(ကျပ် ၂၀၀၀၀၀ မှ ကျပ် ၃၅၀၀၀၀)အတွင်း

**Amy(အထည်ဆိုင်)**

**ဆိုင်အမှတ်(F-14, 15, 16, 21, 22, 23)**

**မန်းမြန်မာပလာဇာ(မြေအောက်ထပ်)၊ ၂၇လမ်း၊ ၈၄-၈၅လမ်းကြား၊ မန္တလေးမြို့။**

**Ph: 02-4000550, 09-790379115**

## မြတ်ဗောဓိ ဗုဒ္ဓဂယာအဆင့်မြင့်ဘုရားဖူးအဖွဲ့

ဝါဆိုသင်္ကန်းကပ်အထူးစရီးစဉ်

ရက်စရီး - ၉သိန်းကျပ် သံဝေဇနိယ(၄)ဌာန နှင့် အဝိဇဟိတ(၃)ဌာန (အိန္ဒိယ - နီပေါ) (July - 25)

၁၅ရက်စရီး - ၁၀သိန်းခွဲသောင်းကျပ် သံဝေဇနိယ(၄)ဌာန၊အဝိဇဟိတ(၄)ဌာန၊ဂင်္ဂါမြစ်၊ (July-25) အာဂရာ(တပ်ချပ်မဟာ)၊နယူးဒေလီ၊ဇနရာစု(အိန္ဒိယ - နီပေါ)

(၁၀) ဦး တစ်စု (၁) ဦးလက်ဆောင်ပေးသည်၊ နယ်မှ ခရီးသည်များ ကြို/ပို့ တည်းခိုရေး အခမဲ့ပေးသည်၊ ယာနာနို့ဆွမ်း၊ ရေချမ်း၊ ပန်း ၊ သစ်သီးဆွမ်း၊ India GSM Simcard နှင့် ကားပေါ်တွင် Internet Wifi Free Servcie ဘုရားဌာန (၄)ဌာနတွင် စုပေါင်းကြာသယ်နီး (၁၀) ထည် မွေ့ဖါနပေးသည်၊ ဒေလီနှင့် အာဂရာတွင် ဟိုတယ် (၂)ညအိပ်၍ နံနက်/ နေ့လည်/ ညစာဖြင့် ဧည့်ခံကျွေးမွေးမည်၊ ကားညမောင်း (လုံးဝ) မပါပါ။နိုင်ငံကူးလက်မှတ်ရှိသူများကို ၃၀၀၀၀ိ/- ကျပ်လျှော့ပေးပါသည်၊

ရန်ကုန်မြို့တွင်းအိမ်အရောက်ဝန်ဆောင်မှုပေးပါသည်၊ **ခရီးစဉ်အားလုံး ခရီးတိုင်း၊**

မြတ်ဗောဓိရုံးခန်းတွင် (DVD) အခွေနှင့် ဝန်ဆောင်မှုလက်ကမ်းကြော်ငြာများ အခမဲ့လာရောက်ယူနိုင်ပါသည်၊

ရန်ကုန်ရုံးချုပ်၊ အမှတ်(၁၃၃၊၁၃၅၊၁၃၇)အခန်း(၃/စ)လမ်း(၄၀)ကုန်သည်လမ်းနှင့်မဟာဗန္ဓုလလမ်းကြား၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊Ph : 09 49338595, 09 788304828, 09 263125261, 09 420134528

မန္တလေးရုံးခွဲ၊ အခန်း(ဘီ/ ၅)၊ ရုမ်ာနရပ်(စ)ဈေး၊ ဘုရင့်နောင်လမ်း၊ မြည်ကြီးကျွန်မြို့နယ်၊ မန္တလေးမြို့၊ Ph : 09 797512889

## ဝန်ထမ်းအလိုရှိသည်

| | |
|---|---|
| (၁) အရောင်းစာရေးဝန်ထမ်း | အမျိုးသမီး(၂)ဦး |
| (၂) Marketing | အမျိုးသား/အမျိုးသမီး(၇)ဦး |
| (၃) ယာဉ်မောင်း | အမျိုးသား(၁)ဦး |
| (၄) ကုန်တင်/ကုန်ချ(နေ့စား) ကျပ် ၇၀၀၀ + ရက်မှန်ကြေး | အမျိုးသား(၃)ဦး |
| (၅) အမှုန့်ထုတ် | အမျိုးသမီး(၇)ဦး |

အမှတ်စဉ်(၄-၅)ပညာအရည်အချင်းမလိုပါ။

လျှောက်ထားလိုသူများသည် ပညာအရည်အချင်း၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ ရပ်ကွက်ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ၊ အိမ်ထောင်စုလူဦးရေစာရင်းမိတ္တူ၊ CV တကွ လျှောက်ထားနိုင်ပါသည်။

**ဆက်သွယ်ရန်-**

**K.S.N Trading**

**လမ်း ၉၀၊ ၃၂-၃၃လမ်းကြား၊ ဒဂုန်ညွန့်ဆန်စက်ဝင်း။**

**ဖုန်း ၀၉-၇၈၀၁၉၄၀၉၃၁**

www.facebook.com/themyawadydaily



ရှေ့ဆုံးသာ အဆင့်မြင့်သော

# ယူနိုက်တက်ဗိုးရှင်း

မျက်စိအထူးကုဆေးရုံကြီးနှင့် မျက်မှန်၊ မျက်ကပ်မှန်အရောင်းခန်းမ

INTERNATIONAL BRANDED အစစ်များကိုသာ အာမခံဖြင့် ရောင်းချပေးနေပါသည်။

Ray-Ban
OAKLEY
VOGUE eyewear
BURBERRY
BVLGARI
PRADA EYEWEAR

အတွင်းတိမ်ခွဲစိတ်ရန် (ECCE) ဒေါ် လက်ဖြင့်ခွဲစိတ်ခြင်းအပြင်၊ မျက်စိကိုခွဲစရာမလိုချုပ်စရာမလိုပဲ Phaco-Emulsifier (Ultra Sound System) ဖြင့်လည်းကုသပေးနေပါသည်။

ငွေကြေးအခက်အခဲရှိသူများကို အပတ်စဉ် တနင်္လာနေ့ မွန်းလွဲ (၁:၀၀) နာရီ မှ ည (၇:၃၀)နာရီအထိ ကြိုတင်စာရင်းပေးသွင်းသူများကို အခမဲ့ စမ်းသပ်ခွဲစိတ်ပေးနေပါသည်။

ဖုန်း - ၀၉ ၄၅၀၆၂၈၄၄၅

အထူးချွန်ဆုံး မျက်စိအထူးကု ဆရာဝန်ကြီးများကိုယ်တိုင် စမ်းသပ်ခွဲစိတ်ကုသပေးနေပါသည်။ ခေတ်မီစက်ပစ္စည်းများကို အသုံးပြုပြီးမျက်မှန်များကို နေ့ချင်းပြီးဆောင်ရွက်ပေးနေပါပြီ။

ရန်ကုန်ဆိုင်ခွဲ

- အမှတ်(၂၆၃)ရွှေဘုံသာအလယ်လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း-၀၁-၃၈၃၈၃၈၊ ၂၅၂၇၁၈၊ ၃၈၅၉၃၇
- အမှတ်(၂၆၂)ရွှေဘုံသာအလယ်လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း-၀၁-၂၄၀၇၈၅
- အမှတ်(၆၆/၆၈)စံရိပ်မြိမ်(၆)လမ်းထိပ်၊ ရန်ကုန်အင်းစိန်လမ်းမ၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၅၃၂၃၁၇၊ ၂၀၄၂၈၄
- အမှတ်(၃၈/သ)လေးထောင့်ကန်လမ်းမကြီး၊ သင်္ဃန်းကျွန်းရေစရေ၊ ဇဝန။ ဖုန်း-၀၁-၈၅၆၅၉၂၂
- အမှတ်(၂၅၇/၂၅၈)ကမ္ဘာ့မွှင့်ရှောပင်းစင်တာဒုတိယထပ်၊ ရန်ကုန်-အင်းစိန်လမ်း၊ ကမာရွတ်မြို့နယ်။ ဖုန်း-၀၉၇၇၃၄၅၃၃၉၉

မန္တလေးဆိုင်ခွဲ

- ၇၈လမ်း(၂၇လမ်းနှင့်၂၈လမ်းကြား)၊ အမှတ်(A-3)၊ ဘုတာကြီးမြောက်ဘက်၊ မန္တလေးမြို့။ ဖုန်း-၀၂-၆၈၇၈၆၊ ၃၄၄၄၂
- Diamond Plaza ၊ စက်လှေကားအနီး(မြေညီထပ်)၇၈လမ်း၊ ၃၃လမ်းနှင့်၃၄လမ်းကြား။ ဖုန်း-၀၉၉၁၀၂၇၀၃၄
- ၈၄လမ်း(၂၉လမ်းနှင့်၃၀လမ်းကြား)၊ အမှတ်(53/54B)၊ မန္တလေးမြို့။ ဖုန်း-၀၂-၃၁၇၈၀



ဆင်ဖြူရှင် မကြာမီ ဖွင့်လှစ်တော့မည့် မန္တလေးမြို့၏ ပထမဦးဆုံး One Stop Printing Service တွင် တာဝန်ထမ်းဆောင်ရန် လောက်ပါရာထူးများ လျှောက်ထားနိုင်ပါသည်။

## ဝန်ထမ်းအမြန်အလိုရှိသည်။

| | | |
|---|---|---|
| Graphic Designer | အမျိုးသား/အမျိုးသမီး | (၃)ဦး |
| Marketing Supervisor | အမျိုးသား/အမျိုးသမီး | (၂)ဦး |
| Marketing Staffs | အမျိုးသား/အမျိုးသမီး | (၄)ဦး |
| Accountant | အမျိုးသား/အမျိုးသမီး | (၃)ဦး |
| ဝိုင်နိုင်း ၊ လေဆာ၊ CNC Operator | အမျိုးသား | (၃)ဦး |
| ကွန်ပျူတာ၊ အလူမီနီယံ ကျွမ်းကျင် | အမျိုးသား | (၃)ဦး |
| ဆိုင်းဘုတ်စာလုံးခွေ (ဗိုင်ဘာလိုင်နာစတီး) | အမျိုးသား/အမျိုးသမီး | (၅)ဦး |
| အလုပ်သင် | အမျိုးသား/အမျိုးသမီး | (၇)ဦး |

ဆက်သွယ်ရန်လိပ်စာ
အမှတ်(ယ- ၆/၃)၊ ၆၃လမ်း၊ မြသီတာလမ်းနှင့် ဆင်မြူလွှင်လမ်းကြား၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။
ဖုန်း - ၀၉-၄၄၄၀၀၀၀၀၅၊ ၄၄၄၀၀၀၀၀၆၊ ၀၉-၄၄၄၀၀၀၀၀၇
နယ်မှလျှောက်ထားလိုပါက sinphyushin.mdy@gmail.com သို့လည်းလျှောက်ထားနိုင်ပါသည်။


## အကြောင်းကြားပေးပါရန်

Sun Man Co.,Ltd ၏ ID-157220 အမှတ်ဖြင့် တင်သွင်းထားသော သွင်းကုန်ကြော်ငြာလွှာပျောက်သွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဆက်သွယ်ရန် - Ph:02-65571**

**မအိမြတ်သွင်(၉/အမရ(နိုင်)၁၂၂၉၃၉)**

## ဖခင်အမည်မှန်

စစ်ကိုင်းမြို့၊ ရွှေမင်းဝံလေ့ကျင့်ရေးအထက်တန်းကျောင်း၊ ဒသမတန်းတွင် ပညာသင်ကြားမည့် မဇင်ဇင်ဖြိုး၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးသန့်ဇင်ဦး ဖြစ်ပါကြောင်း။

**ဦးသန့်ဇင်ဦး(၅/စကန(နိုင်)၂၀၃၉၆၃)**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မလှိုင်မြို့နယ်၊ ထန်းတောအုပ်စု၊ မုံပင်လေးကျေးရွာနေ ဦးသိန်းထွန်း-ဒေါ်ငွေငွေဦး တို့၏သား မောင်ရန်ကျော်(၉/မလန(နိုင်)၁၇၄၁၃၆)သည် မိဘများ၏ဆိုဆုံးမမှုကို မနာခံဘဲ မိမိဆန္ဒရှိသည့်အတိုင်း ပြုမူဆောင်ရွက်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝ အားလုံးတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

**ဦးသိန်းထွန်း(၉/မလန(နိုင်)၀၀၈၉၆၃)-**
**ဒေါ်ငွေငွေဦး(၉/မလန(နိုင်)၀၀၉၂၅၅)**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (အ-၂၂)၊ ငွေတော်ကြီးကုန်းရပ်နေ ဦးမောင်မောင်သန်း(၉/မရမ(နိုင်) ၀၇၀၁၉၈)၏သမီး မခင်ငုဝါသည် မိဘဆွေမျိုးတို့၏ ဆိုဆုံးမမှုကို မနာခံပါသဖြင့် အမွေစားအမွေခံသမီးအဖြစ်မှ ၂၄-၅-၂၀၁၈ ရက်နေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။

**(ဖခင်)ဦးမောင်မောင်သန်း**
**(၉/မရမ(နိုင်)၀၇၀၁၉၈)**

## Peace Myanmar Electric Holding Co.,Ltd.
## (Mitsubishi Electric)
## Vacancy Announcement

မန္တလေးရုံးတွင်အောက်ပါဝန်ထမ်းလစ်လပ်နေရာများအတွက် ရိုးသား၍တက်ကြွသော ဝန်ထမ်းသစ်များကို ကြိုဆိုလျက်ရှိပါသည်။

*** Auditor(Senior Staff) Female (1)Post**

အသက်(၂၅)နှစ်အထက်ဖြစ်ရမည်။ B.Com (သို့) Any Graduate(with Dip in LCCI-III) ရရှိပြီးသူဖြစ်ရမည်။ Microsoft Word, Excelကျွမ်းကျင်ပြီး Accounting Software များ သုံးစွဲနိုင်သည့် အတွေ့အကြုံရှိသူဖြစ်ရမည်။ သက်ဆိုင်ရာလုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၂)နှစ်ရှိပြီး၊ စာရင်းဇယားများ ကျွမ်းကျင်စွာ စိစစ်နိုင်ရမည်။ Communication Skills & Personal Skills ကောင်းမွန်ရမည်။

လျှောက်ထားလိုသူများသည် သက်ဆိုင်ရာထောက်ခံစာမူရင်း/မိတ္တူများနှင့်အတူ **အကွက် (၉၀၀)၊ ၇၈လမ်း၊ ၄၂လမ်းနှင့်သိဒ္ဓိလမ်းကြား၊ ခင်စောမူကွေ့အနီး၊ ဝန်ထမ်းရေးရာဌာနသို့ Email:hr .mho@pmeholding.com** (သို့) လူကိုယ်တိုင်လာရောက် လျှောက်ထားနိုင်ပါသည်။

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ ရေကန် ဒါယကာကြီး
## ဦးစိန်လှအောင်(စမ်းစတားရွှေလုပ်ငန်း) အသက်(၇၆)နှစ်

မတ္တရာမြို့နေ (ဦးဘသောင်း-ဒေါ်တင်ညွန့်)(အောင်မြင်မာညွန့်ဆီစက်)တို့၏သားကြီး၊ မန္တလေးမြို့၊ ၂၇လမ်း၊ အိမ်တော်ရာသက်န်းတန်းနေ (ဦးစိုးဝင်း-ဒေါ်ခင်မေ)(အောင်တံခွန် သက်န်းတိုက်)တို့၏သားသမက်၊ (ဦးမောင်မောင်သန်း)-ဒေါ်ခင်ခင်ထွေး(အုန်းပင်စတိုး)တို့၏အစ်ကို၊ မန္တလေးမြို့၊ ၂၃လမ်း၊ ၆၃-၆၄လမ်းကြား၊ ခြံအမှတ်(၁၀၆)က/၁၀နေ ဒေါ်မာမာအောင်၊ ဒေါ်သီသီနိုင်၊ ဦးကျော်ကျော်လွင်တို့၏ဖခင်၊ မောင်နိုင်ဝေယံ၏အဘိုး၊ ဒေါ်ခင်ဝင်း၏ခင်ပွန်း

**ဦးစိန်လှအောင်(စမ်းစတားရွှေလုပ်ငန်း) အသက်(၇၆)နှစ်**

သည် ၁၃၈၀ခု၊ နယုန်လဆန်း(၁၀)ရက်၊ ၂၄-၅-၂၀၁၈ရက် (ကြာသပတေးနေ့)၊ နံနက်(၄း၀၀)နာရီတွင် ဘဝတစ်ပါးသို့ကူးပြောင်းကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ၁၃၈၀ခု၊ နယုန်လဆန်း(၁၁)ရက်၊ ၂၅-၅-၂၀၁၈ရက် (သောကြာနေ့)၊ နံနက်(၁၁း၀၀)နာရီတွင် အထက်ပါနေအိမ်မှ အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီး၊ ရပ်ဝေးရှိ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

# ရခိုင်ပြည်နယ်အတွင်း ARSA အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက်အုပ်စုက အကြမ်းဖက်တိုက်ခိုက်မှုများ၊ လူမဆန်စွာ ရက်ရက်စက်စက် အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုများ ကျူးလွန်ခဲ့ကြောင်း Amnesty International အဖွဲ့၏ ဖော်ထုတ်ချက်များကို ကြိုဆို

**နေပြည်တော် မေ ၂၄**

၂၀၁၈ခုနှစ်၊ မေ ၂၃ရက်တွင် Amnesty Internationalအဖွဲ့က ထုတ်ပြန်သည့် အစီရင်ခံစာ "Attacks by the Arakan Rohingya Salvation Army (ARSA) on Hindus in Northern Rakhine State"တွင် ARSA အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက်အုပ်စုက ၂၀၁၇ခုနှစ်၊ ဩဂုတ် ၂၅ရက်တွင် ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ လုံခြုံရေးကင်းစခန်း ၃၀ခန့်အား အချိန်ယူကြိုတင်ပြင်ဆင်စီမံ၍ တစ်ပြိုင်နက်အကြမ်းဖက်စီးနင်းတိုက်ခိုက်ခဲ့ကြောင်း၊ ယင်းအကြမ်းဖက်တိုက်ခိုက်မှုများမှာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း ကိုဖီအာနန် ဦးဆောင်သည့် ရခိုင်ပြည်နယ်ဆိုင်ရာအကြံပေးအဖွဲ့၏ ရခိုင်ဒေသဆိုင်ရာ အဆုံးသတ်အစီရင်ခံစာထုတ်ပြန်ခဲ့ပြီးနာရီပိုင်းအကြာတွင်ပင် ဖြစ်ပေါ်ခဲ့ကြောင်း၊ ARSA အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက်အဖွဲ့နှင့်အတူ ၎င်းတို့စည်းရုံးထားသောဘင်္ဂါလီကျေးရွာသားအများအပြားလည်း အကြမ်းဖက်တိုက်ခိုက်မှုများတွင် ပါဝင်ကြောင်း၊ မြန်မာ့လုံခြုံရေးတပ်ဖွဲ့ဝင်များကလည်း ယင်းအကြမ်းဖက်တိုက်ခိုက်မှုများကို တုံ့ပြန်ခဲ့ရာမှ ဥပဒေမဲ့လူသတ်မှုမုဒိမ်းမှုလိင်မှုဆိုင်ရာအကြမ်းဖက်မှုခြိမ်းခြောက်မှုအပါအဝင် လူ့အခွင့်အရေးချိုးဖောက်မှုများဖြစ်ပေါ်ခဲ့သည်ဟု သိရှိရကြောင်း၊ ယင်းဖြစ်ရပ်များကြောင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဘင်္ဂါလီ ၆၉၃၀၀၀ခန့်ထွက်ပြေးလျက်ရှိကြောင်း ARSA အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက်အဖွဲ့သည် ၂၀၁၆ခုနှစ်၊ အောက်တိုဘာလကလည်း အလားတူ နယ်စပ်ရဲကင်းစခန်းများအား အကြမ်းဖက်တိုက်ခိုက်မှုများ ကျူးလွန်ခဲ့သဖြင့် မြန်မာစစ်ဘက်ကလည်း ပြင်းပြင်းထန်ထန်လက်တုံ့ပြန်ခဲ့ရာ၌ လူ့အခွင့်အရေးချိုးဖောက်မှုဖြစ်စဉ်များဖြစ်ခဲ့ကြောင်း၊ ARSA အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက်အဖွဲ့သည် ၂၀၁၂ခုနှစ်တွင်စတင်ဖွဲ့စည်း၍ လူထောင်ပေါင်းများစွာ အင်အားစုစည်းကာ လက်နက်ငယ်များ၊ လက်လုပ်ဗုံးများကိုင်ဆောင်ခဲ့ကြောင်း၊ ၂၀၁၇ ခုနှစ်၊ ဩဂုတ်တွင် ၂၀၁၆ခုနှစ်ကထက်ပို၍များပြားသော ဘင်္ဂါလီကျေးရွာများမှ လူအင်အားထောင်ပေါင်းများစွာကို စုစည်း၍ ဓားလှံ၊ လက်နက်မျိုးစုံအသုံးပြုကာ တိုက်ခိုက်စေခဲ့ကြောင်း၊ ARSA အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက်အဖွဲ့နှင့်အတူ ဘင်္ဂါလီကျေးရွာသားများ ပါဝင်တိုက်ခိုက်ခဲ့ကြောင်းကို

စာမျက်နှာ ၂၀ ကော်လံ ၁ ☆

# MMA ကမ္ဘာ့မစ်ဒယ်ဝိတ်တန်းချန်ပီယံခါးပတ်ကာကွယ်ပွဲ ထိုးသတ်မည့် အောင်လအန်ဆန်၏ပြိုင်ဘက် အပြောင်းအလဲဖြစ်ပေါ်

**ရန်ကုန် မေ ၂၄**

အောင်လအန်ဆန်၏ MMA ကမ္ဘာ့မစ်ဒယ်ဝိတ်တန်းချန်ပီယံခါးပတ် ကာကွယ်ပွဲတွင် ပြိုင်ဘက်အပြောင်းအလဲဖြစ်ပေါ်ခဲ့ပြီး ဂျပန်နိုင်ငံသား ကမ်ဟာဆီဂါဝါနှင့် ယှဉ်ပြိုင်ထိုးသတ်ရမည်ဖြစ်ကြောင်း One Championship အဖွဲ့အစည်းက ယနေ့တွင် ထုတ်ပြန်ကြေညာခဲ့ကြောင်း သိရသည်။

အောင်လအန်ဆန်နှင့် ကမ်ဟာဆီဂါဝါတို့ ထိုးသတ်မည့် MMA ကမ္ဘာ့မစ်ဒယ်ဝိတ်တန်းချန်ပီယံခါးပတ်လုပွဲပါဝင်မည့် ONE: SPIRIT OF A WARRIOR ပြိုင်ပွဲကို လာမည့် ဇွန် ၂၉ရက် ည ၆နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏမိုးလုံလေလုံအားကစားရုံ၌ ကျင်းပမည်ဖြစ်သည်။

ဂျပန်နိုင်ငံသား MMAကစားသမား ကမ်ဟာဆီဂါဝါသည် နောက်ဆုံးကစားခဲ့သည့် MMAပွဲစဉ်ငါးပွဲတွင် လေးပွဲနိုင်၊တစ်ပွဲရှုံးနိမ့်ထားသည့် ကစားသမားတစ်ဦးဖြစ်ပြီး အနိုင်ရရှိခဲ့သည့် လေးပွဲတွင် သုံးပွဲမှာ ပထမအချီတွင် အနိုင်ရရှိခဲ့သူဖြစ်သည်။

အောင်လအန်ဆန်က ကမ်ဟာဆီဂါဝါနှင့် MMA ကမ္ဘာ့မစ်ဒယ်ဝိတ်တန်းချန်ပီယံခါးပတ်လုပွဲစဉ်နှင့်ပတ်သက်ပြီး "ကျွန်တော့်အိမ် (မြန်မာနိုင်ငံ)ကို ပြန်ပြီး ကျွန်တော်ရဲ့ ကျွမ်းကျင်မှုနဲ့ အရည်အသွေးတွေကို ဝေမျှရတာဟာ အမြဲတမ်းပဲ ဝမ်းမြောက်ဖွယ်ရာအခွင့်အရေးတစ်ရပ်ဖြစ်ပါတယ်။ ချန်ပီယံတစ်ယောက်အနေနဲ့ လာရောက်ယှဉ်ပြိုင်သူမှန်သမျှကို အလဲထိုးအနိုင်ယူသွားမှာပါ။ကမ္ဘာ့အကြီးကျယ်ဆုံးသိုင်းပေါင်းစုံကိုယ်ခံပညာယှဉ်ပြိုင်ပွဲကြီးတစ်ခုမှာ မြန်မာနိုင်ငံအတွက် ကိုယ်စားပြုယှဉ်ပြိုင်ရတာ ဂုဏ်ယူမိပါတယ်။ ဒီကမ္ဘာ့ချန်ပီယံခါးပတ်ဟာ ကျွန်တော့်အတွက်ရော၊ ကျွန်တော့်ရဲ့ အသက်မွေးဝမ်းကျောင်းအစမှာကတည်းက ရပ်တည်ပေးခဲ့တဲ့

စာမျက်နှာ ၁၆ ကော်လံ ၅ ❖






အောင်လအန်ဆန်နှင့် ၎င်း၏ပြိုင်ဘက် ဂျပန်နိုင်ငံသား ကမ်ဟာဆီဂါဝါတို့ကို တွေ့ရစဉ်။

# အိမ်ထောင်သက် ၁၅နှစ်၊ သင်ခန်းစာ ၁၅ခု

**TMK ဘာသာပြန်သည်**

ဒီနေ့ ကျွန်တော်တို့ဇနီးမောင်နှံရဲ့ ၁၅နှစ်မြောက် မင်္ဂလာနှစ်ပတ်လည်နေ့ဖြစ်ပါတယ်။ တစ်ယောက်ကိုတစ်ယောက် နားလည်မှုအပြည့်နဲ့ နွေးထွေးနူးညံ့စွာဆင်နွှဲနိုင်ခဲ့တဲ့အိမ်ထောင်သက်တမ်း ၁၅နှစ်ပြည့် နေ့ထူးနေ့မြတ်လေးဆိုရင်လဲ မမှားဘူးပေါ့။

လွန်ခဲ့တဲ့ ၁၅နှစ်က ကျွန်တော်တို့နှစ်ဦးလုံးဟာ ဆယ်ကျော်သက်တွေပါ။ ကလေးတွေပီပီ မျက်ကန်းတစ္ဆေမကြောက် ဆင်ကန်းတောတိုးခဲ့တာပေါ့။ အလုပ်



အကိုင်လဲမရှိသေး၊နေစရာလဲမရှိသေး၊လက်ထဲရှိတဲ့ပိုက်ဆံဆိုတာကလဲ နှစ်ယောက်ပေါင်း တစ်ပတ်စာလောက်ပေါ့။ဒါပေမဲ့ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်နေရရင်ကို ပျော်နေခဲ့တဲ့ ကျွန်တော်တို့နှစ်ယောက်ဟာ အိမ်ထောင်ရေးဆိုတဲ့ အဆင့်ကို ပျော်ပျော်ကြီးတက်လှမ်းခဲ့ကြပါတယ်။

အိမ်ထောင်သက်တစ်လျှောက်မှာ မီးလိုပူတဲ့ဒေါသတွေ ထွက်ခဲ့ပါတယ်။ တစ်ယောက်နဲ့တစ်ယောက် စိတ်ဆိုးစိတ်ကောက်ခဲ့ပါတယ်။ အပြန်အလှန်အပြစ်တင်ခဲ့ကြပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့နှစ်ယောက်လုံးဟာ တစ်ယောက်ကိုတစ်ယောက် ထားရစ်ထွက်ခွာဖို့ မတွေးခဲ့ကြပါဘူး။အိမ်ထောင်သက်ကြာလာတာနဲ့အမျှ ကျွန်တော်တို့ တစ်ယောက်ကိုတစ်ယောက် အများကြီးပိုနားလည်လာခဲ့ပါတယ်။ အိမ်ထောင်သက် ၁၅နှစ်၊ သင်ခန်းစာ ၁၅ခုဆိုရင်လဲမမှားဘူးပေါ့။ပြောပြပါဆိုတော့လဲ ပြောပြရတာပေါ့။

**ထမင်းဟင်းဆိုတာ နှစ်ယောက်အတူစားဖို့ ချက်တာ။** ဒါကြောင့် အိမ်မှာပဲ မြတ်မြတ်နိုးနိုးစားပေးပါ။ စားတဲ့အခါမှာလဲ ဟင်းချက်တဲ့လက်ရာကို အပြစ်ရှာ၊ အပြစ်ပြောတာမျိုးမလုပ်ဘဲ အဆင်ပြေအောင် စားပေးပါ။

**နေ့တစ်နေ့ကို မြည်တွန်တောက်တီးပြစ်တင်ပြောဆိုပြီး ဘယ်တော့မှမစပါနဲ့။** တစ်ယောက်နဲ့တစ်ယောက် မြင်ဖို့မပြောနဲ့၊ အသံကြားရရင်ကို ကျက်သရေမရှိဘူးဆို သလိုမျိုးခံစားရရင် မကောင်းပါဘူး။

စာမျက်နှာ ၁၇ ကော်လံ ၂ ◯

## ထူးခြားသည့်နေ့အပူချိန်များ

၂၅-၅-၂၀၁၈

| | |
|---|---|
| ချောက် | ၄၂ ဒီဂရီစင်တီဂရိတ် |
| ဘောလခဲ | ၄၁ ဒီဂရီစင်တီဂရိတ် |

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

| | | | | |
|---|---|---|---|---|
| မင်းကင်း | ၁ | ဒသမ | ၅၇ | လက်မ |
| စစ်တွေ | ၁ | ဒသမ | ၃၀ | လက်မ |
| မိုးညှင်း | ၁ | ဒသမ | ၂၂ | လက်မ |
| ဟုမ္မလင်း | ၁ | ဒသမ | ၁၈ | လက်မ |
| မိုးမိတ် | ၁ | ဒသမ | ၀၂ | လက်မ |
| နမ့်စန် | သုည | ဒသမ | ၉၅ | လက်မ |
| မဒေါက် | သုည | ဒသမ | ၈၃ | လက်မ |
| ချောင်းဆုံ | သုည | ဒသမ | ၇၉ | လက်မ |
| ပူတာအို | သုည | ဒသမ | ၇၅ | လက်မ |
| ကလေးဝ | သုည | ဒသမ | ၇၅ | လက်မ |
| ပင်လည်ဘူး | သုည | ဒသမ | ၇၅ | လက်မ |